# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်　၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်၊ သောကြာနေ့၊　အတွဲ [၅၅]၊ အမှတ် [၀၈၆]


**အတတ်ပညာနှင့်တူသောဥစ္စာမရှိ**

- ✻ အတတ်ပညာနှင့်တူသောဥစ္စာသည်မရှိ၊
- ✻ အတတ်ပညာကို ခိုးသူတို့မခိုးနိုင်၊
- ✻ အတတ်ပညာသည် ယခုဘဝ၌ အဆွေခင်ပွန်း ဖြစ်၏၊
- ✻ တမလွန်လောက၌ ချမ်းသာကို ဆောင်စေ တတ်၏။

# နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အား ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့က ခရစ်တော်မွေးနေ့အကြို လာရောက်မေတ္တာပို့ဆုတောင်း ကောင်းချီးပေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်မိသားစုတို့က ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့အား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် မိသားစုတို့အား ခရစ်တော် မွေးနေ့အကြိုအဖြစ် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီမှ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာ စောရွှေလင်းနှင့် တိုင်းရင်းသားလူငယ်များပါဝင်သော ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့က ယနေ့ ညနေ ၇ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတအိမ်တော်၌ လာရောက် ဆုတောင်းကောင်းချီးပေးကြသည်။

ဆုတောင်းပွဲတွင် နော်တာဟေညောနှင့် ဦးလင်းထက်ထက်ဦးတို့ ဦးဆောင်သည့် တိုင်းရင်းသားလူငယ်များပါဝင်သော ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့က နှုတ်ခွန်းဆက်သပြီး ဓမ္မတေးသီချင်းများသီဆို၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံတော်သမ္မတတို့အတွက် မေတ္တာပို့ ဆုတောင်းကောင်းချီးပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များ ကောင်စီမှ သိက္ခာတော်ရဆရာ စောဒိုးဒိုဝါးက နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အတွက် မေတ္တာပို့ဆုတောင်း ကောင်းချီးပေးသည်။

ထို့အတူ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီမှ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာ စောရွှေလင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွက် မေတ္တာပို့ ဆုတောင်း ကောင်းချီးပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က သိက္ခာတော်ရ ဆရာစောရွှေလင်းနှင့် တိုင်းရင်းသားလူငယ်များပါဝင်သော ငြိမ်းချမ်းရေးအတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ✻




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြန်မာနိုင်ငံနှင့် လူဦးရေဆုလာဘ်

မိသားစုတစ်စုတွင် အသက်အရွယ်ကြီးရင့်သူနှင့် ကလေးများကို မှီခိုသူများအဖြစ် တွေ့ရလေ့ရှိပါသည်။ လူငယ်လူရွယ်နှင့် သက်လတ်ပိုင်းအရွယ်များသည် အလုပ်လုပ်နိုင်ကြသူများဖြစ်ပါသည်။ မှီခိုသူအရေအတွက်ထက် အလုပ်လုပ်နိုင်သူများပြားသော မိသားစုများသည် စီးပွားရေးအဆင်ပြေပြီး စားဝတ်နေရေး ချောင်လည်လာသည်ကို တွေ့ရပေသည်။ ထိုနည်းလည်းကောင်းပင် နိုင်ငံတစ်နိုင်ငံသည်လည်း အလုပ်လုပ်နိုင်သူများပြားလာမည်ဆိုလျှင် တိုးတက်သော နိုင်ငံအဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။

လာမည့် ၂၀၄၀ အရောက်တွင် အရှေ့အာရှဒေသ၌ အသက်အရွယ်ကြီးရင့်သူများ များပြားလာ၍ အလုပ်လုပ်နိုင်သူ ဦးရေသည် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်ကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ မိတ်ဖက်နိုင်ငံများဖြစ်သည့် ထိုင်း၊ တရုတ်၊ ဂျပန်၊ ကိုရီးယားစသောနိုင်ငံများတွင် အသက်အရွယ်ကြီးရင့်သူများ တိုးပွားလာလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် အလုပ်လုပ်နိုင်သော လုပ်သားစွမ်းအားများလည်း တဖြည်းဖြည်းကျဆင်းလာလျက်ရှိပါသည်။

သို့ရာတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ လာအို၊ ပါပူဝါနယူးဂီနီ၊ အရှေ့တီမောနှင့် ပစိဖိတ်ကျွန်းနိုင်ငံများသည် အသက်အရွယ်ငယ်ရွယ်သူ များပြားနေလျက်ရှိပြီး အသက် ၆၅ နှစ်အထက် လူဦးရေမှာ ပျမ်းမျှ ၄ ရာခိုင်နှုန်းသာ ရှိသေးကြောင်း ကမ္ဘာ့ဘဏ် အစီရင်ခံစာ၌ ဖော်ပြထားပါသည်။ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သည့် အသက်အပိုင်းအခြားဖြစ်သော အသက် ၁၅ နှစ်မှ ၆၄ နှစ်အကြား လူဦးရေများပြားနေခြင်းကြောင့် လူဦးရေဆုလာဘ် (Population Bonus) ရရှိနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အလုပ်လုပ်နိုင်သော ဦးရေများပြားနေခြင်းသည် နိုင်ငံအတွက် အလားအလာကောင်းများဖြစ်ပေါ်နေသည်ဟု ဆိုရမည်ဖြစ်ပြီး ယင်းအကျိုးကျေးဇူးမှာ နောင်အနှစ် ၂၀ ခန့်သာ ဆက်လက်အကျိုးခံစားရမည်ဖြစ်ကြောင်း သိရပါသည်။

ဤအခြေအနေကို သုံးသပ်ကြည့်လျှင် ကျွန်ုပ်တို့အနေဖြင့် လုပ်စရာအချက်နှစ်ချက်ကို ဦးစွာစဉ်းစားသင့်ကြောင်း လေ့လာတွေ့ရှိရမည်ဖြစ်ပါသည်။ လက်ရှိအလုပ်လုပ်နိုင်သူ အရေအတွက်များပြားနေခြင်းကို အလဟဿမဖြစ်စေဘဲ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပိုမိုဖန်တီးပေးရန်နှင့် ပြည်တွင်းသာမက နိုင်ငံတကာအထိ ဝင်ဆံ့နိုင်မည့် လက်မှတ်ရကျွမ်းကျင်လုပ်သား အများအပြား မွေးထုတ်ပေးရန်ပင်ဖြစ်ပါသည်။

သို့ဖြစ်၍ ရရှိထားသော လူဦးရေဆုလာဘ်ကြီးကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ကျွမ်းကျင်လုပ်သားများမွေးထုတ်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ပြီး အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပိုမိုဖန်တီးပေးပြီး လူမှုဘဝမြှင့်တင်ရေးစီမံကိန်းများ အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းအားထုတ်သင့်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ ဆွေးနွေးဖလှယ်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများ၏ (၂၁) ကြိမ်မြောက် ညီလာခံဆိုင်ရာ အတွေ့အကြုံရှင်းလင်းပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက်၈ နာရီခွဲတွင် နေပြည်တော်ရှိ ဂရင်းအမရဟိုတယ်၌ ကျင်းပရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ရာသီဥတုပြောင်းလဲမှု ဆိုးကျိုးများကို မြန်မာနိုင်ငံသာမက ကမ္ဘာအနှံ့နိုင်ငံများ တွေ့ကြုံခံစားနေရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၀၈ ခုနှစ် ဆိုင်ကလုန်းနာဂစ်မုန်တိုင်း၏ ဆိုးရွားလှသော အတွေ့အကြုံများကို ခံစားခဲ့ရသည့်အပြင် ယခုနှစ်အတွင်းတွင်လည်း နိုင်ငံတစ်ဝန်းတွင် ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများကြောင့် အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အဆိုပါအချက်များအပေါ်တွင် အခြေခံပြီး မြန်မာနိုင်ငံသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု ထိခိုက်အလွယ်ဆုံးနိုင်ငံ ၁၀ နိုင်ငံတွင် ပါဝင်ကြောင်း ပညာရှင်များက လေ့လာဆန်းစစ်ထားသည်ကိုလည်း တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အနေဖြင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးတို့ကို ပိုမိုအလေးထား ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း။

မြန်မာနိုင်ငံသည် ယခုကဲ့သို့ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲသည့် အချိန်ကာလတွင် နိုင်ငံအတွင်း စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှုနှင့် နည်းပညာမြှင့်တင်ရေးတို့အတွက် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများလိုအပ်လျက်ရှိရာ တက်ရောက်လာသော နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းများအပေါ် ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူအသီးသီးက ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏(၂၁)ကြိမ်မြောက် ညီလာခံနှင့်စပ်လျဉ်းသည့် ခြုံငုံသုံးသပ်တင်ပြချက်၊ ပဲရစ်သဘောတူညီချက်ဆိုင်ရာ ရေရှည် ကမ္ဘာ့အပူချိန်ရည်မှန်းချက်၊ ညီလာခံ၏ ဆွေးနွေးပွဲရလဒ်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ REDD + ကိစ္စရပ်များနှင့် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုအတွက် ရန်ပုံငွေ ရရှိရေးဆိုင်ရာ ဆွေးနွေးပွဲများမှ သိမှတ်ဖွယ်ရာများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ကိုယ်စားလှယ်များနှင့် အပြန်အလှန် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



# စည်းကမ်းမဲ့အမှိုက်များ ရေမြောင်းတွင်း ပြည့်လျှံနေ

**ထင်သာမြင်သာ ပြုပြင်စရာ**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ဒေါ်သိန်းတင်လမ်းနှင့် အထက်ပန်းဆိုးတန်းလမ်းထောင့်ရှိ ရေမြောင်းများသည် စည်းကမ်းမဲ့အမှိုက်များစွန့်ပစ်ခြင်း၊ မြောင်းဖုံးများမရှိခြင်းတို့ကြောင့် ရန်ကုန်မြို့တော်သာယာလှပရေးကို ထိခိုက်ဟန့်တားသကဲ့သို့ဖြစ်သည့်အပြင် ရေစီးဆင်းနိုင်ခြင်းမရှိဘဲ မြောင်းများပိတ်ဆို့မှုဖြစ်နေပြီး အမှိုက်ကျင်းသဖွယ်ဖြစ်နေကြောင်း အဆိုပါလမ်းမ ပုံမှန်သွားလာနေသည့်ပြည်သူများထံမှ ကြားသိရသည်။

**ရွှေတိုင်လွင်**

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်ပြပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတို့ကို ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ်ရှိ ပညာ့အလင်း ခေတ်မီစာကြည့်တိုက်၌ ဒီဇင်ဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး (ထုတ်လုပ်) ဦးကျော်ဇင်စိုးက လွတ်လပ်ခြင်း၏သဘောကို ယနေ့လူငယ်များ သိရှိနားလည်စေရန်နှင့် စာဖတ်ရှိန်မြှင့်မားစေရန် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပရာ ကျောက်တံတားမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုရရှိကြသူများကို ညွှန်ကြားရေးမှူး(ထုတ်လုပ်)နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## မြိတ်မြို့တွင် စီးပွားရေးစီမံကိန်းရေးဆွဲနည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မြိတ် ဒီဇင်ဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မြန်မာ-ဂျပန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဗဟိုဌာန MJC နှင့် မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ မြိတ်မြို့မှ စီးပွားရေးလုပ်ငန်းရှင်များအား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြှင့်တင်ရေးအတွက် စီးပွားရေး စီမံကိန်းရေးဆွဲနည်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ ရက်က GRAND JADE ဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲကို မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးကြည်စန်းက အမှာစကားပြောကြားပြီး မြန်မာ-ဂျပန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဗဟိုဌာန MJC မှ Mr. Akifumi NAKANISHI က စီးပွားရေး စီမံကိန်းရေးဆွဲနည်းနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် စီးပွားရေး စီမံကိန်းရေးဆွဲနည်းဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေး စီမံကိန်းစီမံခန့်ခွဲခြင်း၊ လက်တွေ့လုပ်ဆောင်ချက်များ၊ အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၄-၁၂-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၃၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၈၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၇၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၇၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၂၀/၇၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၅၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၅.၀ |
| ဥရောပ | တစ်ယူရို | ၁၄၁၄.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၉.၁၄ |
| ထိုင်း | တစ်ဘတ် | ၃၆.၀၉၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၃၄ |
| တရုတ် | တစ်ယွမ် | ၂၀၁.၂၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၁.၆၆ |

ခင်ရတနာ-စုစည်းသည်။





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဇနီးဒေါ်ခင်ခင်ဝင်းနှင့် မိသားစုတို့အား ခရစ်တော်မွေးနေ့အကြိုအဖြစ် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီမှ အထွေထွေအတွင်းရေးမှူး သိက္ခာတော်ရဆရာ စောရွှေလင်းနှင့် တိုင်းရင်းသားလူငယ်များပါဝင်သော ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့က နိုင်ငံတော်သမ္မတအိမ်တော်၌ လာရောက်ဆုတောင်း ကောင်းချီးပေးကြစဉ်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့အား ဆုတောင်းစကားပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့်မိသားစုတို့အား ဓမ္မတေးအဖွဲ့မှ ကလေးငယ်တစ်ဦးက ခရစ္စမတ်လက်ဆောင်ပစ္စည်း ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့်မိသားစုတို့က ငြိမ်းချမ်းရေးအတွက် ခရစ်ယာန်လူငယ်များ ဓမ္မတေးအဖွဲ့အား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၄င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-**

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (၁) ဦးစိန်ဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်<br>ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်<br>ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) ဦးမြင့်သူ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မဟာဗျူဟာလေ့လာရေးနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၃) ဦးစိုးသိန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှု<br>ဦးစီးဌာန<br>ဆက်သွယ်ရေးနှင့်<br>သတင်းအချက်အလက်<br>နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှု<br>ဦးစီးဌာန<br>ဆက်သွယ်ရေးနှင့်<br>သတင်းအချက်အလက်<br>နည်းပညာဝန်ကြီးဌာန |
| (၄) ဒေါ်နွဲ့နွဲ့ဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန |

# ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဒီဇင်ဘာ ၂၄**

နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ပန်းတင်ကျေးရွာနှင့် ရှမ်းစု(အရှေ့)ကျေးရွာတို့တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာဌာနခွဲနှင့် လယ်ဝေးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လူထုဦးဆောင်သော အလုံးစုံသန့်ရှင်းရေးအစီအစဉ် (Community Led Total Sanitation) လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

အဆိုပါ ကျေးရွာများတွင် သောက်သုံးရေရရှိမှုအခြေအနေနှင့် အသုံးပြုနေသော သောက်သုံးရေသန့်ရှင်းရေးအတွက် လက်တွေ့သရုပ်ပြ ဆောင်ရွက်နေမှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်ရှိသည့် အခြားကျေးရွာများတွင်လည်း တိုးချဲ့ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒေသခံကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာ၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို ကျန်းမာရေးစကားဝိုင်းအသွင်ဖြင့် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ပြီး လိုအပ်ချက်များကို သက်ဆိုင်ရာအလိုက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တန့်ယန်းမြို့နယ်၌ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး

**တန့်ယန်း ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက မိုးပွင့်အထူး(အပိုင်း-၂)စီမံချက်ဖြင့်တန့်ယန်းမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းအမှတ်(၁)နှင့်(၂)မှ အသက် ၁၀နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့သည်။

အဆိုပါပြုလုပ်ခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးအိုက်ညော်နှင့် ဝန်ထမ်းများက ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိကျောင်းသား ကျောင်းသူ ၂၀၀ တို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**



ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ စိန့်မေရီဘုရားရှိခိုးကျောင်းတွင် ခရစ္စမတ်အကြိုမီးရောင်စုံများ ထွန်းညှိထားသည်ကို ဒီဇင်ဘာ ၂၄ ရက် ညပိုင်းကတွေ့ရစဉ်။

(ဓာတ်ပုံ-ဇော်မင်းလတ်)

# မရမ်းကုန်းမြို့နယ်သဘင်ပညာရှင်များအစည်းအရုံး နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သဘင်ပညာရှင်များအစည်းအရုံး၏ နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်သစ်ပြန်လည်ရွေးချယ်ပွဲကို အမှတ်(၆)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းမရှိ ပေါက်စေတီဓမ္မာရုံ၌ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေး ပထမပိုင်းတွင် စာရင်းစစ်မှူး ဦးအောင်မျိုးဝေကအလုပ်အမှုဆောင်တင်သွင်းသည့် အစီရင်ခံစာကို ဖတ်ကြားကာ အတည်ပြုချက်ရယူပြီး အမှုဆောင်အဖွဲ့ဟောင်းများ နုတ်ထွက်ကြောင်း ကြေညာသည်။

ဆက်လက်၍ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)နှင့် တိုင်းဒေသကြီး သဘင်ပညာရှင်များ အစည်းအရုံးမှ တက်ရောက်လာသောတာဝန်ရှိသူများ၊ မြို့နယ်သဘင်ပညာရှင်များက အစည်းအရုံးအလုပ်အမှုဆောင်အဖွဲ့သစ်ကို စိစစ်ရွေးချယ်တင်မြှောက်ခဲ့ကြရာ ဦးနန်းဝင်း(ဥက္ကဋ္ဌ)၊ ဦးအောင်မြင့်နိုင် (ဒုတိယဥက္ကဋ္ဌ)၊ ဦးဝင်းဌေး(အတွင်းရေးမှူး)၊ ဦးရဲဝင်းနိုင် (တွဲဖက် အတွင်းရေးမှူး)၊ ဦးရွှေဝင်း(ဘဏ္ဍာရေးမှူး)၊ ဦးအောင်မျိုးဝေ (စာရင်းစစ်မှူး)၊ ဦးဝင်းနိုင်၊ ဒေါ်ဝင်းဝင်းမော်တို့ ပါဝင်သောအလုပ်အမှုဆောင်အဖွဲ့ကို တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၁၅)**



ရာမဒီမြို့ဆီသို့ ဦးတည်ထွက်ခွာနေသော အီရတ်စစ်ယာဉ်တန်းကို ဒီဇင်ဘာ ၂၂ ရက်က တွေ့ရစဉ်။

# ရာမဒီမြို့ကို အီရတ်တပ်များပြန်သိမ်းနိုင်ရန် ရက်ပိုင်းသာလို

**ဘဂ္ဂဒက် ဒီဇင်ဘာ ၂၄**

အီရတ်အစိုးရ၏ အားနည်းမှုကြောင့် မေလအတွင်း အိုင်အက်စ်တို့ လက်အောက်သို့ ကျရောက်ခဲ့သော ရာမဒီမြို့ကိုပြန်သိမ်းရန် ရက်ပိုင်းသာလိုတော့ကြောင်း အီရတ်စစ်ဘက်အကြီးအကဲက ဗုဒ္ဓဟူးနေ့တွင် ကိုးကားပြောဆိုသည်။

အီရတ်တပ်ဖွဲ့ဝင်များအနေဖြင့် အင်္ဂါနေ့မှစတင်ကာ ထိုးစစ်ဆင်တိုက်ခိုက်နေပြီဖြစ်ကြောင်း၊ မကြာမီ ရက်ပိုင်းအတွင်း ပြန်လည်သိမ်းပိုက်ရန် မျှော်လင့်ကြောင်း အီရတ်စစ်ဘက်တာဝန်ရှိသူများက ပြောသည်။

လာမည့်ရက်ပိုင်းအတွင်း ရာမဒီမြို့ကို ပြန်လည်လွတ်မြောက်အောင် လုပ်ပေးနိုင်မည့် သတင်းကောင်းကို ကြေညာနိုင်မည်ဖြစ်ကြောင်း ဒုတိယဗိုလ်ချုပ်ကြီး အောလ်မန်းအယ်လ်ဂါနီမီက အီရတ်ရုပ်မြင်သံကြားမှ တစ်ဆင့်ပြောသည်။

အစိုးရတပ်များအနေဖြင့် ရာမဒီမြို့လယ်စစ်သွေးကြွများ ထိန်းချုပ်ထားသော နောက်ဆုံးခရိုင်ကို ဝိုင်းမိထားပြီဖြစ်ကြောင်း၊ ယင်းမှာဘဂ္ဂဒက်အနောက်ဘက် မိုင် ၆၀ အကွာ ယူဖရေးမြစ်ပေါ်ရှိ ဆွန်နီမွတ်စလင်များနေထိုင်ရာမြို့ဖြစ်ပြီး အန်ဘာပြည်နယ်၏မြို့တော်လည်းဖြစ်သည်ဟု ဆိုသည်။

အဆိုပါမြို့ကို သိမ်းပြီးလျှင် အီရတ်ရှိ အိုင်အက်စ်တို့ထံမှ တီကရစ်ပြီး ဒုတိယအဓိကမြို့ဖြစ်လာလိမ့်မည်ဟု ဆိုသည်။

(ရိုက်တာ)

# ဂျပန် အလွတ် သတင်းထောက်တစ်ဦး ဆီးရီးယား၌ ဖမ်းဆီးခံရ



**ဒမတ်စကတ် ဒီဇင်ဘာ ၂၄**

ဂျပန်အလွတ် သတင်းထောက်တစ်ဦးကို ဆီးရီးယားနိုင်ငံတွင် လက်နက်ကိုင်အုပ်စုတစ်စုကဖမ်းဆီးထားကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဒီဇင်ဘာ ၂၄ ရက်က ဖော်ပြသည်။

ဂျန်ပေးရာစုဒါသည် ယခုနှစ်ဇွန်လနှောင်းပိုင်းတွင် ဆီးရီးယားပြည်တွင်းစစ်သတင်းရယူရန်အတွက် တူရကီတောင်ပိုင်းမှတစ်ဆင့် ဆီးရီးယားသို့ လမ်းပြတစ်ဦးနှင့်အတူ ဝင်ရောက်သွားခဲ့ကြောင်း သိရသည်။

ရာစုဒါသည် ဇူလိုင်လတွင်ပြန်လာရန်ရည်ရွယ်ခဲ့သော်လည်း ယခုအခါမည်သည့်နေရာသို့ ရောက်ရှိနေမှန်း မသိကြောင်း သိရသည်။

အယ်လ်နူဆရာတပ်ဦးနှင့် မိတ်ဖက်အဖွဲ့ဖြစ်သော အယ်လ်ခိုင်ဒါအဖွဲ့ ထိန်းချုပ်ထားသော ဆီးရီးယားမြေပေါ်တွင် လက်နက်ကိုင်အုပ်စုတစ်စုက ပြန်ပေးဆွဲထားကြောင်း ပါရီအခြေစိုက် နယ်စည်းမခြားသတင်းထောက်များအဖွဲ့က ၄င်း၏ဝက်ဘ်ဆိုက်တွင် အင်္ဂါနေ့က ပြောခဲ့သည်။

ပြန်ပေးဆွဲခံရသော ဂျပန်သတင်းထောက်ရာစုဒါက ၄င်းလွတ်မြောက်မှုအတွက် ဖြစ်နိုင်သမျှအကုန်လုပ်ပေးရန် ဂျပန်အစိုးရကို တိုက်တွန်းလိုက်သည်။ အလွတ်တန်းသတင်းထောက်မလုပ်ခင် ယခင်က ရာစုဒါသည် သတင်းစာသတင်းထောက်တစ်ဦးဖြစ်ပြီး ဆီးရီးယားနှင့်အီရတ်ကဲ့သို့သော ပဋိပက္ခဇုန်များတွင် သတင်းရယူခြင်းအလုပ်ကို လုပ်ကိုင်လျက်ရှိသည်။

၂၀၀၄ ခုနှစ်က ၄င်းကို အီရတ်ပြည်သူ့စစ်အဖွဲ့က လေးရက်ကြာ ထိန်းသိမ်းခဲ့သည်။ ရာစုဒါ၏လမ်းပြဆိုသူက ရာစုဒါသည် သတင်းရရှိရန် ကြိုးစားခဲ့ကြောင်း၊ ၄င်းကို အန္တရာယ်ကင်းစွာဖြင့် ပြန်လည်မြင်တွေ့လိုကြောင်း ပြောခဲ့သည်။

(အင်န်အိတ်ချ်ကေ)

# နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် ထိုင်းနှင့်တရုတ်တို့ လက်မှတ်ရေးထိုး

**ကွမ်ကျိုး ဒီဇင်ဘာ ၂၄**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ထိုင်းနှင့်တရုတ်တို့သည် နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်း ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း တရုတ်နျူကလီးယားစွမ်းအင်အဖွဲ့ချုပ် (စီဂျီအင်န်)က ကြာသပတေးနေ့တွင် ကြေညာသည်။

ကွမ်ရှီးရင်းနီးမြှုပ်နှံမှုကုမ္ပဏီလီမိတက်နှင့် ရာချာဘူရီလျှပ်စစ်စွမ်းအားကုမ္ပဏီတို့သည် ဖန်ဂျန်ဂန်းမြို့၌ နျူကလီးယားဓာတ်အားပေးစက်ရုံဒုတိယအဆင့်အဖြစ် ဆောက်လုပ်ရေးနှင့် လည်ပတ်ရေး ဖက်စပ်လုပ်ငန်းအဖြစ် လုပ်ကိုင်သွားရန် သဘောတူလိုက်ပြီဖြစ်ကြောင်း စီဂျီအင်န်ကြေညာချက်၌ ဖော်ပြသည်။

အဆိုပါစီမံကိန်းသည် စီဂျီအင်န်နှင့် တရုတ်အမျိုးသား နျူကလီးယားကော်ပိုရေးရှင်း(စီအင်န်အင်န်စီ)တို့ ပူးတွဲဒီဇိုင်းရေးဆွဲခဲ့သော တရုတ်နိုင်ငံ၏ တတိယမျိုးဆက်နျူကလီးယားဓာတ်ပေါင်းဖို ဒီဇိုင်းဖြစ်သည့် ဟူလောင်းအမှတ်(၁)နျူကလီးယားနည်းပညာအတွက် ရှေ့ပြေးစီမံကိန်းဖြစ်သည်။

တရုတ်နှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ထိုင်းနိုင်ငံအတွက် အတွေ့အကြုံရယူပြီး နျူကလီးယားစွမ်းအင်ရယူသွားရန် မျှော်လင့်ထားကြောင်း ထိုင်းကုမ္ပဏီတာဝန်ရှိသူများက ပြောသည်။

ယင်းစီမံကိန်းသည် တရုတ်နိုင်ငံ၏ နျူကလီးယားစွမ်းအင်နည်းပညာကို အာဆီယံဈေးကွက်သို့ ဖြန့်ချိသွားရန် အစီအစဉ်တစ်ရပ်လည်းဖြစ်သည်ဟု ဆိုသည်။

(ဆင်ဟွာ)



# ဆော်ဒီဆေးရုံ မီးလောင်မှု ၂၅ ဦး သေဆုံး

**ဒူဘိုင်း ဒီဇင်ဘာ ၂၄**

ဆော်ဒီအာရေဗျနိုင်ငံ အနောက်တောင်ပိုင်း ဂျာဇန်ဆိပ်ကမ်းမြို့ရှိ ဆေးရုံတစ်ရုံ၌ ကြာသပတေးနေ့ အရုဏ်မတက်မီအချိန်အတွင်း မီးလောင်မှုဖြစ်ပွားခဲ့ရာ လူပေါင်း ၂၅ ဦး သေဆုံးကာ ၁၀၇ ဦး ဒဏ်ရာရရှိသွားကြောင်း ဆော်ဒီပြည်သူ့ကာကွယ်ရေးအေဂျင်စီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အဆိုပါမီးလောင်မှုမှာ ဂျာဇန်ပြည်သူ့ဆေးရုံကြီး ပထမထပ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အခြားအထပ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ကြောင်း ယင်းအေဂျင်စီ၏ ထုတ်ပြန်ချက်တွင်ဖော်ပြသည်။

ဒဏ်ရာရသူများအား အဆိုပါဒေသရှိ နီးစပ်ရာပုဂ္ဂလိကဆေးရုံများနှင့် အထွေထွေဆေးရုံများသို့ ပို့ဆောင်ထားရသည်ဟု ဆိုသည်။ မီးကိုထိန်းချုပ်နိုင်ပြီဖြစ်သော်လည်း စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေသည်ဟု ဆိုသည်။

(ရိုက်တာ)

# တရုတ်မြို့ပေါင်း ၅၀ ကျော် မီးခိုးမြူများ အလွန်အမင်းဖုံးလွှမ်းမှုခံရ



မီးခိုးမြူများဖုံးလွှမ်းနေသော တရုတ်အရှေ့မြောက် လျောင်နင်းမြို့ကို တွေ့ရစဉ်။

**ပေကျင်း ဒီဇင်ဘာ ၂၄**

ပေကျင်းနှင့်တီယန်ကျင်းမြို့များအပါအဝင် တရုတ်နိုင်ငံ၏ မြို့ပေါင်း ၅၀ ခန့် မီးခိုးမြူအလွန်အမင်းဖုံးလွှမ်းခြင်းကို ခံစားနေရကြောင်း တရုတ်နိုင်ငံ သဘာဝပတ်ဝန်းကျင် အာဏာပိုင်များက ပြောသည်။

ပေကျင်း၊ တီယန်ကျင်း၊ ဟီဘေးဒေသနှင့် ပတ်ဝန်းကျင်ဒေသများရှိ မြို့ပေါင်း ၇၀ တွင် မြို့ပေါင်း ၃၀ ခန့်မှာ အလွန်ဆိုးရွားသော လေထုညစ်ညမ်းမှုကို ရင်ဆိုင်နေရပြီး အခြားမြို့ ၂၀ ခန့်မှာ အလွန်အမင်း မီးခိုးမြူများ ဖုံးလွှမ်းလျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ပေကျင်းတွင် ယမန်နေ့ ညနေသုံးနာရီနောက်ပိုင်းက မြူအနည်းငယ်လျော့နည်းသွားကြောင်း၊ မြို့ပေါင်း ၁၀ မြို့တွင် မီးခိုးမြူအန္တရာယ်အချက်ပေးမှုများကို ထုတ်ပြန်ခဲ့ကြောင်း ယင်းဝန်ကြီးဌာနက ပြောခဲ့သည်။

(ဆင်ဟွာ)



# ခရစ္စမတ်အကြို ဖျော်ဖြေပွဲကျင်းပ

**ရန်ကုန်  ဒီဇင်ဘာ ၂၄**

ဒီဇင်ဘာ ၂၄ ရက် ခရစ္စမတ်အကြိုညက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် စိန့်အန်ထော်နီဘုရားရှိခိုးကျောင်း၊ ဗိုလ်အောင်ကျော်လမ်းရှိ စိန့်မေရီကာသီဒြယ် ဘုရားရှိခိုးကျောင်းတို့တွင် ရောင်စုံမီးများလှပစွာ ထွန်းညှိထားမှုကို တွေ့ရသည်။

အဆိုပါ ဘုရာရှိခိုးကျောင်းတို့၌ ဘုရားရှိခိုးခြင်း၊ ခရစ်တော်မွေးဖွားခြင်းအကြောင်း တေးသရုပ်ဖော်များ၊ ခရစ္စမတ်တေးသံသာများ သီဆိုခြင်းတို့ကို ကျင်းပခဲ့ကြကာ ပရီမီယာနို့ ဝန်ထမ်းများက ခရစ္စမတ်အကြို ဖျော်ဖြေပွဲများ လိုက်လံဖျော်ဖြေခဲ့ကြသည်။ **(အပေါ်ပုံ)** **တင်စိုး(မြန်မာ့အလင်း)**

# အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန်  ဒီဇင်ဘာ ၂၄**

ရန်ကုန် ပြည်သူ့ဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံကြီး၊ သင်္ဃန်းကျွန်း စံပြဆေးရုံကြီး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီးနှင့် ဘားအံပြည်သူ့ဆေးရုံကြီးတို့တွင် အရေးပေါ်သွေးလိုအပ်ပါက အသုံးပြုရန် အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရဲမှူးချုပ်မြဝင်း ဦးဆောင်သောလုံခြုံရေးရဲတပ်ဖွဲ့ခွဲများရှိ တပ်ဖွဲ့ဝင်များသည် ယနေ့ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

ထိုသို့ စုပေါင်းသွေးလှူဒါန်းရာတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင် ခုနစ်ဦး၊ အမှတ်(၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၅ ဦး၊ အမှတ်(၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၅ ဦး၊ မြောက်ဥက္ကလာပဆေးရုံကြီး၌ အမှတ်(၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၅၂ ဦး၊ အမှတ်(၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၆၃ ဦး၊ သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ အမှတ်(၃) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၄ ဦး၊ အမှတ်(၉) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၂၄ ဦး စုစုပေါင်း ၂၅၀ တို့အပြင် မော်လမြိုင်ပြည်သူ့ ဆေးရုံကြီး၌ အမှတ်(၁၅) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၅၀၊ ဘားအံပြည်သူ့ဆေးရုံကြီး၌ အမှတ် (၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၅၀၊ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၃၅၀ တို့က ပါဝင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

၂၀၁၅ ခုနှစ်အတွင်း သွေးလှူဒါန်းမှုမှာ ဒီဇင်ဘာ ၂၄ ရက်အထိ ရဲတပ်ဖွဲ့ဝင်စုစုပေါင်း ၃၁၅၄ ဦးတို့ ရှိပြီးဖြစ်ကြောင်းနှင့် ယခုကဲ့သို့ စုပေါင်း သွေးလှူဒါန်းခြင်းအပြင် အရေးပေါ်သွေးလိုအပ်ပါက နီးစပ်ရာ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများသို့ ဆက်သွယ်၍ သွေးလှူလက်ခံရယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**အင်းစိန်ရွာမ နှစ်ခြင်းခရစ်ယာန်အသင်းတော်တွင် ခရစ္စမတ်အကြို မီးရောင်စုံများထွန်းထားစဉ်။** ဓာတ်ပုံ-ဇော်မင်းလတ်

# ပျဉ်းမနားမြို့ အရှိုနှစ်ခြင်းအသင်းတော် ညဥ့်ဦးယံဝတ်ပြု ဆုတောင်းပွဲများကျင်းပ

**နေပြည်တော်  ဒီဇင်ဘာ ၂၄**

ခရစ်တော် ဖွားမြင်တော်မူခြင်း အထိမ်းအမှတ် ခရစ္စမတ်နေ့ ဒီဇင်ဘာလ ၂၅ ရက်နှင့် ယင်းနေ့မတိုင်မီ ခရစ္စမတ်ကာလဖြစ်သော ဒီဇင်ဘာလပထမပတ်မှ စတင်၍ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို ခရစ်ယာန်ဘာသာဝင်အပေါင်းတို့၏ နေအိမ်များ၊ အသင်းတော်ဘုရားရှိခိုးကျောင်းများတွင် ခရစ်တော်ဖွားမြင်တော်မူခြင်းဆိုင်ရာ ကြိုဆိုချီးမွမ်း ဓမ္မတေးသီချင်းများသီဆိုခြင်း၊ ဝတ်ပြုဆုတောင်းခြင်းများကို ကျင်းပလျက်ရှိသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ ခရစ်ယာန်ဘာသာဝင်များနည်းတူ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ခရစ်ယာန်ဘာသာဝင်များသည်လည်း ဒီဇင်ဘာလပထမပတ်မှစ၍ ခရစ္စမတ်နေ့မတိုင်မီ မိမိတို့ဒေသဆိုင်ရာ ဘုရားရှိခိုးကျောင်းများ၌ ဆုတောင်းဝတ်ပြုခြင်းများ၊ မိတ်ဆွေများထံ လက်ဆောင်များပေးပို့ခြင်း၊ နေအိမ်များသို့လာရောက်တွေ့ဆုံ၍ နှုတ်ဆက်ဓမ္မတေးသီချင်းများ သီဆို၍ ဆုတောင်းပတ္ထနာပြုခြင်းများ ပြုလုပ်ကြသည်။ **(အောက်ပုံ)**

ယနေ့ညတွင် ဘုရားရှိခိုးကျောင်းများ၌ ဝတ်ပြုဆုတောင်းပွဲများ၊ ဓမ္မတေးနှင့် စင်မြင့်တေးဂီတအစီအစဉ်များပြုလုပ်ကြရာ ခရစ်ယာန်ဘာသာဝင်များသာမက အခြားဘာသာဝင်မိတ်ဆွေများပါ ပါဝင်ဆင်နွှဲကြသည်ကို မြင်တွေ့ရသည်။

ထို့အတူ နေပြည်တော် ပျဉ်းမနားမြို့ အရှိုနှစ်ခြင်းအသင်းတော်တွင်လည်း ညဥ့်ဦးယံဝတ်ပြုဆုတောင်းပွဲများကျင်းပခဲ့ရာ "မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာရှိစေသတည်း" ဟု သမ္မာကျမ်းစာရွတ်ဖတ်၍ လူတစ်ဦးချင်းစီမှ မိသားစု၊ မြို့ပြမှသည် နိုင်ငံတစ်ဝန်း ငြိမ်းချမ်းသာယာဝပြော၍ ကောင်းချီးမင်္ဂလာခံစားရစေကြောင်း သိက္ခာတော်ရ ဆရာ ဆမိုလှဒင်က ဆုတောင်းပတ္ထနာပြု၍ ခရစ္စမတ် အကြိုညကို ကျင်းပခဲ့သည်။

**(သတင်း-နေသန်၊ ဓာတ်ပုံ-ရာမည)**



# မော်ကျွန်း-ဘေသဇ္ဇဒါနအခမဲ့ဆေးခန်းအဖွဲ့ အခမဲ့ နယ်လှည့်ဆေးကုသ

**မော်လမြိုင်ကျွန်း  ဒီဇင်ဘာ ၂၄**

မော်လမြိုင်ကျွန်းမြို့ ဘေသဇ္ဇဒါန ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ဆေးခန်း ဦးဆောင်ဆရာတော် ဘဒ္ဒန္တစန္ဒာနနှင့် ကျန်းမာရေးအဖွဲ့သည် ပန်းတနော်မြို့နယ် ရေလဲအလယ်စုကျေးရွာ သဒ္ဓမ္မရံသီတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တနရိန္ဒနှင့် လူမှုကူညီရေးအသင်းတို့ပူးပေါင်းပြီး ရေပေါ်ရေလဲ၊ ရွှေလှေသောင်၊ မီးပြနှင့်ရေလဲအလယ်စုကျေးရွာ ဒေသခံပြည်သူများအား အခမဲ့နယ်လှည့်ကျန်းမာရေးစောင့်ရှောက်ဆေးကုသမှုကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ရေလဲအလယ်စုကျေးရွာ၌ ကျင်းပသည်။

ယင်းအခမဲ့ နယ်လှည့်ဆေးကုသမှုတွင် မော်လမြိုင်ကျွန်းမြို့ ဘေသဇ္ဇဒါန အခမဲ့ဆေးခန်း ဆရာဝန် ဒေါက်တာရဲအောင်၊ ဒေါက်တာ သော်တာလင်းနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့က ရေပေါ်ရေလဲကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူ ၁၂၆ ဦးတို့ကို အခမဲ့ နယ်လှည့်ကျန်းမာရေးစောင့်ရှောက် ကုသပေးကြသည်။

အဆိုပါအခမဲ့ဆေးခန်းအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များသို့ အခမဲ့နယ်လှည့် ဆေးကုသပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **မော်ကျွန်း-မြင့်အောင်**



ကျောက်ဖြူရေနက်ဆိပ်ကမ်းတည်ဆောက်ရေး
လုပ်ငန်းခွင်ကိုတွေ့ရစဉ်။

# ကျောက်ဖြူမြို့ကလေးသို့ ခြသေ့်လည်ပြန်

ဟန်သူ

## ယနေ့တိုင်မမေ့နိုင်

လွန်ခဲ့သော ၁၀ နှစ်ကျော်ခန့်၊ ယခုကဲ့သို့သော ဆောင်းဥတုတစ်ခုတွင် ကျွန်တော်သည် အရေးကြီးတာဝန်တစ်ခု ထမ်းဆောင်ရန် ရခိုင်ပြည်နယ် မြောက်ဖျားမှ သင်္ဘောခရီးနှစ်ဆင့်စီးကာ ကျောက်ဖြူမြို့သို့ရောက်ရှိခဲ့သည်။

အရေးကြီးလုပ်ငန်းတာဝန်များကို နှစ်ရက်တာမျှ ပင်ပင်ပန်းပန်း ဆောင်ရွက်ခဲ့ပြီးသည့်နောက် ခရီးစဉ်တစ်ခုလုံး အဆင်ပြေချောမွေ့စွာ ပြီးဆုံးသွားခဲ့ပါသည်။ ခရီးစဉ်မှာ အကြီးအကဲတစ်ဦးက ကျောက်ဖြူမြို့၏ ဂျီဒီပီ လွန်စွာနိမ့်နေခြင်းကြောင့် ကြိုးစားမြှင့်တင်ကြရန် မှာကြားသွားခဲ့သည်ကို မှတ်မှတ်ရရရှိနေခဲ့ပါသည်။ ကျောက်ဖြူမြို့မှ ပြန်လာပြီး နှစ်လအကြာတွင် ကျွန်တော်၏ ဒုတိယအလုပ်ဘဝဖြစ်သော သံတမန်တစ်ဦးဘဝသို့ မထင်မှတ်ဘဲ ကူးပြောင်းခဲ့ရသည်။ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးအဖြစ် ကျွန်တော် စတင်ရောက်ရှိခဲ့ရာ ယခုဆိုလျှင် ၁၀ စုနှစ်တစ်ခုကျော် ကြာမြင့်ခဲ့ပြီး ဖြစ်ပါသည်။ ကျောက်ဖြူနှင့် အဆက်ပြတ်သွားခဲ့သည်မှာ ယခုတိုင် မရောက်ဖြစ်တော့ပါ။ သို့ရာတွင် ကျောက်ဖြူအကြောင်း တစ်စွန်းတစ်စပါဝင်သော ဆောင်းပါးတစ်ပုဒ်ကို ကျွန်တော် ၂၀၀၉ခုနှစ်က မြန်မာ့အလင်း သတင်းစာတွင် “ကုန်းမြေပေါ်မှာ ထိုးမယ့်တံတား” ခေါင်းစဉ်ဖြင့် ရေးသားခဲ့ဖူးသည်။ ကျောက်ဖြူရေနက်ဆိပ်ကမ်း၏အနာဂတ် မြန်မာ့ပထဝီ နိုင်ငံရေးနှင့် ပထဝီစီးပွားရေးကဏ္ဍတွင် အရေးပါအရာရောက်လာမည့်အကြောင်းကို အခြားရေနက် ဆိပ်ကမ်းကြီးနှစ်ခုဖြစ်သော ထားဝယ်၊ စစ်တွေတို့နှင့်အတူ ဖော်ပြခဲ့သော ဆောင်းပါးတစ်ပုဒ်ဖြစ်ပါသည်။

အမှန်မှာ ကျွန်တော်သည် အပျော်တမ်းဆောင်းပါးရေးသားသူသာဖြစ်ပြီး တစ်စုံတစ်ယောက်၏ တိုက်တွန်းချက်ကြောင့် စာရေးသားသူမဟုတ်ခဲ့ပါ။ ကိုယ့်ဘာသာ ရေးလိုစိတ် ပေါ်လာသောအခါ ရေးလိုက်သောစာသည် ကောင်းကျိုးတစ်စုံတစ်ရာကို ပေးနိုင်သည်ဟု မိမိကိုယ်တိုင်က ဒိဋ္ဌမမွယုံကြည်သက်ဝင်မှသာ ရေးချင်သူဖြစ်ပါ၏။ ယခုဆောင်းပါးမှာလည်း ကျောက်ဖြူအကြောင်းရေးရန် စေ့ဆော်မှုရှိလာခဲ့၍ ဖြစ်ပါသည်။

## ကျောက်ဖြူအတွက် ခရီးထွက်

ယခုအခါ ကျွန်တော်သည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ တာဝန်ထမ်းဆောင်နေပါသည်။ ကျောက်ဖြူမြို့သို့ ပြန်မရောက်တော့သော်လည်း ကျောက်ဖြူအကြောင်း နိုင်ငံခြားသားပညာရှင်များရေးသည့် ဆောင်းပါးကောင်းကလေးများတွေ့ပါက ဂရုစိုက်၍ ဖတ်ရှုမိပါသည်။ ကျောက်ဖြူမြို့နှင့်ပတ်သက်၍ လွန်ခဲ့သော ၁၀ နှစ်ကျော် ကာလကပင် နိုင်ငံအကြီးအကဲများက အသေအချာ ဖွံ့ဖြိုးနိုင်သော အချက်အချာနေရာတစ်ခုအဖြစ် သုံးသပ်ခဲ့ပြီး နိုင်ငံတကာအဆင့်မီ ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ကြီးတစ်ခုဖြစ်လာစေရန် ရည်မှန်းချက်ထား အကောင်အထည်ဖော်ခဲ့သည်ဟု ကျွန်တော်ကိုယ်တွေ့သိရှိခဲ့ပါသည်။

စင်စစ် ကျောက်ဖြူရေနက်ဆိပ်ကမ်းမှာ နေပြည်တော်နှင့် ဝေးလွန်းလှသည်မဟုတ်။ ၂၇၅ ကီလိုမီတာမျှသာ။ ကျောက်ဖြူသည် ရန်ကုန်နှင့် ၄၀၀ ကီလိုမီတာဝေး၍ မန္တလေးနှင့် ၃၀၀ ကီလိုမီတာ အကွာအဝေးတွင်ရှိသည်။ ဘင်္ဂလားပင်လယ်အော်၏ လှိုင်းကြမ်း၊ လေကြမ်းများမှ လွတ်ကင်းသော သဘာဝအတားအဆီးတို့လည်းရှိနေရာ ရေနက်ဆိပ်ကမ်းကြီးတစ်ခုတည်ဆောက်ရန်၊ အထူးစီးပွားရေးဇုန်ကြီးတစ်ခု တည်ဆောက်ရန်၊ ခေတ်မီမြို့ပြ (Smart City) တစ်ခုတည်ဆောက်ရန် တည်နေရာနှင့် ပထဝီအနေအထားတို့က အထောက်အပံ့ပြုလျက်ရှိသည်။

ကျောက်ဖြူသည် အိမ်နီးချင်း အိန္ဒိယ၊ တရုတ်နိုင်ငံတို့မှ ကုန်းပိတ်ပြည်နယ်များအတွက် အနီးဆုံးပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့လည်းဖြစ်သည်။ယခုအခါ ကျောက်ဖြူမှတရုတ်နိုင်ငံ ကူမင်းမြို့သို့ ဆက်သွယ်ထားသော ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများလည်း တည်ဆောက်ပြီးစီးခဲ့ပြီးဖြစ်သည်။ ကျောက်ဖြူမြို့သာ အခိုင်အမာဖွံ့ဖြိုးလာမည်ဆိုပါက လူဦးရေ သန်းတစ်ထောင့်သုံးရာရှိသော တရုတ်နိုင်ငံ၊ လူဦးရေ သန်းတစ်ထောင့်နှစ်ရာရှိသော အိန္ဒိယနိုင်ငံနှင့် လူဦးရေစုစုပေါင်း သန်းခြောက်ရာ့ နှစ်ဆယ်ကျော်ရှိသော အရှေ့တောင်အာရှနိုင်ငံများ၏ ပင်မအားထားရာ စီးပွားရေးမြို့တော်ကြီး ဖြစ်လာနိုင်စရာရှိနေပါသည်။

သို့ရာတွင် ကျောက်ဖြူမှာ ကျွန်တော့်အမြင်တွင် ထင်သလောက် “လူလားမမြောက်” လာခဲ့ပါ။ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးအရ အချက်အချာကျမှုအပေါ်တွင်လည်း မိမိရရဆုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိခဲ့ပါ။ အထူးစီးပွားရေးဇုန်စီမံကိန်းနှင့် အဝေးပြေးကျည်ဆန်ရထားလမ်းစီမံကိန်းတို့မှာ ယခုအချိန်အထိ စာရွက်တွေထဲမှာပင် မလှုပ်မယှက် စောင့်မျှော်ဆိုင်းငံ့လျက်ရှိနေဆဲပင်။ လွန်ခဲ့သည့် ၁၀ စုနှစ်တစ်ခုကျော်စဉ်က ကျွန်တော်ရောက်ခဲ့ဖူးသည့် မြို့ကလေးသည် ယခုတိုင် အထွတ်အထိပ်သို့ ရောက်သင့်ပါလျက် ချူချာနေသေးသည်မှာ စိတ်မကောင်းစရာပင်။ ကျောက်ဖြူသံယောဇဉ်က ကျွန်တော့်တွင် မသိမသာကျန်ရှိနေခဲ့ပါသည်။ တစ်နေ့နေ့ တစ်ချိန်ချိန် အခွင့်အခါကြုံလျှင် ကျောက်ဖြူမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား လုပ်ပေးချင်နေခဲ့မိပါသည်။

ထိုအခွင့်အရေးကို မကြာမီက မမျှော်လင့်ဘဲရရှိခဲ့သည်။ ပြင်သစ်နိုင်ငံ ကန်းမြို့တွင်ကျင်းပမည့် The Prime Business Destination Forum အခမ်းအနားတွင် ကျောက်ဖြူ အထူးစီးပွားရေးဇုန်အား ချီးမြှင့်မည့်ဆုများကို ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက ကိုယ်စားတက်ရောက်၍ လက်ခံရယူပေးရန် ကျွန်တော့်ကို တာဝန်ပေးအပ်လာခဲ့ပါသည်။ ရင်ထဲမှာလည်း ဒုန်းခနဲ ခုန်သွားရပါသည်။ ကန်းမြို့သည် နိုင်ငံတကာတွင် ကန်းရုပ်ရှင်ပွဲတော်ကျင်းပရာနေရာအဖြစ် လူသိထင်ရှားကျော်ကြားသော နေရာတစ်ခုဖြစ်သည်။ ပင်လယ်ဆိပ်ကမ်းမြို့ကြီး တစ်ခုဖြစ်ရုံမျှမက သန်းကြွယ်သူဌေးများ နေထိုင်ရာ ဆိတ်ငြိမ်လှပသည့် ခေတ်မီအပန်းဖြေမြို့ကြီး တစ်မြို့လည်းဖြစ်ပါသည်။ ရထား၊ ကား၊ သင်္ဘောတို့နှင့် လွယ်လင့်တကူ သွားရောက်နိုင်အောင်လည်း အရပ်လေးမျက်နှာမှ ဆက်သွယ်ပေးထားသည်။ ကျွန်တော်သည် ပါရီမှ နီးစ်သို့ လေယာဉ်ဖြင့်၊ နီးစ်မှ ကန်းသို့ ရထားဖြင့်သွားရောက်ခဲ့ပါသည်။

## နိုင်ငံတကာ အလံဆု

ဖိုရမ်အခမ်းအနားကို (၁၂-၁၀-၂၀၁၅)ရက်နေ့ နံနက်ပိုင်းတွင် ကန်းမြို့ရှိ အလှပဆုံးနှင့် အခမ်းနားအထည်ဝါဆုံး ဟိုတယ်တစ်ခုဖြစ်သော Carlton Intercontinental ဟိုတယ်၌ ကျင်းပခဲ့ပါသည်။ Europe Business Assembly ညွှန်ကြားရေးမှူးချုပ် ပရော်ဖက်ဆာ John Netting က အဖွင့်အမှာစကားပြောကြားပြီးနောက် အစီအစဉ်အရ ကျောက်ဖြူစီးပွားရေးဇုန်အား Europe Business Assembly မှ ပေးအပ်သည့် International Flag and Certificate of Investment Attractive ဆုကို လက်ခံရယူရန် ဖိတ်ခေါ်ခဲ့ရာ ကျွန်တော်တက်ရောက်၍ ဂုဏ်ယူဝမ်းမြောက်စွာ လက်ခံရယူခဲ့ပါသည်။ အခမ်းအနားတွင် အခွင့်သာခိုက် ကျောက်ဖြူစီးပွားရေးဇုန်၏ အနာဂတ်အလားအလာနှင့် အရေးပါလာနိုင်မှုများကို ဗီဒီယိုကလစ်ထိုး၍လည်း ပြသပေးခဲ့ပါသည်။ လက်ခံရယူခဲ့သောဆုများကို ယခုအခါ ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးကော်မတီသို့ ပေးပို့အပ်နှံခဲ့ပြီးဖြစ်ပါသည်။

စင်စစ် ကျောက်ဖြူမြို့ကလေး၏ အနာဂတ်အလားအလာနှင့် မဟာဗျူဟာ အရေးပါမှုတို့ကို နိုင်ငံတကာမှ ပညာရှင်များ ပြောဆိုရေးသားလာခဲ့ကြသည်မှာ ၁၀ စုနှစ်တစ်ခုပင် ကျော်လာခဲ့ပါပြီ။ ယခုရရှိခဲ့သော ဆုမှာလည်း အောက်ပါအချက်များကြောင့် ဖြစ်ပါသည်-

(က) ပထဝီတည်နေရာနှင့် သဘာဝအရင်းအမြစ်များရရှိနိုင်မှု အလားအလာကောင်းခြင်း၊

(ခ) စီးပွားရေး တိုးတက်ဖွံ့ဖြိုးရန် အလားအလာကောင်းခြင်း၊

(ဂ) စွမ်းအင်နှင့် စွမ်းအား၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုနှင့် လူမှုအခြေခံအဆောက်အအုံ အလားအလာများ ကောင်း မွန်ခြင်း၊

(ဃ) ဒေသတွင်းလူသားအရင်းအမြစ်ကောင်းများရှိခြင်း၊ ပညာရေးအခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုကောင်းများ ရှိခြင်း၊

(င) တီထွင်ဆန်းသစ်မှု၊ နည်းပညာနှင့် သိပ္ပံပညာဆိုင်ရာ အလားအလာများရှိခြင်း၊

(စ) နိုင်ငံရေး တည်ငြိမ်မှုရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် အရေးပါသော ဥပဒေဆိုင်ရာ အထောက်အပံ့ကောင်းများ ရရှိနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက် အကာအကွယ်ပေးမည့် ယန္တရားများရှိခြင်း၊

(ဆ) တင်ဒါနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ အောင်မြင်အောင် ဆောင်ရွက်ရာတွင် သတင်းအချက်အလက် ရရှိနိုင်စွမ်းကောင်းခြင်း။

ဆုလက်ခံရယူပြီးသောအခါ နေ့ချင်းပင် ပါရီသို့ ပြန်လာခဲ့ပါသည်။ ဆုမယူမီတစ်ရက်တွင်မူ ကန်းမြို့အနှံ့ အခမဲ့မောင်းပေးသော Sightseeing Bus ကို မြို့တစ်ပတ်အပြည့် ခေါင်မိုးပေါ်ကနေ တက်စီးလိုက်ပါသေးသည်။ ပင်လယ်ရောက်လျှင် မနေနိုင်သောညဉ်က ရေစိမ်ရန်လှုံ့ဆော်သဖြင့် ကန်းပင်လယ်ရေအေးမြမြတွင် အတော်လေးကြာအောင် ပက်လက်လှန် ရေစိမ်ခံခဲ့ပါသေးသည်။ ကန်းပင်လယ်ရေက ကျောက်ဖြူရေအတိုင်း ကြည်လင်သန့်စင်၍ အလိုလို ပေါလောပေါ်ပါသည်။ ပင်လယ်ရေစိမ်နေရင်းက ကန်းမြို့မှသည် ကျောက်ဖြူအထိ သတိတရ ရှိလိုက်ပါသေးသည်။

## ကျောက်ဖြူကို ကမ္ဘာက သိစေချင်

ဤဆောင်းပါးကိုရေးသားရန် ကျွန်တော်ကြိမ်ဖန်များစွာ စဉ်းစားဆင်ခြင်ခဲ့ရသည်။ ကျောက်ဖြူဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ဒီမိုကရေစီနိုင်ငံတို့၏ ဓမ္မတာအတိုင်း ထောက်ခံသူများရှိသကဲ့သို့ ဆန့်ကျင်သူများလည်းရှိနေကြောင်း ကျွန်တော်သတိပြုမိပါသည်။ မိမိ၏ ဆောင်းပါးတစ်ပုဒ်ကြောင့် တစ်ဦးဦးကို ထိခိုက်သွားနိုင်မလားဟု စဉ်းစားမိကာ လက်နှေးနေခဲ့မိသည်။ ဦးနှောက်ထဲတွင်တော့ အကြိမ်ကြိမ်ရေးနေမိပါသည်။ ယခု ဤဆောင်ပါးကို စေတနာကောင်းနှင့်ရေးသားပါသည်။ တစ်ချိန်တစ်ခါက ဂျီဒီပီနိမ့်ကျကာ စီးပွားရေးချူချာခဲ့သော မြို့ကလေးကို ကမ္ဘာကြီးတစ်ခုလုံးက ကန်းမြို့ကလေးကဲ့သို့ သိရှိလာစေချင်ပါသည်။ ကျောက်ဖြူမြို့ကို ကမ္ဘာ့စီးပွားရေးအချက်အချာမြို့ကြီးတစ်ခုအဖြစ် မြင်လိုပါသည်။

ဘိက္ခဝေ၊ စေတနံ အဟံ ကမ္မံ ဝဒါမိဟူသော တရားစကားရှိရာ စေတနာက ကံ(အလုပ်)ကို ဖန်တီးကြောင်း ယုံကြည်ပါသည်။ ဤယုံကြည်ချက်ဖြင့် ဤဆောင်းပါးကို ရေးသားလိုက်ခြင်းဖြစ်ပါသည်။ ကျောက်ဖြူရေကို သောက်ခဲ့သော၊ ကျောက်ဖြူရေကို ချိုးခဲ့သော ကျွန်တော်သည် ဤဆောင်းပါးဖြင့် ကျောက်ဖြူမြို့ကလေးအတွက် တင်ခဲ့သောကျေးဇူးကြွေးကို ဆပ်လိုပါသည်။ ဆပ်နိုင်မည်ဟုလည်း တစ်ထစ်ချ ယုံကြည်မိပါသည်။ ဤခိုင်မာသော ယုံကြည်ချက်ကြောင့် ကျောက်ဖြူမြို့ကလေးသည် ကမ္ဘာ့စီးပွားရေးမျက်နှာစာတွင် သူနှင့်ထိုက်တန်သော နေရာတစ်ခုကို ဂုဏ်သိက္ခာရှိစွာ၊ လျင်မြန်စွာရရှိပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

> ကျောက်ဖြူမြို့သာ အခိုင်အမာဖွံ့ဖြိုးလာမည်ဆိုပါက လူဦးရေ သန်းတစ်ထောင့်သုံးရာရှိသော တရုတ်နိုင်ငံ၊ လူဦးရေ သန်းတစ်ထောင့်နှစ်ရာရှိသော အိန္ဒိယနိုင်ငံနှင့် လူဦးရေ စုစုပေါင်း သန်းခြောက်ရာ့နှစ်ဆယ်ကျော်ရှိသော အရှေ့တောင်အာရှနိုင်ငံများ၏ ပင်မအားထားရာ စီးပွားရေးမြို့တော်ကြီး ဖြစ်လာနိုင်စရာရှိနေပါသည်။

# ၂၀၁၆ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကျင်းပမည့် ၂၀၁၆ ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများကို မတ် ၂၄ ရက်မှ ဧပြီ ၆ ရက်အထိ တစ်နိုင်ငံလုံးတစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပမည်ဖြစ်သည်။

ဓမ္မာစရိယစာမေးပွဲကို ၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက် ကြာသပတေးနေ့မှ တပေါင်းလပြည့်ကျော် ၁၀ ရက် စနေနေ့အထိ (၂၀၁၆ ခုနှစ် မတ် ၂၄ ရက်မှ ဧပြီ ၂ ရက်)အထိလည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို ၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက် ကြာသပတေးနေ့မှ တပေါင်းလပြည့်ကျော် ၁၄ ရက် ဗုဒ္ဓဟူးနေ့ (၂၀၁၆ ခုနှစ် မတ် ၃၁ ရက်မှဧပြီ ၆ ရက်)အထိလည်းကောင်း သက်ဆိုင်ရာစာဖြေဌာနများတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် စာမေးပွဲများကျင်းပမည့် အချိန်စာရင်းကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်သံဃနာယကအဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့တို့သို့ ဆက်သွယ်သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ် ၁၁၇၄ ပါး၊ ပါဠိဂုဏ်ထူးအောင်ပုဂ္ဂိုလ်နှစ်ပါး၊ မြန်မာဂုဏ်ထူးအောင်ပုဂ္ဂိုလ် ၁၀ ပါး၊ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၆ ပါး၊ နိကာယ်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၇ ပါး၊ မဟာဝိဒူအောင်လေးပါး၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၇၇ ခုနှစ် တပို့တွဲလဆန်း ၁ ရက်၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၉ ရက် အင်္ဂါနေ့ မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး၌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာစာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများ ပေးပို့ဆက်ကပ်ပင့်ဆောင်ပြီးဖြစ်ရာ ပင့်စာများ အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးမြို့ မဟာအတုလဝေယန်ကျောင်းတော်ကြီးရှိ သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ(ယာယီရုံးခွဲ)သို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားသည်။

**(သတင်းစဉ်)**

## တိမ်အသင့်အတင့်ဖြစ်ထွန်း

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

# မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး လိုအပ်ချက်ရှိနေဆဲ

သတင်း - မြတ်စန္ဒီသင်းဇော်
ဓာတ်ပုံ - ရဲထွဋ်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

"မသန်စွမ်းသူများ အနေဖြင့် အလုပ်အကိုင်နှင့် ကိုယ်ပိုင်ဝင်ငွေရရှိမှုမှာ အဓိကလိုအပ်ချက်ဖြစ်ကြောင်း" မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့အစီအစဉ်ဒါရိုက်တာ ဦးနေလင်းစိုးက ယနေ့နံနက်က ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ကျင်းပသည့် ယင်းအဖွဲ့၏ ငါးနှစ်တာ ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းစဉ်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မီဒီယာများသို့ ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**



"အဓိကရည်မှန်းချက်ကတော့ မသန်စွမ်းထုတစ်ရပ်လုံး အမှီအခိုကင်းပြီး စွမ်းရည်အပြည့်အဝအသုံးချနိုင်တဲ့ တန်းတူညီမျှရှိတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ထွန်းပေါ် ပေါက်လာဖို့ပါ၊ ပြောင်းလဲတဲ့ရလဒ်တချို့ပြောရရင် စီးပွားရေးနဲ့ပတ်သက်တဲ့ ကဏ္ဍမှာ စီးပွားရေးအဖွဲ့အစည်းတွေကိုချဉ်းကပ်ပြီး မသန်စွမ်းသူတို့ရဲ့ အခွင့်အရေးတွေကို ပိုပြီးဖော်ဆောင်လာအောင် ဆောင်ရွက်ခဲ့တယ်။ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အဆင်ပြေတဲ့ဝန်ဆောင်မှုတွေပေးဖို့ ဆောင်ရွက်ခဲ့ပါတယ်။ Blue Ocean က Call Centre မှာ ၃၆ ဦးနဲ့ မြန်မာ့ရှေ့ဆောင်ဘဏ်မှာ ကိုးဦးခေါ်ယူခဲ့လို့ အလုပ်အကိုင်တွေ ရရှိခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း ခေါ်ယူဦးမယ်လို့ သိရတယ်"ဟု ၎င်းက ပြောသည်။

တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်များတွင် မသန်စွမ်းသူများ ကိုယ်ပိုင်ဆုံးဖြတ် ဘဝရပ်တည်နိုင်ရေးနှင့်အခွင့်အရေးများ တန်းတူညီမျှရရှိလာရေးအတွက် နယ်ရုံးခွဲများ ဖွင့်လှစ်၍ ကူညီထောက်ပံ့ဆောင်ရွက်ခြင်းတို့လုပ်ဆောင်ခဲ့ရာ ယနေ့အချိန်အထိ ရုံးခွဲပေါင်း ၂၄ ရုံးရှိကာ မသန်စွမ်းသူအသင်းဝင်ဦးရေ ၂၀၀၀ ကျော်ရှိကြောင်း၊ ၂၀၁၆ ခုနှစ်ကုန်တွင် ရုံးခွဲပေါင်း ၃၀ အထိ ဖွင့်လှစ်ရန် မျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါအဖွဲ့မှ စီမံဒါရိုက်တာ ဒေါ်ယုယသူကလည်း "မနှစ်ကစပြီး မသန်စွမ်းကျောင်းသား ကျောင်းသူတွေအတွက် တက္ကသိုလ်ပညာသင်ဆု ၂၄ ဦးပေးခဲ့ပါတယ်။ နောက်ပိုင်းတစ်နှစ်ကို ၁၀၀ အထိပေးမယ်လို့ စီစဉ်ထားပါတယ်။ ဒါပေမယ့်လျှောက်လွှာရရှိတဲ့အပိုင်းမှာတော့ ပျံ့နှံ့မှုက အခက်အခဲရှိနေပါတယ်။ ခြုံပြောရရင်တော့ မသန်စွမ်းမှုနဲ့ပတ်သက်တဲ့ လှုပ်ရှားမှုတွေ ပိုမိုအားကောင်းလာတယ်။ နောင်နှစ်တွေမှာလည်း အခုလိုလုပ်ဆောင်နိုင်ဖို့ ကြိုးစားသွားပါမယ်"ဟုဆိုသည်။

"မသန်စွမ်းသူတွေရဲ့ အခွင့်အရေးကိစ္စကို ဆောင်ရွက်ပေမယ့် မသန်စွမ်းခေါင်းဆောင်တွေ ရှားပါးနေပါတယ်။ အများစုက ရန်ကုန်မှာပဲရှိနေပြီး တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ မတွေ့ရဘူး။ ဒါကြောင့် နိုင်ငံတော်အဆင့် မသန်စွမ်းလူငယ်များခေါင်းဆောင်မှု မြှင့်တင်ရေးသင်တန်းတွေကို အပတ်စဉ် ပုံမှန်ဖွင့်လှစ်သင်ကြား ပို့ချနေပါတယ်။ ယနေ့အထိ မသန်စွမ်းလူငယ်ခေါင်းဆောင် ၁၅၀ ကို လေ့ကျင့်မွေးထုတ်ပြီးဖြစ်ပါတယ်။ အသက် ၁၈ နှစ်နဲ့ ၃၅ နှစ်အကြား မသန်စွမ်းလူငယ်တွေကို အဆင့်ဆင့်ရွေးချယ်ခဲ့တာပါ။ သူတို့အနေနဲ့ မိမိရပ်ရွာ၊ မိမိလူထုအကျိုးကို အားလုံးနဲ့လက်တွဲပြီး တတ်စွမ်းတဲ့ဘက်က ဖွံ့ဖြိုးရေးအစီအစဉ်တွေ အကောင်အထည်ဖော် ဆောင်ရွက်ဖို့ဖြစ်ပါတယ်"ဟု အစီအစဉ်ဒါရိုက်တာ ဦးနေလင်းစိုးက ပြောသည်။

ယခုကဲ့သို့ ပွင့်လင်းမြင်သာစွာ တင်ပြမှုများသည် စံနမူနာယူရမည့် ဆောင်ရွက်ချက်တစ်ခု ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် မသန်စွမ်းသူများအပေါ် ထားရှိသည့် သဘောထားအမြင်များ ပိုမိုပြောင်းလဲလာပြီး ပူးပေါင်းဆောင်ရွက်မှုများကို တိုးတက်ဖြစ်ထွန်းလာရန် မီဒီယာများက ဆောင်ရွက်ပေးနိုင်ရေး မျှော်လင့်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာန (ရန်ကုန်)မှ ဦးစီးအရာရှိ ဦးလှဦးက ပြောသည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့သည် အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မီဒီယာများနှင့်ပူးပေါင်း၍ မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် အကျုံးဝင်လူ့အဖွဲ့အစည်းအကြောင်း အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

# ဖန်းမော်မြို့၌ ရောဝတီမြစ်ကမ်းပါးပြို၍ ပြောင်းရွှေ့ဆောက်လုပ်ရသော ဘုန်းကြီးကျောင်းများကို အလှူငွေများလှူဒါန်း

**ဖန်းမော် ဒီဇင်ဘာ ၂၄**

ကချင်ပြည်နယ် ဗန်းမော်မြို့ ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်၊ မိုးမိတ်၊ မံစီမြို့နယ်များမှ စေတနာရှင်၊ ကုသိုလ်ရှင်များက လှူဒါန်းသောငွေများကို ပြည်နယ်သံဃနာယကအဖွဲ့ဝင် နမ့်ဖားဆရာတော် ဦးဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ကံဦးပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကေသဝနှင့် ဗန်းမော်အမျိုးချစ်သူများအဖွဲ့တို့သည် ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက နောင်ကာကျေးရွာနှင့် ကံသာကျေးရွာများသို့သွားရောက်ကာ ဧရာဝတီမြစ်ရေတိုက်စား၍ ကမ်းပါးပြိုခဲ့သဖြင့် ပြောင်းရွှေ့ဆောက်လုပ်ခဲ့သော ဘုန်းကြီးကျောင်းနှစ်ကျောင်းတို့ကို တစ်ကျောင်းလျှင် ငွေကျပ်သုံးသိန်းစီ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက သပြေကုန်းကျေးရွာ ဘုန်းကြီးကျောင်းသို့ သွားရောက်၍ ငွေကျပ်သုံးသိန်းပေးအပ်လှူဒါန်းခဲ့ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံယူခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ -နန်းရီ**



# မြန်မာ့ပုလဲရောင်းချပွဲတွင် ကျပ်သန်း ၄၂၀၀ ကျော်ဖိုးရောင်းချခဲ့ရ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

(၃၄) ကြိမ်မြောက် မြန်မာ့ပုလဲရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပလျက်ရှိရာ **(အပေါ်ပုံ)** ယနေ့သည် ရောင်းချပွဲ နောက်ဆုံးနေ့ဖြစ်ပြီး ပုလဲအတွဲ ၂၅၄ တွဲမှ ၃၇၆ တွဲကို မွန်းတည့် ၁၂ နာရီ တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့သည်။

ယနေ့တွင် အတွဲ ၁၂၃ တွဲ ရောင်းချခဲ့ရပြီး ယခုအကြိမ် မြန်မာ့ပုလဲရောင်းချပွဲတွင် စုစုပေါင်းအတွဲ ၃၄၇ တွဲ တန်ဖိုးအားဖြင့် ကျပ်သန်း ၄၂၀၀ ကျော် ရောင်းချခဲ့ရကြောင်း သိရသည်။

ယခုလ ၂၂ ရက်မှ ၂၄ ရက်အထိ သုံးရက်တာ မြန်မာ့ပုလဲရောင်းချပွဲတွင် မြန်မာကျပ်ငွေဖြင့် ပုလဲအတွဲ ၁ မှ ပုလဲအတွဲ ၃၇၆ အထိ ပုလဲအတွဲပေါင်း ၃၇၆ တွဲမှ ပုလဲအလုံးပေါင်း ၂၃၂၈၆၂ လုံး တင်ပြရောင်းချခဲ့သည်။

**(သတင်းစဉ်)**

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား အခမဲ့ခွဲစိတ်ကုသ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

နှစ်နိုင်ငံပညာရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ ဂျပန်နိုင်ငံ နိဂါတတက္ကသိုလ်မှ ပါမောက္ခ ရီစုအိုတာဂါဝိ ဦးဆောင်သောအဖွဲ့သည် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်၊ မေးရိုးနှင့်ခွဲစိတ်ကုသပညာဌာနမှ ဆရာဆရာမများနှင့်ပူးပေါင်း၍ ဒီဇင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်၊ ခုတင် ၅၀ ဆံ့ ဆေးရုံ၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၂၇ ဦးအား အခမဲ့ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မိုး/ဇလ)**





**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၆၈)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူစဉ်။** (မြဝတီ)

☆ *ကျောဖုံးမှ*

ဌာနချုပ်သို့ရောက်ရှိရာ ဌာနချုပ်မှူးက ရေယာဉ်တည်ဆောက်မှုနှင့်ပြုပြင်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေယာဉ်များ တည်ဆောက်ရာတွင် ရေယာဉ်အမျိုးအစားလိုက် ရည်မှန်းချက်တာဝန်များကို ပီပြင်စွာ ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ရန်၊ သင်္ဘောလွှန်းကျင်းများကို အဆင့်မြှင့်တင်သွားရန်၊ Commercial နှင့်ပတ်သက်၍လည်း လေ့လာသုတေသနပြုမှုများ ဆောင်ရွက်ရန်နှင့် မြန်မာ့ပိုင်နက်ပင်လယ်ကို အပြည့်အဝကာကွယ်နိုင်ရေးအတွက် လိုအပ်သည့် ရေယာဉ်တည်ဆောက်ပြုပြင်မှုဆိုင်ရာများကို မှာကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေတပ်သင်္ဘောကျင်းဌာနချုပ်အတွင်းရှိ တည်ဆောက်ဆဲဖြစ်သော ကမ်းလွန်ကင်းလှည့်ရေယာဉ်နှင့် ကော်ဗတ်စစ်ရေယာဉ် တည်ဆောက်နေမှု၊ ရေယာဉ်များလွှန်းတင်ပြင်ဆင်မှု၊ ကိုယ်ထည်တပ်ဆင်တွဲဆက်သည့် အလုပ်ရုံတိုးချဲ့မှုနှင့် ရေယာဉ်ပုံစံငယ်စမ်းသပ်ကန် တည်ဆောက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သန်လျင်တပ်နယ်အမှတ်(၃) ရေတပ်ဆိပ်ခံတံတား၌ (၆၈)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ သန်လျင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်မိုးအောင်က တပ်တော်ဝင်အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရေတပ်သင်္ဘောကျင်းဌာနချုပ်မှူးက ဗျူဟာစစ်ရေယာဉ်စုမှူးထံသို့ စစ်ရေယာဉ်များနှင့်ပတ်သက်သော စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်တော်ဝင် အခမ်းအနားအထိမ်းအမှတ် စစ်ရေယာဉ် ပုံစံငယ်များကို ဂါရဝပြုပေးအပ်သည်။

၎င်းနောက် စစ်ဦးစီးအရာရှိချုပ်(ရေ)က တပ်တော်ဝင်စစ်ရေယာဉ်များအဖြစ် ကြေညာရာ နိုင်ငံတော်သီချင်းတီးခတ်ခြင်း၊ တပ်တော်ဝင်အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်းရှစ်ချက်တီးခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ တပ်မတော်(ရေ) အလံလွှင့်တင်ခြင်းနှင့် တပ်တော်ဝင် လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သည်။

ယင်းနောက် တပ်တော်ဝင်စစ်ရေယာဉ်များဖြစ်သော ကမ်းထိုးရေယာဉ်များ၊ ပင်လယ်သွားဆေးရုံရေယာဉ်-သံလွင်နှင့် စစ်ရေယာဉ်-ဆင်ဖြူရှင်တို့အား လှည့်လည်ကြည့်ရှုကြရာ စစ်ရေယာဉ် တာဝန်ကျတပ်ဖွဲ့များက ကြိုဆိုအလေးပြုပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် စစ်ရေယာဉ်မှူးများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ် ဆင်ဖြူရှင်ပေါ်ရှိ အလေးပြုခံစင်မြင့်ပေါ်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။ ထိုအချိန်တွင် စစ်ရေယာဉ်-ရန်တိုင်းအောင်ကလည်း အမြောက် ၁၉ ချက်ပစ်ဖောက်၍ ဂုဏ်ပြုအလေးပြုသည်။ ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဖရီးဂိတ်စစ်ရေယာဉ်-အမြန်သွား တိုက်ခိုက်ရေးရေယာဉ်(ဒုံးပျံ)၊ အမြန်သွား တိုက်ခိုက်ရေးရေယာဉ်(အမြောက်) စုစုပေါင်း ရှစ်စင်းတို့က Single Line Formation ပုံပြမောင်းနှင်၍ ချီတက်အလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်(ရေ)က အမြောက်ပစ်ဖောက်ဂုဏ်ပြုအလေးပြုထားသော ပထမဆုံးကျည်ဆန်အား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုမောင်းနှင်ချီတက် အလေးပြုခဲ့သောစစ်ရေယာဉ်များမှ ဗျူဟာစစ်ရေယာဉ်စုမှူး ဗိုလ်မှူးကြီး နိုင်မင်းကျော်နှင့် တပ်တော်ဝင် စစ်ရေယာဉ်များမှ စစ်ရေယာဉ်မှူး ဒုတိယဗိုလ်မှူးကြီး အောင်မျိုးလှိုင်တို့အား ဂုဏ်ပြုလက်ဆောင်များကို လည်းကောင်း၊ ရေတပ်သင်္ဘောကျင်းဌာနချုပ်ဌာနချုပ်မှူး ဗိုလ်ချုပ်မြင့်ဦးအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်(ရေ)၏ (၆၈)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် စစ်ရေယာဉ်များ တပ်တော်ဝင်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ တပ်မတော်(ရေ)မှ ကိုယ်တိုင်တည်ဆောက်ခဲ့သည့် ခေတ်မီအဆင့်မြင့် ဖရီးဂိတ်စစ်ရေယာဉ်-ဆင်ဖြူရှင်နှင့် တပ်မတော်သမိုင်းတွင် ယခင်ကမရှိသေးသည့် ပင်လယ်သွားဆေးရုံ စစ်ရေယာဉ်-သံလွင်တို့အား တပ်တော်ဝင်နိုင်ခြင်းသည် တပ်မတော်(ရေ)၏ သမိုင်း၊ တပ်မတော်၏ သမိုင်းနှင့် နိုင်ငံတော်သမိုင်းတွင် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ဖရီးဂိတ်စစ်ရေယာဉ်-ဆင်ဖြူရှင်အား ယခင်တည်ဆောက်ခဲ့ပြီးဖြစ်သည့် စစ်ရေယာဉ်-အောင်ဇေယျနှင့် ကျန်စစ်သားတို့အား တည်ဆောက်ခဲ့မှုအတွေ့အကြုံများပေါ်တွင်မူတည်၍ တတိယမြောက် အကောင်းဆုံး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ပင်လယ်သွား ဆေးရုံ ရေယာဉ်-သံလွင်အား တပ်တော်ဝင်နိုင်ခြင်းကြောင့် ကမ်းရိုးတန်းဒေသတစ်လျှောက်တွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအားအဓိကထား၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးနိုင်မည်ဖြစ်ပြီး လိုအပ်ပါက တပ်မတော်သားမိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်(ရေ) ၏ ရည်မှန်းချက်ဖြစ်သော "မြန်မာ့ပင်လယ် ဒို့ကာကွယ်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စောင့်ရှောက်ကာကွယ်နိုင်ရမည်ဖြစ်ကြောင်း၊ ယခင်ဆယ်စုနှစ်အတွင်း ယိုပေါက်များစွာ ရှိခဲ့သော်လည်း တဖြည်းဖြည်းပြုပြင်ပြောင်းလဲ တည်ဆောက်ခဲ့ခြင်းကြောင့် ပြီးပြည့်စုံမှု မရှိသေးသော်လည်း အတိုင်းအတာတစ်ခုအထိ စောင့်ရှောက်ကာကွယ်နိုင်ပြီဖြစ်ရာ ဆက်လက်ကြိုးစားလုပ်ဆောင်ရဦးမည် ဖြစ်ကြောင်း၊ စစ်ရေယာဉ်များ၏ စွမ်းပကားကို မြှင့်တင်ရာတွင် ရေယာဉ်၏ ဒီဇိုင်းပုံစံအခြေခံကို မပြောင်းဘဲ တပ်ဆင်ထားသည့် စက်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ လက်နက်စနစ်စသည်တို့ကိုပြောင်းလဲ၍ လိုအပ်သော Performance ရရှိအောင် ဆောင်ရွက်ခြင်းနှင့် လိုအပ်ချက်များအပေါ်အခြေခံ၍ ပြီးပြည့်စုံအောင် ပြောင်းလဲ ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နိုင်ကြောင်း၊ မိမိလုပ်ကိုင်နိုင်သည့်စွမ်းပကားနှင့် ကိုယ်တိုင်တီထွင်ကြံဆလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ရေတပ်သင်္ဘောကျင်းဌာနချုပ်အနေဖြင့် တိုတောင်းသည့် ကာလအတွင်း စစ်ရေယာဉ်အစင်း ၃၀ ကျော် တည်ဆောက်နိုင်သကဲ့သို့ အဆင့်မြင့် စစ်ရေယာဉ်များကိုပါ တည်ဆောက်နိုင်ခဲ့ကြောင်း၊ ယင်းမှာ တပ်မတော်(ရေ) အရာရှိ၊ စစ်သည်များ၏ အင်ဂျင်နီယာစွမ်းပကားနှင့် စွမ်းဆောင်ရည်မြင့်မားမှု၊ တီထွင်ကြံဆနိုင်မှုတို့ကြောင့် ဖြစ်ကြောင်း၊ ၎င်းတို့ကို ပြည့်စုံစွာ အသုံးချနိုင်ပါက ယခုထက်ပို၍ အစွမ်းထက်မြက်သည့် ရေတပ်ဖွဲ့ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ကာကွယ်ရေးလုပ်ငန်းဆိုသည်မှာ အချိန်ယူ၍ ကြိုတင်ပြင်ဆင်လုပ်ကိုင်ရကြောင်း၊ နောင်အနာဂတ်တွင် Blue Water Navy ဖြစ်သည်အထိ ကြိုတင်ပြင်ဆင်မှုများနှင့် တာဝန်ရှိသူများ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြသူများ တစိုက်မတ်မတ်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စစ်ရေယာဉ်များ တပ်တော်ဝင်နိုင်ခြင်းကြောင့် တပ်မတော်(ရေ)အတွက်၊ တပ်မတော်နှင့် နိုင်ငံတော်အတွက် ဂုဏ်ယူပါကြောင်း၊ ထိုသို့ တပ်တော်ဝင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော တပ်မတော်(ရေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်အားလုံးကို ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်စစ်ရေယာဉ် တည်ဆောက်စဉ်က ပါဝင်ခဲ့သည့် တပ်မတော်(ရေ)မှအငြိမ်းစားအရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ညနေပိုင်းတွင် ဧရာဝတီ ရေတပ်စခန်းဌာနချုပ်၌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် (၆၈)နှစ်မြောက် တပ်မတော်(ရေ)နေ့အထိမ်းအမှတ် ပြခန်းများနှင့် အထိမ်းအမှတ်ပစ္စည်း အရောင်းဆိုင်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဖွဲ့ဝင်များနှင့်အတူ လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ ကျင်းပပြုလုပ်သော (၆၈)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားတွင် ဒုံးပျံတင်ဖရီးဂိတ် စစ်ရေယာဉ် တစ်စင်း၊ ပင်လယ်သွား ဆေးရုံရေယာဉ် တစ်စင်းနှင့် တင့်ကားတင်ကမ်းထိုး ရေယာဉ်ခြောက်စင်းတို့ တပ်တော်ဝင်ခဲ့ခြင်းဖြစ်သည်။

တပ်မတော်(ရေ)အနေဖြင့် ဒုံးပျံတင်ဖရီးဂိတ် စစ်ရေယာဉ်များအား ၂၀၀၅ ခုနှစ်မှစတင်၍ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ရာ စစ်ရေယာဉ် အောင်ဇေယျအား ၂၀၁၀ ပြည့်နှစ်တွင် လည်းကောင်း၊ စစ်ရေယာဉ် ကျန်စစ်သားအား ၂၀၁၄ ခုနှစ်တွင် လည်းကောင်း တပ်တော်ဝင်ခဲ့ပြီးဖြစ်သည်။

ယခု တတိယစစ်ရေယာဉ်ဖြစ်သည့် စစ်ရေယာဉ် ဆင်ဖြူရှင်အား ၂၀၁၀ ပြည့်နှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခင်တည်ဆောက်ပြီး ဖရီးဂိတ်စစ်ရေယာဉ်များနှင့်အခြေခံပုံစံတူညီသော်လည်း ရေဒါပုံရိပ်ဖမ်းယူရရှိမှုကို ပိုမိုလျော့ချနိုင်သည့် ကိုယ်ပျောက်နည်းပညာ ဒီဇိုင်းအသုံးပြုထားပြီး ပိုမိုစွမ်းအားမြင့်မားသည့် စစ်လက်နက်ပစ္စည်းများ ထပ်မံဖြည့်ဆည်း တပ်ဆင်ထားသော အလျား ၁၀၈ မီတာ၊ တန်ချိန် ၁၈၅၀ ရှိသည့် အဆင့်မြင့်ခေတ်မီ ဒုံးပျံတင် ဖရီးဂိတ်စစ်ရေယာဉ်ဖြစ်သည်။

အလားတူ ၂၉ မီတာ ကမ်းထိုး ရေယာဉ်ခြောက်စင်းကိုလည်း ၂၀၁၅ ခုနှစ် မတ်လက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တပ်မတော်၏ စစ်ဆင်ရေးများတွင် များစွာအထောက်အကူပြုနိုင်သည့် တင့်ကားတင် ကမ်းထိုး ရေယာဉ်များအဖြစ် ထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။

ယင်းသို့ စစ်ရေယာဉ်များကို ကိုယ်တိုင် တည်ဆောက်နိုင်ခြင်းကြောင့် ပြည်ပနိုင်ငံများမှ ဝယ်ယူခြင်းထက် ကုန်ကျစရိတ်များစွာသက်သာခြင်း၊ မိမိအရာရှိ၊ စစ်သည်များအတွက် အဖိုးမဖြတ်နိုင်သောရေယာဉ် ဒီဇိုင်းပြုလုပ်တည်ဆောက်မှု နည်းပညာ အတွေ့အကြုံများရရှိခြင်း၊ တပ်မတော်(ရေ)၏ မြန်မာ့ပင်လယ်ပြင် ကာကွယ်ရေးစွမ်းပကားတိုးမြှင့်ရာတွင် များစွာအထောက်အကူရရှိခြင်းအကျိုးကျေးဇူးများ ရရှိစေသည်။

ပင်လယ်သွားဆေးရုံရေယာဉ်-သံလွင်ကို ၂၀၁၃ ခုနှစ်တွင် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းက လွှဲပြောင်းရယူပြီး အဆင့်မြင့်ဆေးရုံရေယာဉ်အဖြစ် အသွင်ပြောင်းလဲ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆေးရုံရေယာဉ် သံလွင်၌ ၂၅ ခုတင်ဆံ့ အဆင့်မြင့်ဆေးရုံတစ်ခုနှင့် ညီမျှသည့် CT Scan Room၊ Minor Eye Operation Room၊ Minor Operation Theatre နှင့် Major Operation Theatre တို့ပါဝင်ပြီး ဆေးရုံတက်ရောက်ကုသနိုင်ရန် လူနာဆောင် (Patient Room)၊ မေ့ဆေးစက်၊ အသက်ရှူအားကူစက်များ ပါဝင်သော အထူးကြပ်မတ်ကုသဆောင်တို့လည်း ပါဝင်သည်။

ထို့ပြင် တယ်လီဗေးရှင်းဓာတ်မှန်ရိုက်စက်၊ သွေးအတွင်းရောဂါရှာဖွေရေးစက်များ၊ မျက်စိ၊ နား၊ နှာခေါင်းစမ်းသပ်စက်များ၊ အောက်ဆီဂျင်ထုတ်လုပ်သော အထိုင်စက်နှင့် ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများ ဖျက်ဆီးရန် စက်များပါရှိသည်။ သားဖွား၊ မီးယပ်လူနာများကိုလည်း ကုသပေးနိုင်ကာ သားဖွားခန်းတစ်ခန်းပါရှိပြီး မွေးကင်းစ ကလေးအသားဝါကုသခြင်းကိုလည်း ပြုလုပ်နိုင်သည်။ သွားဘက်ဆိုင်ရာရောဂါများ ကုသနိုင်ရန်အတွက် Dental Chair and Unit အပြည့်အစုံ၊ ခေတ်မီဓာတ်ခွဲခန်းတို့ပါရှိသည်။ ဆေးရုံရေယာဉ်တွင် လူနာများ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေး ဓာတ်လှေကားစနစ်ကိုလည်း တပ်ဆင်ထားသည်။

ပင်လယ်သွားဆေးရုံရေယာဉ်သံလွင်အား တပ်တော်ဝင်နိုင်ခြင်းကြောင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့ရွာများမှ ပြည်သူလူထုအား တပ်မတော်၏ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ထိရောက်စွာ အကျိုးပြုနိုင်မည်ဖြစ်သည့်အပြင် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများသို့လည်း အမြန်ဆုံးသွားရောက်၍ အဆင့်ဆင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြုလုပ်ပေးနိုင်မည်ဖြစ်သည်။

(၆၈)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီ ရေတပ်စခန်းဌာနချုပ်၌ အရုဏ်ဆွမ်းကပ်လှူပြီး သန်လျင်တပ်နယ် ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌စစ်ရေးပြအခမ်းအနား ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းမကြီးပေါ်ရှိ သံကူကွန်ကရစ်တံတားလေးစင်း တစ်ပြိုင်တည်းဖွင့်လှစ်

**ပူတာအို ဒီဇင်ဘာ ၂၄**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်အတွင်း မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းမကြီးပေါ်ရှိ ပြည်ထောင်စုရန်ပုံငွေကျပ် ၂၇၅၆ ဒသမ ၈ သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)က တာဝန်ယူဆောက်လုပ်ပြီးစီးသည့် တံတားအရှည်ပေ ၅၇၀ ရှိ တံတားအမှတ်(၁/၂၁၁) မူလာရှီးဒီသံကူကွန်ကရစ်တံတားဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက မူလာရှီးဒီ တံတားတည်ဆောက်ရေးစီမံကိန်းမြေနေရာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဦးကမန်းဒူနော်တို့က အမှာစကားပြောကြားကြပြီး ဒေသခံပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးဝါလီဆီက တံတားလေးစင်း ဖွင့်လှစ်ပေးခြင်းအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဦးညွှန့်အောင်နှင့်တံတားဦးစီးဌာန အင်ဂျင်နီယာချုပ်(တံတား) ဦးဇော်ဝင်းမြင့်တို့က တံတားအမှတ်(၁/၂၁၁) မူလာရှီးဒီ တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဒုတိယဝန်ကြီးက မူလာရှီးဒီတံတားကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးနှင့် အဖွဲ့များသည် တံတားပေါ် ဖြတ်သန်းကြည့်ရှုကြသည်။

အလားတူ ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၉၇၅ ဒသမ ၀၀ ဖြင့် တည်ဆောက်ပြီးစီးသည့် တံတားအရှည် ၁၉၅ ပေရှိ တံတားအမှတ်(၁/၂၁၈) လုံးစွတ်တံတားကို နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ ပြည်ထောင်စုရန်ပုံငွေ ကျပ်သန်း ၁၁၃၀ ဒသမ ၀၀ ဖြင့် တည်ဆောက်ပြီးစီးသည့် တံတားအရှည်ပေ ၃၃၀ ရှိ တံတားအမှတ်(၂/၁၉၃) တန်ဂျာ(၂)တံတားနှင့် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၈၅၀ ဒသမ ၀၀ ဖြင့် တည်ဆောက်ပြီးစီးသည့် တံတားအရှည် ပေ ၂၄၀ ရှိ တံတားအမှတ်(၁/၁၉၃) တန်ဂျာ(၁)တံတား **(အပေါ်ပုံ)** ကို နံနက် ၁၀ နာရီတွင် လည်းကောင်း ဖွင့်လှစ်ခဲ့ကြသည်။



အဆိုပါ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းမကြီးပေါ်ရှိ တံတားလေးစင်း ဖွင့်လှစ်ပေးခြင်းဖြင့် ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေလာမည့်အပြင် ခရိုင်အတွင်းသို့ ကုန်စည်စီးဆင်းမှုယခင်ကထက် မြန်ဆန်လာမည်ဖြစ်သဖြင့် ဒေသခံပြည်သူများဝမ်းသာလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဖားကန့်မြို့နယ်၏ သဘာဝတောတောင်နှင့် သစ်တောသစ်ပင်များကို စနစ်တကျထိန်းသိမ်းပေးစေလို

**ဖားကန့် ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖားကန့်မြို့နယ်အတွင်းရှိ သဘာဝတောတောင်နှင့် သစ်တောသစ်ပင်များ မပျက်စီးမဆုံးရှုံးရအောင် တာဝန်ရှိသူများအနေဖြင့် ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်ကာ စနစ်တကျ ကာကွယ်ပေးရန်အထူးပင် လိုအပ်နေကြောင်း သိရှိရသည်။

ဖားကန့်မြို့နယ်သည် ရွှေသတ္တုနှင့် ကြေးနီသတ္တုထွက်ရှိရာဒေသဖြစ်သည့်အပြင် မြန်မာ့အဖိုးတန် ကျွန်းသစ်နှင့် အခြားသစ်မာအမျိုးအစားများ ပေါက်ရောက်ရှင်သန်ရာ ဒေသတစ်ခုဖြစ်သည်။ ဖားကန့်မြို့နယ်တွင် ၁၉၉၈ ခုနှစ်နောက်ပိုင်းမှ စတင်၍ ရွှေသတ္တုတူးဖော်သော ကုမ္ပဏီကြီးများ ဝင်ရောက်လာပြီး လုပ်ကွက်ဧရိယာများ သတ်မှတ်ကာ စက်ယန္တရားကြီးများဖြင့် အလွန်အကျွံလုပ်ကိုင်ဆောင်ရွက်နေမှု တို့ကြောင့် **(အောက်ပုံ)** ဖားကန့်မြို့နယ်သည်



ရေမြေတောတောင် သယံဇာတအရင်းအမြစ်များ အချိန်တိုအတွင်း ပျက်စီးပျောက်ဆုံးဖွယ်အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

ဖားကန့်မြို့နယ်သည် ကမ္ဘာ့အကြီးဆုံး ကျွန်းသစ်ပင်ကြီး ရှင်သန်ပေါက်ရောက်ရာဒေသ၊ မြန်မာနိုင်ငံ၏ ထူးခြားအံ့ဖွယ် ရှေးဟောင်းသမိုင်းဝင် ဇလုံတောင်တော် တည်ရှိရာဒေသ၊ ရွှေသတ္တုအများအပြားထွက်ရှိရာဒေသ၊ ရေတံခွန်စိမ့်စမ်းအင်းအိုင် သဘာဝရေထွက်ပေါက်များ ပေါကြွယ်ဝသည့် ဒေသ၊ လယ်ယာမြေနှင့် သီးနှံစိုက်ခင်းများ များပြားလှသည့်ဒေသ၊ ရှေးကျသော လူသားမျိုးစိတ်များဖြစ်သည့် ကဒူး ကနန်းတိုင်းရင်းသားများ နေထိုင်ရာ ယဉ်ကျေးမှုထွန်းကားသည့် ဒေသနယ်ပယ်ဖြစ်သည်။

ယခုအချိန်တွင်မူ ဖားကန့်မြို့နယ်ရှိ ရွှေလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီကြီးများက သစ်တောများကိုခုတ်ထွင်ကာ အပေါ်ယံမြေကြီးနှင့် အောက်ခံကျောက်များကို တူးဖော်နေကြသည်မှာ ရွှေမှော်များအတွင်း ချိုင့်ဝှမ်းကြီးများဖြစ်ပေါ်ကာ အနီးပတ်ဝန်းကျင်က စိမ့်စမ်းနှင့် ချောင်းမြောင်းတို့ကို ဒေသခံများအသုံးပြုမရတော့သည်ထိ ပျက်စီးဆုံးရှုံးခဲ့ကြရသည်။

ထို့ပြင် စိမ်းလန်းဝေဆာလျက်ရှိနေခဲ့သော ကြိုးပြင်ကာကွယ်တောအတွင်းရှိ သစ်တောသစ်ပင်တို့မှာ တစ်တောလုံးပြုတ်၍ လွင်တီးခေါင်များ ဖြစ်ကြရသည်။ ဖားကန့်မြို့နယ်အတွင်း ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် မြန်မာ့အဖိုးတန်သစ်တောသစ်ပင်များ ပျက်စီးဆုံးရှုံးရသဖြင့် ရာသီဥတုဆိုးရွားလာကာ ဂေဟစနစ် ပျက်ယွင်းလာခြင်း၊ လယ်ယာမြေများအတွင်း ရွှေတူးဖော်မှုကြောင့် လယ်ယာမြေများ ပျောက်ဆုံးနည်းပါးလာခြင်း၊ မူးယစ်ဆေးနှင့် လောင်းကစားဝိုင်းများ ပေါများလာမှုကြောင့် ၎င်းဒေသတွင် နေထိုင်လျက်ရှိသည့် လူကြီး လူလတ် လူငယ် လူရွယ်များ၏ စာရိတ္တပိုင်းဆိုင်ရာများပါ ချို့ယွင်းပျက်စီးလျက်ရှိသည်။

ရွှေသတ္တုတူးဖော်ရေး ကုမ္ပဏီကြီးများနှင့် အကျိုးတူစာချုပ်ရာတွင် အသေးစားလုပ်ကွက်များ၌ စက်ယန္တရားများ အသုံးပြုခွင့် မပြုထားသော်လည်း လိုက်နာမှုမရှိ ယာဉ်ယန္တရားများ အသုံးပြုကာ တူးဖော်ကြသည်။ ထို့ပြင် ရွှေလုပ်ကွက်လုပ်ငန်းရပ်နားသွားချိန် ပြီးဆုံးသွားချိန်၌ မြေသားများကို ပြန်လည်ပြုပြင်ကာ သစ်ပင်များ ပြန်လည်စိုက်ပျိုးပေးထားခဲ့ရမည် ဟူသည့် အချက်ကိုလည်း လိုက်နာခြင်းမရှိ၊ ချိုင့်ဝှမ်းကြီးများကို ပြုပြင်ပေးခြင်းမရှိဘဲ ပစ်ထားသည်ဟု ဒေသခံများက ပြောဆိုနေကြပြီး ဖားကန့်မြို့နယ်အတွင်းရှိ ရွှေတွင်းတူးဖော်ရေးလုပ်ငန်းများကြောင့် သဘာဝတောတောင်နှင့် သယံဇာတ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသဖြင့် စနစ်တကျတူးဖော်မှုရှိစေရေးကို ဒေသခံများက အထူးလိုလားလျက်ရှိကြောင်း သိရသည်။

**ဖိုးနိုင်(ကသာ)**

# ထိပ်တန်းမြန်မာ အထည်ချုပ်စက်ရုံအလုပ်သမားများ လုပ်ခလစာအပြည့်လိုချင်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် စက်မှုဇုန်(၄) ဆိပ်ကမ်းသာလမ်းရှိ ထိပ်တန်းမြန်မာ အထည်ချုပ်စက်ရုံ အလုပ်သမားများ နိုဝင်ဘာလ လုပ်ခလစာ အပြည့်မပေးခြင်းကြောင့် ဒီဇင်ဘာ ၇ ရက်ကစ၍ အလုပ်သမား ၂၂၀ စက်ရုံပြင်ပတွင် ဆန္ဒထုတ်ဖော်ခဲ့ပြီး ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီက ရန်ကုန်-ပုသိမ်လမ်းမှ ရန်ကုန်-ညောင်တုန်း လမ်းအတိုင်း ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ရန် အလုပ်သမား ၃၀၀ ခွင့်ပြုထားသော်လည်း အလုပ်သမား ၁၅၀ ကျော် ပုသိမ်လမ်းမကြီး မီးခွက်ဈေးအောက်ထိပ်မှ စတင်လှည့်လည်ခဲ့ပြီး နိုဝင်ဘာလအတွက် လုပ်ခလစာအပြည့်အဝရရှိရန် သက်ဆိုင်ရာဌာနမှ အမြန်ဆုံးဖြေရှင်းပေးရေးဆိုင်းဘုတ်များ ကိုင်ဆောင်ကာ စီတန်းလှည့်လည်ခဲ့ရာ အလုပ်သမားကိုယ်စားလှယ် မမိုးစန္ဒာမြင့်က "စက်တင်ဘာလမှာ လုပ်ခလစာကျပ် ၃၆၀၀ သတ်မှတ်ပေးခဲ့ပေမယ့် စက်ရုံက ငွေကျပ် ၃၀၀၀ နဲ့ လစာရှင်းတယ်။ အောက်တိုဘာလစာကိုလည်း ရက် ၂၀ စာပဲရှင်းတယ်။ နိုဝင်ဘာလစာကျတော့ ၁၅ ရက်စာပဲရှင်းပေးတဲ့အတွက် အလုပ်သမားတွေက လစာအပြည့်ရှင်းမှ အလုပ်ဆင်းမယ်ဆိုပြီး ဆန္ဒထုတ်ဖော်ခဲ့တာပါ။ အလုပ်နေ့တိုင်းဆင်းပြီး လုပ်ငန်းခွင်ဝင်တဲ့အတွက် လုပ်ခလစာအပြည့်လိုချင်လို့ စီတန်းလှည့်လည်တာပါ" ဟု ပြောသည်။

အဆိုပါစက်ရုံတွင် အလုပ်သမား ၁၂၅ ဦး လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိပြီး နိုဝင်ဘာလစာ ၁၅ ရက်စာရှင်းပေးမှုကို လက်ခံ၍ လုပ်ငန်းခွင်ဝင်ရောက်ခဲ့သော်လည်း ကျန်သော ၁၅ ရက်စာအတွက် အလုပ်လုပ်ရင်းတောင်းဆိုသွားမည်ဖြစ်ကြောင်း စက်ရုံအတွင်းမှ အလုပ်သမားကိုယ်စားလှယ် မသဇင်အောင်က ပြောသည်။

စီတန်းလှည့်လည်သော အလုပ်သမားများ စက်မှုဇုန်မီးပွိုင့်မှ တပင်ရွှေထီးလမ်းအတိုင်း ညောင်တုန်းလမ်းသို့လှည့်လည်ခဲ့ပြီး အောင်မြေသာယာစေတီအနီးရှိ မြို့နယ်ဘောလုံးကွင်းတွင် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရပ်နားကာ စီတန်းလှည့်လည်မှု ပြီးဆုံးခဲ့ကြောင်း သိရသည်။

"နိုဝင်ဘာလ လုပ်ခလစာကို ၁၅ ရက်စာပဲရှင်းပေးနိုင်မှာပါ။ လက်ခံရင် အချိန်မရွေး လုပ်ငန်းခွင်ဝင်ဖို့ ကြိုဆိုလျက်ပါ။ သတ်မှတ်ထားတဲ့ အထည်ကို ကျပ် ၃၆၀၀ သတ်မှတ်တဲ့ လကစပြီး သူတို့က အပြည့်မချုပ်တော့ဘူး။ ထိပ်တန်းနန္ဒာစက်ရုံ အသစ်အတွက် အလုပ်သမား ၁၈၀၀ ကို ခန့်ဖို့ အစီအစဉ်ရှိပါတယ်။ လုပ်ငန်းခွင်မှာ ကုန်ကြမ်းအပြည့်ရှိတယ်။ ထုတ်လုပ်မှုကျဆင်းတဲ့အတွက် ဂျပန်ကမှာတဲ့ အနွေးထည် အော်ဒါမပို့နိုင်တာ သုံးလရှိပါပြီ။ အလုပ်သမား ၃၀ နေတဲ့ စက်ရုံထဲက အဆောင်ကို ပြင်စရာရှိတဲ့အတွက် အလုပ်သမားတွေကို ပြောင်းရွှေ့ခဲ့တာပါ။ ဖယ်ရီကြို/ပို့ရပ်ဆိုင်းလိုက်တာက အလုပ်သမားတွေ လုပ်ငန်းခွင်ထဲပြန်ဝင်ရင် ညှိနှိုင်းဆောင်ရွက်ပေးသွားမှာပါ။ အလုပ်သမား ၃၅၀ ကျော်ရှိတဲ့အတွက် အားလုံးအဆင်ပြေစေချင်ပါတယ်" ဟု စက်ရုံမန်နေဂျာ ဒေါ်ဆွေဆွေမင်းက ပြောသည်။



ထိပ်တန်းမြန်မာ အထည်ချုပ်စက်ရုံ လုပ်ငန်းခွင်။

**သန်းထိုက်(လှိုင်သာယာ)**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း

## ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၇ ခုနှစ်၊ လ ရက်**
**(၂၀၁၅ ခုနှစ်၊ လ ရက်)**

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ဆောင်ရွက်မည့် စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ၂၀၁၆ ခုနှစ် ဧပြီလ(၁)ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတိုင်းနှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ(၆)လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်း ဖြစ်ပါသည်။

(ဃ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ်၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

**အခန်း(၂)**

**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၇. ၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းများအရ-
(၁) လယ်ယာကဏ္ဍတွင် ၅. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၃. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၂၃. ၀ ရာခိုင်နှုန်း လျော့နည်းရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၁၈. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁၁. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၀. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၆. ၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၄. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၈. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၄. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၆. ၇ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ-
(၁) ကချင်ပြည်နယ်တွင် ၁၁. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၅. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၇. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၃၀. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၈. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၄. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၇. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၈. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၇. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၆. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၇. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၃. ၅ ရာခိုင်နှုန်း တိုးတက်ရန်။

(ဃ) စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက် ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ပါဝင်မှု အချိုးအစားကို ၂၆. ၂ ရာခိုင်နှုန်းမှ ၂၅. ၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ပါဝင်မှု အချိုးအစားကို ၃၅. ၀ ရာခိုင်နှုန်းမှ ၃၅. ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈. ၈ ရာခိုင်နှုန်းမှ ၃၈. ၅ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(င) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၅၅၄၂၀. ၆ ဘီလီယံ ဖြစ်ပေါ်ရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၂. ၀၅ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀. ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၇. ၉၄ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းများအရ ပြည်ပပို့ကုန်ကို ကျပ် ၁၈၁၅၇. ၁ ဘီလီယံတင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၂၂၁၈၅. ၅ ဘီလီယံတင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ( Per capital GDP )ကို နှစ်အလိုက် ဈေးနှုန်းအရ ကျပ် ၁၄၁၃၀၃၁ မှ ကျပ် ၁၅၈၄၉၆၁သို့ ဖြစ်ပေါ်လာရန်။

**အခန်း(၃)**

**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မ ၄ ပါ ပုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)နှင့်(ဇ)တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာ ဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်း၊ ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံ ဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ ကဏ္ဍကြီးများအလိုက် စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၆,၃၀၂,၄၅၆.၀** | **၂၈.၆** | **၃.၄** | **၁၇,၀၄၅,၁၉၆.၈** | **၂၇.၈** | **၄.၆** |
| | ၁ | လယ်ယာ | ၁၁,၄၁၉,၄၀၄. ၀ | ၂၀. ၀ | ၂. ၈ | ၁၂,၀၄၀,၆၃၃. ၉ | ၁၉. ၆ | ၅. ၄ |
| | ၂ | သားငါး | ၄,၇၇၇,၀၄၄. ၉ | ၈. ၄ | ၅. ၅ | ၄,၉၂၂,၉၄၇. ၉ | ၈. ၀ | ၃. ၁ |
| | ၃ | သစ်တော | ၁၀၆,၀၀၇. ၁ | ၀. ၂ | -၁၆. ၂ | ၈၁,၆၁၅. ၀ | ၀. ၂ | -၂၃. ၀ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၇,၀၁၀,၃၄၁.၁** | **၂၉.၉** | **၈.၃** | **၁၈,၉၃၀,၇၀၉.၄** | **၃၀.၉** | **၁၁.၃** |
| | ၁ | စွမ်းအင် | ၇၁,၂၈၁. ၁ | ၀. ၁ | -၁၉. ၇ | ၈၄,၆၈၆. ၈ | ၀. ၁ | ၁၈. ၈ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၆၂၉,၇၇၈. ၇ | ၁. ၁ | ၁. ၁ | ၇၀၁,၉၉၁. ၅ | ၁. ၂ | ၁၁. ၅ |
| | ၃ | စက်မှုလက်မှု | ၁၂,၅၂၂,၆၀၅. ၅ | ၂၂. ၀ | ၉. ၉ | ၁၃,၈၆၉,၈၀၁. ၆ | ၂၂. ၆ | ၁၀. ၈ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၇၀၁,၉၇၄. ၂ | ၁. ၃ | ၁၀. ၈ | ၇၄၇,၇၃၀. ၁ | ၁. ၂ | ၆. ၅ |
| | ၅ | ဆောက်လုပ်မှု | ၃,၀၈၄,၇၀၁. ၆ | ၅. ၄ | ၄. ၄ | ၃,၅၂၆,၄၉၉. ၄ | ၅. ၈ | ၁၄. ၃ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၃,၅၉၅,၂၃၅.၉** | **၄၁.၅** | **၁၀.၃** | **၂၅,၃၅၀,၄၂၂.၄** | **၄၁.၃** | **၇.၄** |
| | ၁ | ပို့ဆောင်ရေး | ၇,၁၆၀,၈၂၂. ၀ | ၁၂. ၆ | ၈. ၃ | ၇,၇၁၁,၅၂၈. ၈ | ၁၂. ၆ | ၇. ၇ |
| | ၂ | ဆက်သွယ်ရေး | ၃,၀၂၉,၁၉၄. ၉ | ၅. ၃ | ၃၅. ၇ | ၃,၂၈၃,၀၃၉. ၀ | ၅. ၃ | ၈. ၄ |
| | ၃ | ငွေရေးကြေးရေး | ၁၉၄,၅၃၁. ၈ | ၀. ၃ | ၁၁. ၂ | ၂၁၀,၅၅၆. ၂ | ၀. ၃ | ၈. ၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၅၂၉,၀၃၃. ၀ | ၂. ၇ | ၇. ၆ | ၁,၆၀၀,၁၁၉. ၇ | ၂. ၆ | ၄. ၆ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁,၄၁၀,၇၃၁. ၈ | ၂. ၅ | ၁၁. ၁ | ၁,၅၈၄,၁၀၁. ၃ | ၂. ၆ | ၁၂. ၃ |
| | ၆ | ကုန်သွယ်မှု | ၁၀,၂၇၀,၉၂၂. ၄ | ၁၈. ၁ | ၆. ၀ | ၁၀,၉၆၁,၀၇၇. ၄ | ၁၇. ၉ | ၆. ၇ |
| **၄** | | **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၅၆,၉၀၈,၀၃၃.၀** | **၁၀၀.၀** | **၇.၆** | **၆၁,၃၂၆,၃၂၈.၆** | **၁၀၀.၀** | **၇.၈** |

# MNL သို့ ပထမဆုံးတန်းတက်ခွင့်ရရှိထားသည့် Horizon အသင်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**

၂၀၁၆ ရာသီ MNL ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိထားသည့် အသင်း ၁၂ သင်းတွင် အသင်းတစ်သင်းပါဝင်လာသည်။ ယင်းအသင်းမှာ Horizon အသင်းဖြစ်ပြီး ၂၀၁၅ ရာသီ ပထမတန်းအမှတ်ပေးပြိုင်ပွဲတွင် ဒုတိယနေရာရရှိလာခဲ့ခြင်းဖြစ်သည်။

Horizon အသင်းသည် ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် အသင်းဖြစ်ပြီး ၂၀၁၅ ရာသီတွင် MNL ၌ ကစားဖူးသည့်အသင်းများကို ဖြတ်ကျော်ကာ တန်းတက်နိုင်ခဲ့ခြင်းဖြစ်သည်။ Horizon အသင်းသည် Horizon International School က တည်ထောင်ထားခြင်းဖြစ်ပြီး ပထမဆုံးယှဉ်ပြိုင်ခွင့်ရရှိထားသည့် MNL တွင် အဆင့်အတန်းမီစွာ ယှဉ်ပြိုင်နိုင်ရန် ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။ Horizon အသင်းသည် တူရကီနိုင်ငံနှင့် အဆက်အသွယ်များရှိခြင်းကြောင့် တူရကီနည်းပြများ ခေါ်ယူခန့်အပ်ထားသလို ၂၀၁၆ ခုနှစ်အတွင်း၌ တူရကီ စူပါလိဂ်အသင်းတစ်သင်းနှင့် ပူးတွဲလေ့ကျင့်ရန် စီစဉ်ထားကြောင်း သိရသည်။ Horizon အသင်းသည် ပထမတန်း၌ ယှဉ်ပြိုင်ခဲ့သည့် ကစားသမားများထဲမှ နိုင်ငံခြားသားအပါအဝင် ပြည်တွင်းကစားသမားအချို့နှင့် လမ်းခွဲခဲ့ပြီး ကစားသမား ၁၃ ဦးသာ ဆက်လက်အသုံးပြုမည်ဖြစ်သည်။

Horizon အသင်းသည် ၂၀၁၆ ရာသီ၌ နိုင်ငံခြားသားကစားသမား သုံးဦးအသုံးပြုမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၂ ရက်က အပြီးသတ်စာချုပ်ချုပ်ဆိုခဲ့သည်။ ယူဂန္ဓာတိုက်စစ်မှူး အမ်ပန်ဒီ၊ နောက်ခံလူ လူမူနှင့် လိုင်ဘေးရီးယား ကွင်းလယ်ကစားသမား မာတင်တို့ကို ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ယင်းကစားသမားများမှာ MNL တွင် ပထမဆုံးလာရောက်ကစားမည့် နိုင်ငံခြားသားကစားသမားများလည်းဖြစ်သည်။ Horizon အသင်းသည် ၂၀၁၆ ရာသီကို ကစားသမား ၂၅ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြည်တွင်းကစားသမား ခေါ်ယူမှုအဖြစ် မြန်မာ့လက်ရွေးစင်ဟောင်း တိုက်စစ်မှူး စိုးကျော်ကျော်အပါအဝင် ယူ-၂၀ လက်ရွေးစင် မျိုးဇော်ဦး၊ ယူ-၁၈လက်ရွေးစင် အောင်ဖြိုးဖြိုး၊ မကွေးလူငယ်အသင်းမှ အောင်ကိုကိုနိုင်၊ ဒဂုံအသင်းမှ ဖြိုးမောင်မောင်တို့ကို ခေါ်ယူထားသည်။ Horizon အသင်းသည် ရာသီသစ်မစမီ ပြည်တွင်းကစားသမား သုံးဦး သို့မဟုတ် လေးဦးထပ်မံခေါ်ယူမည်ဖြစ်သည်။ Horizon အသင်းနည်းပြချုပ် တူရကီလူမျိုး အက်ဒရင့်ပါလာသည် နိုဝင်ဘာ ၁၆ ရက်မှစ၍ ကိုင်တွယ်လျက်ရှိပြီး အသင်းကို တစ်လကျော် လေ့ကျင့်သင်ကြားပေးပြီးဖြစ်သည်။ Horizon အသင်းသည် လက်ထောက်နည်းပြအဖြစ် ၂၀၁၅ ရာသီက တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် တူရကီလူမျိုး အိုဘေးကို ဆက်လက်တာဝန်ပေးအပ်ထားသည်။



Horizon အသင်း နည်းပြချုပ် အက်ဒရင့်ပါလာ။




ရာသီသစ်တွင် အသုံးပြုမည့် နိုင်ငံခြားသားကစားသမားသုံးဦးအား စာချုပ်အပြီး အသင်းနည်းပြချုပ်ပါလာနှင့်အတူ တွေ့ရစဉ်။

Horizon အသင်းဥက္ကဋ္ဌ မစ္စတာ အာမက်(တူရကီ)က "အသင်းကို ၂၀၁၂ ခုနှစ်မှာ စတင်တည်ထောင်ခဲ့တာဖြစ်ပြီး သုံးနှစ်ကျော်ရှိပါပြီ။ လာမယ့်ရာသီမှာ MNL မှာ ယှဉ်ပြိုင်ခွင့်ရမှာဖြစ်လို့ ပြင်ဆင်မှုတွေ ပိုမိုပြုလုပ်ထားပါတယ်။ ဘတ်ဂျက်ပိုင်းကိုလည်း အရင်ကထက်ပိုသုံးထားပြီး အသင်းကိုလည်း ပိုကောင်းအောင်ပြင်ဆင်ထားပါတယ်။ အသင်းအနေနဲ့ MNL မှာ ပထမဆုံး ယှဉ်ပြိုင်ရမှာဖြစ်လို့ တခြားအသင်းတွေကို ယှဉ်နိုင်အောင် ကြိုးစားရမှာပါ။ အသင်းရဲ့ရလဒ်နဲ့ အဆင့်ရပ်တည်မှုကိုတော့ ပထမအကျော့ အနေအထားကိုကြည့်ပြီးမှ ပြောလို့ရနိုင်မှာပါ။ MNL မှာ ကာလရှည်ယှဉ်ပြိုင်ပြီး အောင်မြင်မှုရအောင် ကြိုးပမ်းသွားမှာပါ"ဟု ပြောကြားခဲ့သည်။

နည်းပြချုပ် အက်ဒရင့်ပါလာ(တူရကီ)က "ကျွန်တော်တို့အသင်းက အခုမှ MNL ကို စရောက်တာဆိုတော့ စိန်ခေါ်မှုတွေအများကြီးနဲ့ ရင်ဆိုင်ရမှာပါ။ ဒါကြောင့် အသင်းအင်အားတောင့်တင်းစေဖို့ နိုင်ငံခြားသားကစားသမားတွေ ခေါ်ထားပါတယ်။ အသင်းမှာ လူငယ်တွေများတဲ့အတွက် အတွေ့အကြုံနည်းပါတယ်။ ခက်ခဲမှုတွေအများကြီးရှိလာနိုင်ပေမယ့် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်သွားမှာပါ။ ပြည်တွင်းကစားသမားတွေဟာ အတွေ့အကြုံနည်းပေမယ့် စွမ်းဆောင်ရည်နဲ့ အရည်အသွေးပိုင်းပြည့်ဝပါတယ်။ သူတို့လိုနေတာက ဘောလုံးအသိပညာပိုင်းကို အသုံးချနိုင်ဖို့ပါ။ ကျွန်တော်တို့က MNL ရဲ့ အသင်းသစ်ဖြစ်တာမို့ အချိန်ပေးပြီး စောင့်ကြည့်ရမှာပါ။ အသင်းကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်နေပေမယ့် ကစားသမားသစ်တချို့ကိုတော့ ထပ်ခေါ်ချင်ပါတယ်။ ကျွန်တော့်အနေနဲ့ MNL မှာ ပထမဆုံး နည်းပြရမှာဖြစ်ပေမယ့် MNL အကြောင်းနဲ့ အသင်းတွေရဲ့ အနေအထားတွေကို ရသလောက်လေ့လာထားပါတယ်။ လက်ထောက်နည်းပြ အိုဘေးက MNL အကြောင်းကို ပြောပြထားသလို ကျွန်တော်ကိုယ်တိုင်ကလည်း ရသလောက် လေ့လာထားပါတယ်။ လာမယ့်ရာသီမှာ ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်ကတော့ တန်းမဆင်းရဖို့နဲ့ ရလဒ်တွေတစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာဖို့ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။ ပါလာသည် တူရကီစူပါလိဂ်၌ ပါဝင်ကစားခဲ့သည့် ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး တူရကီစူပါလိဂ်လူငယ်အသင်းများကို ကိုင်တွယ်ခဲ့ဖူးသူဖြစ်သည်။

Horizon အသင်းသည် ရန်ကုန်အခြေစိုက်ဖြစ်သောကြောင့် ရန်ကုန်တိုင်းဒေသကြီးကိုသာ ကိုယ်စားပြုယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# ဗားကရာချောက်အောက်ရေမြောင်းကြီးအား နည်းလမ်းတစ်သွယ်ဖြင့် ထိန်းသိမ်းခြင်း

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ဗားကရာချောက်ကားလမ်းပေါ်နှင့် ဗားကရာချောက်ဝန်းကျင်ရေလျှံခြင်း၊ ချောက်အောက်ပိုင်းအဝင် ရေမြောင်းအပေါက်ဝများ ပိတ်ဆို့ခြင်းများ တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားလျက်ရှိလာသည်။

ပြီးခဲ့သောနှစ် မိုးတွင်းကာလ၌ ဗားကရာချောက်အတွင်း ရေတင်၊ ရေလျှံမှုတို့က စံချိန်တင်လာသည်။ မိုးသည်းသည်နှင့် အစဉ်ဖြစ်ပေါ်စေခဲ့သည်။ စမ်းချောင်းဘက်မြောင်းတို့မှ စီးဆင်းလာသော ရေဆိုးများ၊ ကြည့်မြင်တိုင်ဘက်မှ စီးဆင်းလာသော ရေဆိုးများက ချောက်အောက်သို့ စီးဆင်းရာ၌ ကျဉ်းမြောင်းသော အပေါက်ဝ၌ အမှိုက်များပိတ်ဆို့မှုကြောင့် စီးဆင်းခြင်းအဟုန်ကို အဟန့်အတား ဖြစ်စေခဲ့သည်။

ထို့အတူ စမ်းချောင်းဘက်အခြမ်းရှိ ဗဟိုလမ်းနှင့် ဗားကရာလမ်းဆုံတွင် မိုးရေများစီးဆင်းမှုအရှိန်ကို ရှိပြီးသားမြောင်းဟောင်းတို့က မနိုင်ဝန်အဖြစ်ထမ်းဆောင်လာရသည်။ ထို့အတွက် ယာဉ်သွားလမ်းပေါ်တွင် ရေပြင်ကျယ်ကြီးအဖြစ် ဖြစ်ပေါ်စေခဲ့သည်။ ခရီးနှင်လာကြသော မော်တော်ယာဉ်များ၊ လမ်းသွားခရီးသည်များ အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ကြရသည်။

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)က ဖြစ်ပေါ်နေသော အကြောင်းအရာများအပေါ် မူတည်ပြီး ပြုပြင်၊ ပြင်ဆင်၊ တည်ဆောက်ခြင်းများ အရှိန်အဟုန်မြှင့်ပြုလုပ်လာသည်ကို တွေ့ရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အနောက်ပိုင်းခရိုင်(လမ်း/တံတား)ဌာနမှ ဗားကရာချောက်ကို ဗဟိုပြု၍ ဗားကရာလမ်းမကြီး ဝဲယာရှိ ရေနုတ်မြောင်းများပြန်လည်တူးဖော်ခြင်း၊ ချဲ့ထွင်ခြင်းနှင့်အတူ လမ်းသွားလမ်းလာခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လူသွားစင်္ကြံများကိုပါ တစ်ပြိုင်တည်းခင်းလာခဲ့သည်ကို တွေ့ရသည်။

နေရာအနေအထားပေါ်မူတည်၍ ရေမြောင်းအနက်သုံးပေ၊ အကျယ် နှစ်ပေ ခြောက်လက်မ၊ လူသွားလမ်းစင်္ကြံနှစ်ပေနှင့်အထက် တည်ဆောက်ခင်းကျင်းလျက်ရှိနေသည်။ ဗားကရာချောက် အနောက်ဘက်ခြမ်းတွင် တည်ဆောက်မှုကို ကြီးကြပ်နေသော လမ်း/တံတားဌာနမှ အရာရှိအမျိုးသားတစ်ဦးက "ဘတ်ဂျက်အလိုက် တည်ဆောက်သွားရတာဖြစ်ပါတယ်။ ဗားကရာချောက်အတွင်း ရေမလျှံရေးအတွက် ကျွန်တော်တို့အမျိုးမျိုးကြိုးစားနေပါတယ်။ ချောက်အတွင်း အမှိုက်တွေမဝင်ရေးအတွက် ဝင်ပေါက်တွေမှာ သံဆန်ခါတွေတပ်ခဲ့ပါတယ်။ ဒါပေမယ့် သံဆန်ခါတွေမှာ အမှိုက်ဆို့ပြီး ရေမဆင်းနိုင်တဲ့အတွက် ပြန်လည်ပြုပြင်ခဲ့ရပါတယ်။ အခုကြည့်မြင်တိုင်ဘက်အခြမ်းက စီးဆင်းမယ့်ရေကို ချောက်ထဲကိုမဝင်စေဘဲ လှိုင်မြစ်ထဲကို တိုက်ရိုက်စီးဆင်းသွားဖို့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်"ဟု ရှင်းပြခဲ့သည်။

စမ်းချောင်းဘက်အခြမ်း ဗားကရာချောက်၏ အရှေ့ဘက်ခြမ်းရှိ ဗဟိုလမ်းနှင့် သီရိခေမာဘက် ဥယျာဉ်တိုက်နှင့် မီးရထားဝင်းမှ စီးဆင်းသောရေကိုသာ ဗားကရာချောက်အတွင်းမှ ဖြတ်သန်း၍ လှိုင်မြစ်အတွင်းသို့ စီးဆင်းသွားမည်ဖြစ်သည်။

ထို့အတွက် အင်္ဂလိပ်လက်ထက်ကတည်းက တည်ဆောက်ခဲ့သော ဗားကရာချောက်အောက် မြောင်းကြီး ရေရှည်တည်တံ့ မပျက်စီးရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(လမ်း/တံတား)ဌာနက နည်းလမ်းတစ်သွယ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်။

ထို့အတူ ဗားကရာချောက်ဝန်းကျင်နေ ရပ်ကွက်ပြည်သူများအနေဖြင့် မိမိတို့၏ အိမ်နောက်ဖေးမီးဖိုချောင်အမှိုက်၊ စီးပွားရေးအမှိုက်များကို မြောင်းများအတွင်းသို့ စည်းကမ်းမဲ့ အလွယ်တကူပစ်ချခြင်းမပြုကြဘဲ သတ်မှတ်နေရာများတွင်သာ စနစ်တကျစွန့်ပစ်ခြင်းဖြင့် ဗားကရာချောက်ကြီးကို ထိန်းသိမ်းစောင့်ရှောက်သင့်သည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**



# ခရီးသည်ယာဉ်အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက် သုံးဦးသေဆုံး




**တိုက်ကြီး ဒီဇင်ဘာ ၂၄**

တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်လမ်းအတိုင်း ရန်ကုန်ဘက်မှ တိုက်ကြီးဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်သော အောင်စိုးမိုး ရန်ကုန်-ပြည် ခရီးသည်တင်ယာဉ်သည် ဒီဇင်ဘာ ၂၄ ရက် နံနက် ၇ နာရီက တိုက်ကြီးမြို့နယ် အင်းယက်ကြီး ကျေးရွာ ရန်ကုန်-ပြည်လမ်းမိုင်တိုင်အမှတ် (၄၃/၅)နှင့် (၄၃/၆)အကြား အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင်ရပ်ထားသည့် နံပါတ်မပါ (လိုင်စင်စိစစ်ဆဲ) ထော်လာဂျီယာဉ်နှင့် လမ်းဘေးတွင် ရပ်နေသည့်အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦးတို့အား တိုက်မိပြီး ယာဘက်လမ်းဘေးရှိ သစ်ပင်အား ဆက်လက်တိုက်မိရပ်တန့်သွားခဲ့ရာ ယာဉ်နှစ်စီးစလုံး ပျက်စီးခဲ့သည်။

အဆိုပါယာဉ်တိုက်ခံရသည့်အတွက် လမ်းဘေးတွင်ရပ်နေသည့်ကိုနိုင်လင်း (၃၈ နှစ်)၊ မဇင်မာနွယ်(၃၃ နှစ်)နှင့် မနွယ်နီစိုး (အတည်ပြုဆဲ)တို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးပြီး ကိုကျော်သီဟ(ခ) ကိုကုလား(၂၃နှစ်)နှင့် ခရီးသည်ယာဉ်ပေါ်ပါ ဒေါ်သန်းနု(မစိုးရိမ်ရ) (၄၁ နှစ်)တို့တွင် ဒဏ်ရာများရရှိသဖြင့် တိုက်ကြီးဆေးရုံသို့ တင်ပို့ကုသခဲ့ရာ ကိုကျော်သီဟ(ခ) ကိုကုလားအား တိုက်ကြီးဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ အတွင်းလူနာ(စိုးရိမ်ရ)တက်ရောက်ကုသမှုခံယူပြီး အောင်စိုးမိုး ယာဉ်မောင်းမှာ ယာဉ်အား အခင်းဖြစ်နေရာတွင်ရပ်ထားခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းကို တိုက်ကြီးရဲစခန်းက အမှုဖွင့်အရေး ယူထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**




# ကားနှင့်ဆိုင်ကယ်ပွတ်တိုက်၊ ၁၈ ဦးဒဏ်ရာရ

**မင်းဘူး ဒီဇင်ဘာ ၂၄**

မင်းဘူးမြို့ တမာတန်းရပ်ကွက်တွင် ကားနှင့်ဆိုင်ကယ်ပွတ်တိုက်မှုဖြစ်ပြီး ကားမှာအရှိန်ဖြင့် တိမ်းမှောက်ခဲ့၍ လူ ၁၈ ဦး ဒဏ်ရာများရရှိခဲ့မှု ဒီဇင်ဘာ ၂၃ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၃ ရက် ညနေ ၄ နာရီ မိနစ် ၅၀ က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ မင်းဘူး-မကွေး ကားလမ်းအတိုင်း မင်းဘူးမြို့တွင်းမှ မကျီးသုံးပင်ရွာဘက်သို့ ဦးစိုးဝင်း (၅၁နှစ်)သည် ဆန်အိတ်များနှင့်ခရီးသည် ၂၅ ဦး တင်ဆောင်မောင်းနှင်လာသော 6E/--- ကန်တာအဖြူရောင်ယာဉ်သည် ဆားပွတ်ချောင်းတံတားထိပ်အရောက် တမာတန်းလမ်းသွယ်မှ မင်းဘူး-မကွေးကားလမ်းမပေါ်သို့ ဖြတ်တက်လာသော ဦးဝင်းမောင် (၅၉ နှစ်)မောင်းနှင်သည့် ၄၂ယ/----- ဆိုင်ကယ်နှင့် ပွတ်တိုက်မိပြီး အရှိန်မထိန်းနိုင်ဘဲလမ်း ဝဲဘက်ခြမ်းသို့ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါသူ ၁၇ ဦးနှင့် ဆိုင်ကယ်မောင်းသူ စုစုပေါင်း ၁၈ ဦး ဒဏ်ရာများရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းနှစ်ဦးကို မင်းဘူးမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# ဇွဲကပင်တောင်တက်လမ်းပေါ်မှ နိုင်ငံခြားသားတစ်ဦးခြေချော်ပြုတ်ကျ

**ဘားအံ ဒီဇင်ဘာ ၂၄**

ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်တောင်တက်လမ်းပေါ်မှ နိုင်ငံခြားသားတစ်ဦးခြေချော်ပြုတ်ကျမှု ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲက ဖြစ်ပွားခဲ့သည်။ အဆိုပါနိုင်ငံခြားသားမှာ ဂျာမနီနိုင်ငံသား ဒတ်ချ်လူမျိုး Schwarzbauer Josef (၇၆ နှစ်) နိုင်ငံကူးလက်မှတ် အမှတ် CF 98V9YC2 ကိုင်ဆောင်သူဖြစ်ပြီး ဘားအံမြို့ အမှတ်(၁) ရပ်ကွက်ရှိ ဂလက်ဆီဟိုတယ်တွင် ဒီဇင်ဘာ ၁၉ ရက်က လာရောက်တည်းခိုနေထိုင်ကာ ဒီဇင်ဘာ ၂၂ ရက်တွင် ဇွဲကပင်တောင်အား ခလောက်နို့ရွာဘက်မှ တစ်ဦးတည်းတက်ရောက်ခဲ့ပြီး ရွှေအင်ဒိုစခန်းနေရာ အရောက်တွင် ခဏနားပြီး တောင်ပေါ်ဆက်တက်ရာ တောင်တက်လမ်းပေါ်မှ ခြေချော်ပြီး ပြုတ်ကျသည်ကို ဘုန်းတော်ကြီးများက တွေ့ရှိ၍ ဘားအံပြည်သူ့ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဘားအံမြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၏ စစ်ဆေးတွေ့ရှိချက်အရ အဆိုပါ နိုင်ငံခြားသားမှာ ဦးနှောက်အတွင်း သွေးယိုသည်ဟု ယူဆရ၍ ဦးခေါင်းဓာတ်မှန်ရိုက်ခြင်း၊ လိုအပ်သောစစ်ဆေးမှုများပြုလုပ်ကာ ဒေါက်တာအာကာဝင်းထွန်း လိုက်ပါ၍ လူနာတင်ယာဉ်ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆက်လက် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# တရားမဝင်သွင်းကုန်ဘီယာများ ဖမ်းဆီးရမိ

**ကျိုင်းတုံ ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဒုတိယညွှန်ကြားရေးမှူးဦးအောင်ဇော်မိုး ဦးစီးသည့် တရားမဝင် ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့သည် သတင်းအရ ဒီဇင်ဘာ ၂၃ ရက် နံနက် ၄ နာရီခွဲက ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းသွား လမ်းမကြီးဘေး ကတ်တောင်ကျေးရွာအနီး နောင်ဖိုင်ရွာသွားလမ်းခွဲ၌စစ်ဆေးရာ လမ်းဘေးတွင် စုပုံထားသော တစ်ဖာလျှင် ၁၂ ပုလင်းပါ JIN SHUN HONGYAN အမျိုးအစား တန်ဖိုးငွေကျပ်သိန်း ၁၀၀ ခန့်ရှိ ဘီယာဖာ ၁၃၈၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေအရ အရေးယူဆောင်ရွက်ထားသည်။



အဆိုပါ ဘီယာများသည် မိုင်းယန်းနယ်စပ်ဘက်မှ ဖြစ်နိုင်ပြီး ကျိုင်းတုံမြို့အတွင်းသို့ ဆက်လက်သယ်ဆောင်ရန် စုပုံထားရှိစဉ် ပိုင်ရှင်မဲ့သိမ်းဆည်းရမိခြင်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**


## ပျောက်ဆုံးကြောင်း

ဦးသန်းဝင်း ၁၂/တမန(နိုင်)၀၈၆၈၃၇ ပိုင်ဆိုင်သော 9F/1439 ယာဉ်၏ ပုံစံ(ဃ) မူရင်းနှင့် ပုံစံ (စ)မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၁၁၉၁၅**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ်၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိမြေကွက်အမှတ်ပ-၃၁၆၅၈၊ ဧရိယာ ၀ ဒသမ ၀၅၅၈ဧက ဒေါ်ခင်သန်းကြွယ် အမည်ပေါက် နှစ် ၃၀ အငှားဂရန်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၁၆၀/၂၀၁၅၊ ၂-၁၂-၂၀၁၅ ရက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမြတ်ကျော် ၉/မထလ(နိုင်)၀၁၅၃၁၃ (ဘ)ဦးတိုးမောင်က မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၂)မှ တာဝန်ယူဆောင်ရွက်မည့် ကလေးမြို့နယ်၊ ဟံသာဝတီ-ကျောက်ဆည်လမ်းပေါ်ရှိ မြစ်သာမြစ်ကူး ကြိုးတံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောအောက်ဖော်ပြပါပစ္စည်းများအား လုပ်ငန်းခွင်အရောက် မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | ရေတွက်ပုံ |
|---|---|---|
| ၁ | ဘိလပ်မြေ | Ton |
| ၂ | သံချောင်းလုံးရှယ်စုံ | M-Ton |
| ၃ | စက်သုံးဆီ(ဒီဇယ်) | Gal |
| ၄ | မြစ်ကျောက်စရစ်/Chipping | Sud |
| ၅ | မြစ်သဲ | Sud |
| ၆ | တောသစ်ရှယ်စုံ | Ton |
| ၇ | ဘင်တိုနိုက် | Ton |

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၉-၁၂-၂၀၁၅ရက်
**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - ၃၀-၁၂-၂၀၁၅ရက်
**တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ကလေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ကလေးမြို့

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကလေးခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် တံတားအထူးအဖွဲ့(၂)၊ ဒု-ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့တို့တွင် ၂၃-၁၂-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဖုန်း-၀၉-၆၄၇၂၆၅၂၊ ၀၉-၂၆၅၃၀၁၁၀၀၊ ၀၉-၂၆၃၆၈၀၆၉၆၊ ၀၉-၄၃၀၅၆၁၆၅**

## Happy 32th Anniversary

## Ko & Phyu

ချစ်ဖေဖေ 'ကို' နှင့် ချစ်မေမေ 'ဖြူ'တို့ရဲ့ ၂၅-၁၂-၂၀၁၅ရက်(ခရစ္စမတ်နေ့)တွင် ကျရောက်သော (၃၂)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်ရတုပေါင်းများစွာတိုင် ရွှေရောင်လွှမ်းသောနေ့ရက်တိုင်းကို ပိုင်ဆိုင်နိုင်ပါစေ...

**ချစ်သောတစ်ဦးတည်းသောသား**
**ဖိုးသား**

---

ကျေးဇူးရှင် ဦးနှင့် မာမေးတို့၏ ၂၅-၁၂-၂၀၁၅ရက်တွင် ကျရောက်သော မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် နောင်ရတုအဆက်ဆက်တိုင်ပိုမိုခိုင်မြဲသော မေတ္တာများဖြင့် အေးချမ်းသာယာပြည့်စုံသောနေ့ရက်တိုင်းကို ထာဝရပိုင်ဆိုင်နိုင်ပါစေ...

**ချစ်သော တူ/ တူမများ**
**သားသား-စုစု၊ အောင်သက်ဦး-မီးမီး၊**
**ငြိမ်းချမ်း-ရည်မွန်၊ မွှေးမွှေး၊**
**ဂျဲဂျဲ၊ ကဲကဲ၊ ကုကု၊ သုသု၊ တုံတုံ**

# ကယ်လ်စီယံစကိုး

ခင်မောင်တင်(ဓာတ်ရောင်ခြည်)

ယခုခေတ်တွင် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးရခြင်းအကြောင်းရင်း ရှာဖွေရလျှင် တချို့က စစ်မက်ကြောင့်၊ တချို့က ကင်ဆာရောဂါကြောင့်ဟု ပြောကြသည်။ သို့သော် နှလုံးရောဂါဖြင့် သေဆုံးမှုများမှာလည်း များပြားသည်ကို တွေ့ရသည်။ နှလုံးရောဂါဆိုရာ၌ နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးသွေးကြောကျဲ့ရောဂါနှင့်နှလုံးသွေးကြောပိတ်ရောဂါများသည် လူသားတို့အား ဒုက္ခပေးနိုင်သောရောဂါများ ဖြစ်သည်။

နှလုံးသွေးကြောကျဉ်းရောဂါတွင် အာသရို စကယ်ရိုးစစ် (Atherosclerosis) အဆီကပ်ရောဂါကြောင့် နှလုံးသွေးကြောကျဉ်းခြင်းသာမက နှလုံးသွေးကြောကျဲ့ခြင်းလည်း ဖြစ်တတ်သည်။ နှလုံးပတ်သွေးကြောများ ပျက်စီးလာခြင်းသည် မိမိကိုယ်တိုင်လည်း မသိရှိ၊ နောက်ဆက်တွဲ လေဖြတ်ခြင်းနှင့် နှလုံးရောဂါဖြစ်မှ အာသရိုစကယ်ရိုးစစ်ကြောင့်ဆိုတာ သိကြရသည်။

တကယ်တော့ အာသရိုစကယ်ရိုးစစ်သည် ခန္ဓာကိုယ်အဓိကအစိတ်အပိုင်းများကို ပေးပို့နေသည့် သွေးလွှတ်ကြောများကို ကျဉ်းမြောင်းလာစေပါသည်။ အကြောင်းရင်းမှာ သွေးလွှတ်ကြောများအတွင်း ချေးပိတ်ခြင်းကြောင့်ဖြစ်သည်။ ဥပမာ ရေပိုက်တွင် သံချေးတက်ပြီး ရေအလာနည်းသလိုပင် သွေးလွှတ်ကြောတွင် အတွင်းနံရံများ၌ သွေးထဲမှပါသော အဆီစုပြီး အနည်ထိုင်လာသည်။ သွေးကြောမာလာသည်၊ ကျဉ်းမြောင်းလာသည်၊ သွေးကြောအတွင်း အဆီများအနည်ထိုင်မှုမှတစ်ဆင့် ထုံးဓာတ်ဖြစ်ပေါ်လာခဲ့သည်။

နှလုံးပတ်သွေးကြောများထဲတွင် ထုံးဓာတ်ပမာဏမည်မျှပါရှိနေပြီဆိုသည်ကို သိနိုင်ပါသလား။

နှလုံးကို ကွန်ပျူတာဓာတ်မှန်ရိုက်ပြီး နှလုံးသွေးကြောထဲတွင် ထုံးဓာတ်ပမာဏကို စစ်ဆေးခြင်းအားဖြင့် နှလုံးသွေးကြော ပိတ်/မပိတ်ကို သိရှိနိုင်သည်။ ကွန်ပျူတာ ဓာတ်မှန်ရိုက်ပြီး ထုံးဓာတ်ပမာဏကိုသိရှိရန် စစ်ဆေးခြင်း၏ အဓိကရည်ရွယ်ချက်မှာ ကိုရိုနယ်ရီနှလုံးပတ်သွေးကြော ရောဂါရှိ/မရှိ ရှိလျှင်လည်း မည်သည့်အခြေအနေ ရောက်ရှိနေသည်ကို သိရှိရန်ဖြစ်သည်။ နှလုံးရောဂါလက္ခဏာမရှိသော်လည်း စစ်သပ်မှုပြုလုပ်ရန် လိုအပ်ပါသည်။

နှလုံးရောဂါအတွက် အဓိကအန္တရာယ်ဖြစ်နိုင်သည့်အကြောင်းအရာများမှာ-

(၁) ကိုလက်စထရော သွေးအဆီမြင့်မားခြင်း
(၂) မိသားစုတွင် နှလုံးရောဂါဖြစ်မှုရှိခြင်း
(၃) ဆီးချို၊ သွေးချိုရောဂါရှိခြင်း
(၄) သွေးတိုးရောဂါရှိခြင်း
(၅) ဆေးလိပ်သောက်သုံးသူများ
(၆) အဝလွန်သူများ
(၇) ကိုယ်လက်လှုပ်ရှားမှုနည်းသူများ ဖြစ်ပါသည်။

ကယ်လ်စီယံစကိုး စစ်သပ်မှုအတွက် မည်သို့ပြင်ဆင်ရမည်နည်း။

ကွန်ပျူတာဓာတ်မှန်ရိုက်မီ ကြိုတင်၍ ပြင်ဆင်မှုအထူးပြုလုပ်ရန်မလိုပါ။ သင်သောက်နေကျဆေးများကို သောက်သုံးနိုင်သည်။ သို့သော် ကာဖိန်းပါသော ကော်ဖီ၊ လက်ဖက်ရည်၊ ကာဖိန်းပါသော အခြားအချိုရည်များကို ကွန်ပျူတာဓာတ်မှန်မရိုက်မီ ၄ နာရီကြိုတင်ပြီးရှောင်ရှားရပါမည်။ ဆေးလိပ်လည်း မသောက်ရပါ။

ကွန်ပျူတာဓာတ်မှန်ရိုက်လျှင် မိမိ၏ခန္ဓာကိုယ်မည်သို့ဖြစ်မည်နည်း။

ကယ်လ်စီယံစကိုး ရှာဖွေမည့်လူနာအား ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်သူတို့သည် သက်တောင့်သက်သာ အဝတ်ကို ဝတ်စေပါမည်။ ထို့နောက် စစ်သပ်မည့်သူအား စီတီခုတင်ပေါ်တွင် လဲလျောင်းစေပါမည်။ အကယ်၍ စီတီမရိုက်မီ အမျိုးသမီးလူနာဖြစ်ပါက (၁) အိမ်ထောင်ရှိ/မရှိ မေးပါမည်၊ (၂)အိမ်ထောင်ရှိ၍ ကိုယ်ဝန်ဆောင်နိုင်စွမ်းရှိသော အသက်အရွယ်ဖြစ်ပါက ကိုယ်ဝန်ရှိ/မရှိ မေးပါလိမ့်မည်။ ဤမေးခွန်းကို အဘယ့်ကြောင့် မေးရသည်မှာ ကိုယ်ဝန်ရှိလျှင် သန္ဓေသားအား ဖြာထွက်ရောင်ခြည်မထိစေရန်အတွက် ဓာတ်ရောင်ခြည်အကာအရံများ ဖုံးအုပ်ပေးရန် ဖြစ်ပါသည်။ ယောကျ်ားဆိုလျှင် အကာအရံမလိုပါ။

ထို့နောက် စမ်းသပ်ခံမည့်သူ၏ ရင်ဘတ်တွင် ECG Electrode များ တပ်ဆင်ပေးပြီးနောက် စမ်းသပ်မှု စပါလိမ့်မည်။ ကျွမ်းကျင်သူများက အသက်အောင့်ထားရန်ပြောသည့်အခါ ၁၀ စက္ကန့်မှ ၂၀ စက္ကန့်အထိ အသက်ရှူအောင့်ပေးဖို့ လိုပါသည်။ ဤသို့ စီတီရိုက်ကူးမှုမှာ နာကျင်ခြင်းလုံးဝမရှိသည့်အပြင် အလွန်လွယ်ကူမြန်ဆန်သော စမ်းသပ်ချက်ဖြစ်သည်။ စီတီရိုက်ကူးပြီးပါက မိမိပုံမှန်လုပ်ဆောင်နေကျအတိုင်း လှုပ်ရှား သွားလာ၊ စားသောက်နိုင်ပါသည်။

**မည်သူက အဖြေထုတ်ပေးမှာလဲ။**

ဓာတ်မှန်ဘက်ဆိုင်ရာ ကျွမ်းကျင်သူနည်းပညာရှင်များက ကယ်လ်စီယံစကိုးရိုက်ထားသော အချက်အလက် Data များကို Calcium Score Software ကို အသုံးပြု၍ နှလုံးပတ်သွေးကြောများတွင် ထုံးဓာတ်ပမာဏပါဝင်မှုကို တွက်ချက်အဖြေထုတ်ကာ ဓာတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်ကြီးက ကြည့်ရှုစစ်ဆေး၍ လက်မှတ်ထိုး အဖြေထုတ်ပေးပါသည်။

နှလုံးပတ်သွေးကြောများတွင်ရှိသော ကယ်လ်စီယံ ထုံးဓာတ် စုစုပေါင်းပမာဏသည် အောက်ပါအတိုင်း နှလုံးသွေးကြောရောဂါ ရှိ/မရှိနှင့် ဖြစ်နိုင်ခြေ အခြေအနေကို ဖော်ပြပါသည်။

ဓာတ်မှန်ဘက်ဆိုင်ရာဆရာဝန်ကြီးက ထုံးဓာတ်ပမာဏအဖြေနှင့် လူနာ၏ကျန်းမာရေးဆိုင်ရာ ကိုယ်ရေးအချက်အလက်များကို သုံးသပ်ကာ အဖြေပေးပြီးနောက် ထိုအဖြေကို နှလုံးရောဂါ အထူးကုဆရာဝန်ကြီးများအား ပြသရန်လိုအပ်ပါသည်။ နှလုံး သွေးကြောတွင် ထုံးဓာတ်ပမာဏများသူတို့အား နှလုံးအထူးကုဆရာဝန်ကြီးများက အခြားစမ်းသပ်မှုများ ပြုလုပ်မည်ကို ဆုံးဖြတ်နိုင်မည်ဖြစ်ပါသည်။ လူနာအတွက် အကောင်းဆုံး ကုသမှုရအောင် စွမ်းဆောင်ပေးကြမည်ဖြစ်ပါသည်။

အချို့ဝေဒနာရှင်များကလည်း ဤစမ်းသပ်စစ်ဆေးမှုမှာ ဓာတ်ရောင်ခြည်အသုံးပြုသည့်အတွက် အန္တရာယ်ဆိုးကျိုး ရှိ/မရှိကို သိလိုကြပါသည်။ ဓာတ်ရောင်ခြည်ထိမှုမှာ ရိုက်ကူးသော စက်တစ်မျိုးနှင့်တစ်မျိုး မတူသော်လည်း ပျမ်းမျှ 3mSv ထိ ပါသည်။ 3mSv ဆိုသည်မှာ လူတစ်ဦးအား သဘာဝဓာတ်ရောင်ခြည် တစ်နှစ်ထိမှုနှင့်တူညီနေပါသည်။ ထို့ကြောင့် ဓာတ်ရောင်ခြည်ထိမှုမှာ မပြောပလောက်ဟု ဆိုမရသော်လည်း ဓာတ်ရောင်ခြည်ထိမှုကြောင့် ဖြစ်လာမည့်ဆိုးကျိုးထက် လတ်တလော မိမိ၏ နှလုံးအခြေအနေကို သိရသည့်အတွက် နှလုံးရောဂါမဖြစ်အောင် ကုသမှုခံယူရန် သင့် မသင့်ကို ကြိုတင်သိခြင်းကောင်းကျိုးက ပိုများပါကြောင်း တင်ပြလိုက်ရပါသည်။

| ထုံးဓာတ်ပမာဏ Calcium Score | နှလုံးသွေးကြောရောဂါအခြေအနေ Presence of CAD |
|---|---|
| ၀ | ရောဂါမရှိ |
| ၁-၁၀ | ရောဂါဖြစ်နိုင်ခြေအနည်းငယ်ရှိ |
| ၁၁-၁၀၀ | ရောဂါအနည်းငယ်ရှိ |
| ၁၀၁-၄၀၀ | အလယ်အလတ်ရောဂါဖြစ်နိုင်ခြေရှိ |
| ၄၀၁ နှင့်အထက် | နှလုံးသွေးကြောရောဂါဖြစ်သည့်အထောက်အထားရှိ |

# ဘုရင့်နောင်ပွဲရုံဝင်းနှင့် လမ်းမပေါ်တွင် နှစ်ရက်ဆက် ယာဉ်ကြောပိတ်ဆို့မှုဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ဘုရင့်နောင် ပွဲရုံဝင်းအတွင်းနှင့် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ဒီဇင်ဘာ ၂၁ နှင့် ၂၂ နှစ်ရက်ဆက်တိုက် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ခဲ့ပြီး ပွဲရုံဝင်းအတွင်းသို့ဝင်ရောက်မည့် ယာဉ်များသာမက ဘုရင့်နောင်လမ်းမကြီးပေါ် ဖြတ်သန်းသွားလာသည့် လိုင်းကားများပါ ယာဉ်ကြောပိတ်ဆို့မှု ကြုံတွေ့ခဲ့ပြီး ခရီးသည်များလည်း သွားလာရေးခက်ခဲခဲ့ကြောင်း သိရသည်။

ဘုရင့်နောင် ပွဲရုံဝင်းအတွင်း NGO အဖွဲ့အစည်းအသစ် ပြောင်းလဲတာဝန်ယူခဲ့သည့် ဩဂုတ်လအတွင်းမှစ၍ ယခုအချိန်အထိ ငါးလခန့်အတွင်း ယခုအကြိမ်ကဲ့သို့ ကြာမြင့်စွာယာဉ်ပိတ်ဆို့ခြင်း မရှိခဲ့ကြောင်း သိရသည်။ ယခင်က ပွဲရုံဝင်းအတွင်းဖြစ်ခဲ့သော ယာဉ်ကြောပိတ်ဆို့မှုများမှာ လမ်းသွယ်များနှင့် လမ်းမကြီးများတွင် ပိတ်ဆို့ခြင်းဖြစ်ပြီး ယခုအကြိမ်တွင် လမ်းသွယ်အများစုတွင် ယာဉ်ကြောပိတ်ဆို့ခြင်းမရှိဘဲ ယင်းမာ၊ ကံ့ကော်၊ ရှိုးကြီးချောင်း လမ်းမကြီးများတွင်သာ ယာဉ်တန်းများ ပိတ်ဆို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းမကြီးများပေါ်တွင် စီတန်းနေသော ယာဉ်များကို ရှင်းလင်းပေးနိုင်မှု အားနည်းခဲ့သဖြင့် ဒီဇင်ဘာ ၂၁ ရက်တွင် ည ၁၀ နာရီခန့်အထိနှင့် ဒီဇင်ဘာ ၂၂ ရက်တွင် ညနေ ၆ နာရီအထိ ပွဲရုံဝင်းအတွင်း သွားလာရေးခက်ခဲခဲ့ကြောင်း ကုန်တင်ယာဉ်မောင်းသူအချို့က ပြောသည်။



ပွဲရုံဝင်းအတွင်းသာမက ဘုရင့်နောင်လမ်းမကြီးပေါ်တွင်လည်း ယာဉ်ပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဒီဇင်ဘာ ၂၁ ရက် နေ့လယ်ပိုင်းတွင် သာကေတ၌ကုန်ချပြီး ဘုရင့်နောင်သို့ အလွတ်ပြန်လာသော ၁၂ ဘီးကားသည် ကြည့်မြင်တိုင်မြို့နယ် ညဈေးမှ ဘုရင့်နောင်ဈေးအထိ ငါးမိုင်ခန့်ခရီးကို ည ၉ နာရီခွဲအထိ ၇ နာရီကြာ မောင်းခဲ့ရကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဘုရင့်နောင်လမ်းမကြီးတွင် နှစ်ရက်ဆက်တိုက် ယာဉ်ကြောပိတ်ဆို့မှုကြောင့် မြို့ထဲမှလာသော အဝိုင်းပတ်ယာဉ်အချို့သည် ဗဟိုလမ်းမှလည်းကောင်း၊ မြို့ထဲသို့သွားမည့် အင်းစိန်အဝိုင်းပတ်ယာဉ်များသည် လှိုင်သာယာဘက်မှလည်းကောင်း ပြောင်းလဲမောင်းနှင်ခဲ့ကြရကြောင်း သိရသည်။ ထို့ကြောင့် ဘုရင့်နောင်ပွဲရုံဝင်းအတွင်းနှင့် ကားပစ္စည်းဈေးသို့ လာရောက်အလုပ်ကိုင်ရသူများမှာ လိုင်းကားရှားပါးမှုများကြုံတွေ့ခဲ့ပြီး အနီးဆုံးမှတ်တိုင်များသို့ ကားစီးကာ လမ်းလျှောက်လာခဲ့ကြရကြောင်း သိရသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း၌ ညပိုင်းအထိ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်တတ်သည့်အတွက် သက်ဆိုင်ရာက ပွဲရုံဝင်းအတွင်း အဓိကလမ်းမကြီး လေးလမ်းကို လမ်းချဲ့ခြင်း၊ အသစ်ခင်းခြင်းများ ပြုလုပ်ပေးခဲ့သည်။ ကျန်ရှိသော အဓိကအကျဆုံးလမ်းမကြီးဖြစ်သည့် ကံ့ကော်လမ်းမကြီးတွင် ဒီဇင်ဘာ ၂၀ ရက်မှစ၍ ကွန်ကရစ်လမ်းခင်းဆဲမှ နိုင်လွန်ကတ္တရာခင်းလျက်ရှိသည်။

ရန်ကုန်မြို့တွင်း ကားလမ်းမကြီးများတွင် ကျူးကျော်ဈေးရောင်းသူများကြောင့် လမ်းပိတ်ဆို့မှုများဖြစ်သလို ကံ့ကော်လမ်းမကြီးတွင်လည်း လမ်းဘေးတိုက်ခန်းများ၌ နံရံကပ်ဈေးခင်းရောင်းချခြင်းနှင့် ၎င်းတို့ထံ ဈေးလာဝယ်သောကားများ ရပ်တန့်ခြင်းတို့ကြောင့် ယာဉ်ပိတ်ဆို့မှုများ ဖြစ်လျက်ရှိကာ ပွဲရုံများရှေ့ ယာဉ်ရပ်နားရန်နေရာများတွင် ပစ္စည်းများ စုပုံထားခြင်း၊ နေလှန်းထားခြင်းများကြောင့်လည်း ယာဉ်ကြီးများအနေဖြင့် သွားလာရာတွင် အခက်အခဲများ ရှိနေသည်။

နိုင်လွန်ကတ္တရာခင်းနေသော ကံ့ကော်လမ်းမကြီးတွင် လမ်းဘေးဈေးခင်းရောင်းချခြင်းများကို ဖယ်ရှားပေးခြင်း၊ လမ်းသွယ်များနှင့် ဆုံရာနေရာများတွင် ချောမွေ့စွာကွေ့ဝင်နိုင်အောင် မလွတ်ကင်းသော ဓာတ်တိုင်နှင့် အဆောက်အအုံများကို ဖယ်ရှားပေးခြင်းများ ဆောင်ရွက်ပေးမှသာ ယာဉ်များသွားလာမှု လွယ်ကူချောမွေ့မည် ဖြစ်ကြောင်း ကုန်ကားကြီးမောင်းသည့် ယာဉ်မောင်းတစ်ဦးက ပြောသည်။

ခုံးကျော်တံတားကြီးများ၊ မြစ်ကူးတံတားကြီးများ တည်ဆောက်ပြီးသော်လည်း ဘုရင့်နောင်ပွဲရုံဝင်းနှင့် ဘုရင့်နောင်လမ်းမကြီးတွင် အချိန်ကြာမြင့်စွာ ယာဉ်ကြောပိတ်ဆို့မှုများကို မကြာခဏ ကြုံတွေ့နေရဆဲဖြစ်ရာ ယာဉ်ကြောပိတ်ဆို့မှု အမှန်တကယ်လျော့ကျရေးအတွက် ထိရောက်သော ပြောင်းလဲမှုများကို လုပ်ဆောင်ပေးရန် ယင်းနေရာပတ်ဝန်းကျင်တွင် နေ့စဉ်လာရောက်အလုပ်လုပ်ကိုင်နေကြသည့် သောင်းဂဏန်းအရေအတွက်ရှိသော ပြည်သူများက ဆန္ဒရှိနေကြသည်။

**သတင်းဆောင်းပါး - ခင်ဆိုင်**

# မိုးစပါး ဧက ၁၀၀ စိုက်ခင်း၌ စံကွက်ရိတ်သိမ်း

**မိတ္ထီလာ ဒီဇင်ဘာ ၂၄**

မိတ္ထီလာမြို့နယ် ကွက်ငယ်ကျေးရွာအုပ်စု ဟတ္တန်းကျေးရွာ၌ စိုက်ပျိုးထားသော ၂၀၁၅-၂၀၁၆ မိုးစပါး ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀ စံပြကွက်ရှိ မိုးစပါး ခုနစ်ဧကတွင် ဒီဇင်ဘာ ၂၃ ရက်က စံကွက်ရိတ်သိမ်းခဲ့သည်။

စံကွက်ရိတ်သိမ်းပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အမှာစကားပြောကြားပြီး ခရိုင်အဆင့် စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များက စိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်ဗြမ်းက မျိုးကောင်းမျိုးသန့်သုံးစွဲစိုက်ပျိုးခြင်း အကျိုးကျေးဇူးများကို တောင်သူများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဝန်ထမ်းများနှင့် ဒေသခံတောင်သူများ စုပေါင်း၍ မိုးစပါးပုလဲသွယ်စပ်မျိုးစပါး ခုနစ်ဧကတွင် စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက ၁၅၀ ဒသမ ၁၂ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ
ဦးသန်းငွေ-ဒေါ်မာလာအေးတို့၏တစ်ဦးတည်းသောသား
**Dr. ဟိန်းထက်အေးM.B.,B.S(Ygn),FOREVER GROUP**
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ
ဦးဝင်းမော် CEO,FOREVER GROUP(MRTV-4,Channel 7,4TV)-ဒေါ်ခင်ခင်လေး Managing Director,FOREVER GROUP(MRTV-4, Channel 7,4TV)-တို့၏တစ်ဦးတည်းသောသမီး
**Dr. ခင်လင်းမော် M.B.,B.S(Ygn),FOREVER GROUP**

တို့၏ ၂၀-၁၂-၂၀၁၅ရက်တွင် Novotel Yangon Max Hotel(Yangon Ballroom)၌ ကျင်းပပြုလုပ်ခဲ့ပါသောစုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မေတ္တာဖြင့် ကြွရောက်ချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီး ဒေါက်တာဒေါ်မြင့်ငွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ်နှင့်ဇနီး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေ၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလုံးတို့အားလည်းကောင်း၊ စုလျားရစ်ပတ်ထိမ်းမြားခြင်းနှင့် မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော နှစ်ဖက်သော မိဘများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးဦးသိန်းလှမော်၊ မေတ္တာဖြင့် မင်္ဂလာအခါတော်ပေး သီဆိုပေးပါသောတေးသံရှင် ဒေါ်မာမာအေး၊ အေဝမ်းတင်တင်လှနှင့် Forever Music Band တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ Dr.ငြိမ်းသက်နှင့် Dr. ကျော်ထက်၊ မင်္ဂလာသတို့သမီးအရံ Dr. ခင်လှလှနှင့် Dr. အိမ္ဗန်ဟန်တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော Dr. ခင်မျိုးနိုင်၊ မင်္ဂလာပန်းကြဲပေးပါသော Melanie Marcar နှင့် Dr. ခင်သဥ္ဇာဝင်း၊ မေတ္တာဖြင့် မိတ်ကပ်၊ ဆံပင်အလှနှင့် မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ဒီဇိုင်နာမိုးကုတ်ပေါက်ပေါက်၊ မေတ္တာဖြင့် အရန်မိတ်ကပ်လိမ်းခြယ်ပေးပါသော မိတ်ကပ်လင်းလင်းနှင့် အဖွဲ့တို့အားလည်းကောင်း၊ မေတ္တာဖြင့်လက်ဝတ်ရတနာများဆင်မြန်းပေးပါသော ဒေါ်လှလှ(The Rich Gems)အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားနှင့် မင်္ဂလာကား ပန်းအလှဆင် အမေလင်း၊ မင်္ဂလာဖိတ်စာ ဒဂုံပုံနှိပ်တိုက်နှင့် မင်္ဂလာအခမ်းအနားအပြင်အဆင် ရွှေနန်းမြင့်၊ မင်္ဂလာအခမ်းအနားဗီဒီယိုမှတ်တမ်း MRTV-4အဖွဲ့သားများ၊ ဓာတ်ပုံကိုလင်းထွန်း(Life Photography)နှင့်အဖွဲ့၊ Lighting System အတွက် FG Event Production အားလည်းကောင်း၊ ပြင်သစ်၊ အီတလီနှင့် ဆွီဒင်နိုင်ငံများတွင် Prewedding Photo ရိုက်ကူးမှုအတွက် ကူညီပေးခဲ့သော ဒီဇိုင်နာ မိုးကုတ်ပေါက်ပေါက်နှင့် De Lorme Family တို့အားလည်းကောင်း၊ ပြင်သစ်နိုင်ငံမှ ဓာတ်ပုံနှင့် မိတ်ကပ်ပညာရှင်များအားလည်းကောင်း၊ ဝိုင်းဝန်းကူညီပေးကြပါသော FOREVER GROUP မှ ညီအစ်ကိုမောင်နှမများနှင့် Novotel Yangon Max Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ ၂၂-၁၂-၂၀၁၅ရက်တွင် Myanmar Event Park(MEP)၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲအခမ်းအနားတွင် မေတ္တာဖြင့်ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမုံ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးနှင့်ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ အားလုံးတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့်ဇနီး ဒေါ်နီလာသွင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မတင်မိုးလွင်(Talents & Model Agency), Mr.Brian Jeremiah၊ မေတ္တာဖြင့် မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင်ဒေါ်မာမာအေးနှင့် အေဝမ်း တင်တင်လှ၊ နိုင်ငံကျော် တေးသံရှင်များနှင့် Forever Music Band တေးဂီတအဖွဲ့အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာတေးသီချင်း သီဆိုတီးခတ်ပေးပါသော တေးသံရှင်မျိုးကြီးနှင့် Iron Crossအဖွဲ့၊ မေတ္တာဖြင့် သီဆိုတီးခတ်ပေးပါသော နိုင်ငံကျော်အဆိုတော်များနှင့် Ugly Music Band တေးဂီတအဖွဲ့အားလည်းကောင်း၊ After Party အတွက် မေတ္တာဖြင့် DJ အဖြစ်ဆောင်ရွက်ပေးသော DJ Wine, Ar-Tနှင့် သူငယ်ချင်းများ၊ မင်္ဂလာသတို့သားအရံ Dr.ကျော်မျိုးဦး၊ Dr.ကျော်ထူးနိုင်၊ Dr.ငြိမ်းသက်၊ Dr.မျိုးသီဟ၊ မင်္ဂလာသတို့သမီးအရံ Dr. အိမ္ဗန်ဟန်၊ Dr.ခင်လှလှ၊ Dr.ချစ်စုတင်၊ Dr.ခင်မျိုးနိုင်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ကိုင်ဆောင်ပေးပါသော Dr.ငုဝါစံ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော Dr.ခင်သဥ္ဇာဝင်း၊ မင်္ဂလာပန်းကြဲပေးပါသော မစုမြတ်လွင်၊ Melanie Marcar၊ ရွှေထွက် ပန်းခြင်းကိုင်ဆောင်ပေးပါသော ညီမလေးအေးချမ်းမိုးနှင့် ရှင်းသန့်လင်း၊ မေတ္တာဖြင့် မိတ်ကပ်၊ ဆံပင်အလှနှင့် မင်္ဂလာဝတ်စုံများ ဆင်မြန်းပေးပါသော ဒီဇိုင်နာမိုးကုတ်ပေါက်ပေါက်၊ မေတ္တာဖြင့် အရန်မိတ်ကပ်လိမ်းခြယ်ပေးပါသော မိတ်ကပ်လင်းလင်းနှင့်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော ဒေါ်လှလှ(The Rich Gems)အားလည်းကောင်း၊ Flower Decoration Designနှင့် ပန်းများကို မေတ္တာဖြင့် ပေးပို့လက်ဖွဲ့ရှိသာမက ထိုင်းနိုင်ငံမှ ဓာတ်ပုံရိုက်ကူးရေးအဖွဲ့ကိုပါ မေတ္တာဖြင့်ကူညီပေးပါသော Mr.Brain L Marcar နှင့်ဇနီး Karen Marcarတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားပန်းအလှနှင့် Stage အပြင်အဆင် အန်တီနီလာ(Eternal Flowers Florist & Gift Shop), MEP Setting Decoration တစ်ခုလုံးကို အနုပညာစိတ်ကူးစိတ်သန်းများဖြင့် ဖန်တီးပုံဖော်ပေးပါသော ပြင်သစ်နိုင်ငံမှ Delphine De Lorme နှင့် အန်တီပေါက်၊ မင်္ဂလာညစာစားပွဲအတွက် Catering Service ဝန်ဆောင်မှုပေးခဲ့ပါသော ဦးစိန်ဝင်းနှင့်အဖွဲ့အားလည်းကောင်း၊ အစားအသောက်များ ပြင်ဆင်တည်ခင်းပေးပါသော Western Park Royal Restaurant၊ မင်္ဂလာအခမ်းအနား ဗီဒီယိုမှတ်တမ်း MRTV-4 အဖွဲ့သားများ၊ ဓာတ်ပုံဦးပီတာနှင့်အဖွဲ့တို့အားလည်းကောင်း၊ မေတ္တာဖြင့်လက်ဖွဲ့ပေးပါသော Click Photobooth တို့အားလည်းကောင်း၊ Setting Decoration အတွက် FOREVER GROUPမှ Dr.ဘလေးနှင့်အဖွဲ့၊ MRTV-4 Set Design အဖွဲ့၊ CN Phyo Group နှင့် ပြည့်ဖြိုးထွန်း Group, Sound System အတွက် JSS Sound System, Lighting System အတွက် တာဝန်ယူဆောင်ရွက်ပေးပါသော Light Source Lighting Group, Visual Projection System အတွက် တာဝန်ယူဆောင်ရွက်ပေးပါသော FG Event Production၊ Event Organizer အဖြစ်ဆောင်ရွက်ပေးပါသော Forever BEC Tero၊ မေတ္တာဖြင့်ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ အနုပညာရှင်၊ အတတ်ပညာရှင်များအားလည်းကောင်း၊ ၁၉-၁၂-၂၀၁၅ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးဒေါ်စိုးစိုးအောင်၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာအခမ်းအနားနာယကအဖြစ် ဆောင်ရွက်ပေးပါသော ဆရာဦးအမ်းယုမောင်၊ မင်္ဂလာအခမ်းအနားမှူး ကိုဇင်အောင်အောင်၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးကြပါသော အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင် ၅၀၀-တပ်မှူး ဗိုလ်မှူးချုပ်စိန်လင်း-ဒေါ်နွယ်သဇင်နှင့် ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်-ဒေါ်တင်အုန်းမြင့်တို့အားလည်းကောင်း၊ မင်္ဂလာဆွမ်းကျွေးအတွက် မေတ္တာဖြင့် ဝတ်စုံအလှဆင်မြန်းပေးပါသော အန်တီစူးမာ(Fashion Euphoria)၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲအတွက် မေတ္တာဖြင့် ဝတ်စုံအလှဆင်မြန်းပေးပါသော မဇူ့ဇူ(Zu Zu Collection)၊ ဓာတ်ပုံကိုနိုင်နိုင်ထွန်း(Exposure)နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာဦးဆွမ်းကျွေးအခမ်းအနားသို့ မေတ္တာဖြင့် ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးကြပါသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှ ကူညီပေးကြပါသော ဒေါ်မြတ်မြတ်ဦး၊ ဒေါ်တင်အုန်းမြင့်၊ ဒေါ်နွယ်သဇင်၊ FOREVER GROUP Department အသီးသီးမှ ညီအစ်ကိုမောင်နှမများနှင့် ဆွေမျိုးများ၊ အသိမိတ်ဆွေသင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**Dr. ဟိန်းထက်အေး - Dr. ခင်လင်းမော်**

# သည်းခြေကျောက်တည်ခြင်း အပိုင်း (၇)

**ပါမောက္ခ ခင်မောင်ဝင်း (အသည်း)**

**(ကျွန်တော့်ကိုယ်တွေ့သည်းခြေကျောက်တည်လို့ စင်ကာပူအထွေထွေ ဆေးရုံကြီးမှာတက်ပြီး ကျွန်တော်ကိုယ်တိုင် ကုသခံရတဲ့အကြောင်း ရေးနေ ပါတယ်။)**

**စင်ကာပူအထွေထွေဆေးရုံကြီး (SGH) ပေါ်မှာ**

ကျွန်တော် ဗီယက်နမ်မှာ အသည်းရောဂါ အစည်းအဝေးတက်ပြီးအပြန် စင်ကာပူမှာဝင်ပြီး သည်းခြေကျောက်ကို အပေါက်လေးဖောက်ပြီးထုတ်ဖို့ စင်ကာပူအထွေထွေဆေးရုံကြီး (SGH)မှာ တက်လိုက်ရတယ်ဆိုတာ ပြောခဲ့ပြီးပါပြီ။ ဆေးရုံတက်ပြီးတာနဲ့ ကျွန်တော့်ကို SGH ရဲ့ ခွဲစိတ်ဆောင်တစ်ခုက တစ်ယောက်ခန်းကို ထားပေးပါတယ်။ အထဲမှာ အဖော်တစ်ယောက် စောင့်အိပ်ခွင့်ပြုပြီး အဲဒီအစောင့်အိပ်ဖို့ ယာယီခုတင်လေးတစ်လုံး လာချပေးပါတယ်။ အဲဒီ ခုတင်အတွက်တော့ ပိုက်ဆံအပိုထပ်ပေးရပါတယ်။

အခန်းထဲကိုရောက်ပြီး သိပ်မကြာခင်မှာပဲ သူနာပြု ဆရာမတစ်ယောက် ရောက်လာပြီး ကျွန်တော့်ရဲ့ အမည်၊ မွေးသက္ကရာဇ်၊ ဆေးရုံတက်တဲ့ မှတ်ပုံတင်အမှတ်တွေပါတဲ့ လက်ပတ်လေးတစ်ခုကို ကျွန်တော့်လက်ကောက်ဝတ်မှာ လာပတ်သွားပါတယ်။ အဲဒီနောက် ခွဲစိတ်လူနာတွေ ပုံမှန်စစ်ရမယ့် သွေးစစ်ချက်တွေစစ်ဖို့ဆိုပြီး ကျွန်တော့်ကို သွေးတွေလာဖောက်ပါတယ်။ ပြီးတော့ လက်ထောက်ဆရာဝန်တစ်ယောက်လာပြီး ကျွန်တော့်ကို အသေးစိတ်မေးပြီး ဆေးမှတ်တမ်းရေးပါတယ်။ ပြီးတော့ အဆုတ်၊ နှလုံး၊ အသည်းတွေ အကုန်စမ်းသပ်ပြီး မှတ်တမ်းရေးပြန်ပါတယ်။

ညနေရောက်တော့မှ ကျွန်တော့်ရဲ့မိတ်ဆွေ၊ ကျွန်တော့်ကိုခွဲစိတ်ပေးမယ့် ဒေါက်တာပီးယားစ်ချောင်း ရောက်လာပြီးတော့ ကျွန်တော့်ကို နှုတ်ဆက်စကားတွေပြောပြီး မနက်ဖြန်မနက် ၈ နာရီမှာ ခွဲရမယ်လို့ပြောပြီး ပြန်သွားပါတယ်။ ညနေပိုင်းရောက်တော့ သူနာပြုဆရာမတွေရောက်လာပြီး ည ၉ နာရီနောက်ပိုင်း ဘာမှမစားဖို့ ကျွန်တော့်ကိုပြောပြီး တခြားညွှန်ကြားသင့်တာတွေလည်း ညွှန်ကြားသွားပါတယ်။

ကျွန်တော်ခွဲမယ်ဆိုတော့ ကျွန်တော့် အမျိုးသမီး ဒေါက်တာခင်လေးရီ၊ သမီးကြီး ဒေါက်တာမင်းမင်းဝင်း၊ သမီးလေး နှင်းနှင်းဝင်းနဲ့ သားလေး ထူးခိုင်ဝင်း၊ မလေးရှားမှာနေတဲ့ ညီမ ဝေဝေခင်တို့ အကုန်လုံး စင်ကာပူမှာ ရှိနေကြပြီး ကျွန်တော့်အခန်းထဲမှာ စည်စည်ကားကား စကားတွေဖောင်ဖွဲ့လို့ ပွဲတော်ကြီးလိုဖြစ်နေပါတယ်။ ရန်ကုန်မှာ ကျွန်တော့်အစ်ကိုနှစ်ယောက်ဖြစ်တဲ့ ဦးတင်နွယ်၊ ဦးခင်မောင်တင့်နဲ့ ညီမောင်တင့်လွင်တို့ပဲ ကျန်ခဲ့ပါတယ်။ ကျွန်တော့်မိသားစုအခန်းထဲမှာ စကားတွေပြောနေကြပေမယ့်လို့ စိတ်တော့ ပူကြတာပေါ့။

ကျွန်တော်ဟာ သာမန်အားဖြင့်ပြောရရင် အရမ်းကြောက်တတ်တဲ့ သူတစ်ယောက်ပါ။ အနာသေးသေးလေး ပြည်ဖောက်ထုတ်မယ်ဆိုရင်တောင် ကြောက်တတ်တဲ့သူတစ်ယောက်ပါ။ ခြုံပြောရမယ်ဆိုရင် ကျွန်တော်ဟာ တော်တော်လေးကို သတ္တိမရှိတဲ့သူတစ်ယောက်ပါ။ ဒါပေမယ့် ကျွန်တော့်ရဲ့ ထူးခြားချက်ကတော့ နဂိုကကြောက်တတ်တဲ့ ကျွန်တော်ဟာ ပြဿနာ တစ်ခုခုနဲ့ တကယ်ထိပ်တိုက်ရင်ဆိုင်ရပြီဆိုရင်တော့ ကျွန်တော်ဟာ လုံးဝ မကြောက်တော့တဲ့ သူတစ်ယောက်ဖြစ်သွားပါတယ်။ စိတ်ကလည်း ပိုပြီး တည်ငြိမ်သွားပြီး ရင်ဆိုင်ရတဲ့ပြဿနာကို ကြောက်စိတ်၊ စိုးရိမ်စိတ် တစ်စက်မှမရှိဘဲနဲ့ ထိထိမိမိတွေ့ပြီး ရင်ဆိုင်နိုင်တဲ့ သတ္တိ၊ ခွန်အားအပြည့်ရှိပါတယ်။

ကျွန်တော်ဟာ အဲလိုသဘောတရားရှိတဲ့အတွက် ခွဲရမယ်ဆိုတုန်းက စိုးရိမ်ပူပန်ကြောက်နေပေမယ်လို့ တကယ်တမ်းခွဲရတော့မယ်၊ ဆေးရုံပေါ်ရောက်နေပြီဆိုတော့လည်း ကျွန်တော်ဟာ သတ္တိအသွင်ပြောင်းလူ



တစ်ယောက် ဖြစ်သွားပါတယ်။ ခွဲဖို့လုံးဝကိုမကြောက်တော့ဘဲ ဟန်ဆောင်အပြုံးမဟုတ်ဘဲ စိတ်အေးအေးနဲ့ပဲ တကယ့်ကို ရင်ထဲအသည်းထဲက မပူမပင်နဲ့ နောက်တစ်နေ့ခွဲရမယ်ဆိုတာကို ရင်ဆိုင်လက်ခံနိုင်ပါတယ်။

ကျွန်တော်က တကယ့်ကို ပြုံးပြုံးရွှင်ရွှင်နဲ့နေနိုင်ပေမယ်လို့ ကျွန်တော့်ဇနီး၊ သားသမီး၊ မောင်နှမအားလုံးကတော့ တကယ့်ကို ပူပင်သောကအပြည့်နဲ့ ဖြစ်နေကြပါတယ်။ ည ၁၀ နာရီကျော်လောက်ရောက်တော့ ကျွန်တော့် အမျိုးသမီးပဲ အခန်းထဲမှာနေခဲ့ပြီး ကျန်တဲ့လူတွေ ပြန်သွားကြပါတယ်။

နောက်တစ်နေ့မနက်အစောမှာ ကျွန်တော့်မိသားစုနဲ့ အမျိုးအားလုံး ပြန်ရောက်လာကြပါတယ်။ မနက် ၇ နာရီခွဲလောက်ရောက်တော့ ကျွန်တော့်ကို ခွဲခန်းပို့ဖို့ ထရော်လီတွန်းလှည်းသမား ရောက်လာပါတယ်။ သူက သူနာပြုဆရာမတွေကို စိတ်တော့မရှိနဲ့နော် ငါဒီလူနာကို မေးစရာတွေ ရှိသေးတယ်လို့ပြောပြီး ကျွန်တော့်ကို စာရွက်တစ်ရွက်ပြပြီးတော့ 'မင်းဟာ အပေါက်ဖောက် သည်းခြေအိတ်ခွဲရမယ်ဆိုတာ သိလား'လို့မေးတော့ ကျွန်တော်က 'သိပါတယ်ပေါ့'။ တစ်ခါသူက အဲဒီစာရွက်ထဲမှာပါတဲ့ 'ဒီခွဲစိတ်မှုမှာ ဒီမှာရေးထားတဲ့အန္တရာယ်တွေရှိတယ်ဆိုတာ သိလား' 'သိပါတယ်ပေါ့'။ အဲလိုနဲ့ နောက်ဆုံးမှာတော့ စာရွက်ထဲမှာ အထက်ပါအချက် အလက်များကို အားလုံး သိရှိနားလည်ပြီးဖြစ်ပါတယ်ဆိုပြီး ထိုးထားတဲ့လက်မှတ်ကိုပြပြီး 'ဒါ မင်းကိုယ်တိုင်ထိုးထားတဲ့ လက်မှတ်လား'လို့ မေးပါတယ်။ ကျွန်တော်က ဟုတ်ပါတယ်ဆိုတော့မှ ကျွန်တော့်ကို ထရော်လီပေါ်တက်ခိုင်းပြီး ခွဲစိတ်ခန်းဆီကို တွန်းသွားပါတော့တယ်။ ထရော်လီအတွန်းသမားက ကျွန်တော့်ကို ထရော်လီပေါ်တင်ပြီးတွန်းသွားတော့ ကျွန်တော့်မိသားစုအားလုံးက ကျွန်တော့်နောက်ကနေ လိုက်လာကြပါတယ်။ ဒါနဲ့ ခွဲစိတ်ခန်းမကြီးရှေ့ရောက်တော့ ထရော်လီတွန်းလှည်းသမားက ခွဲစိတ်ခန်းသူနာပြုဆရာမကြီး လက်ထဲကို ကျွန်တော့်ကိုအပ်လိုက်ပါတော့တယ်။ သူနာပြုဆရာမကြီးက ကျွန်တော့် လက်ပတ်ကိုဖတ်ကြည့်ပြီး 'မင်း ဒေါက်တာခင်မောင်ဝင်း ဟုတ်တယ်နော်' လို့ မေးပါတယ်။ ကျွန်တော်က 'ဟုတ်ပါတယ်လို့'ပြောတော့ မွေးသက္ကရာဇ်က ဘယ်လောက်လဲမေးပါတယ်။ ကျွန်တော့်မွေးသက္ကရာဇ်ကို ကျွန်တော်က ပြောလိုက်တော့ ဟုတ်ပြီဆိုပြီး ထရော်လီအတွန်းသမား ကျွန်တော့်ကိုမေးတဲ့ စာရွက်လေးကိုပြပြီး တစ်ခါ ထရော်လီအတွန်းသမားမေးတဲ့အတိုင်း မေးခွန်းတွေကို မေးပြန်ပါတယ်။ အဲဒီနောက်တော့ ကျွန်တော့်ကို သူကိုယ်တိုင်တွန်းလှည်းတွန်းပြီး ခွဲစိတ်ခန်းမကြီးထဲကို ခေါ်သွားပါတယ်။ အဲဒီမှာတင် ကျွန်တော့်မိသားစုက အပြင်မှာကျန်ခဲ့ပါတော့တယ်။

SGH ရဲ့ ခွဲစိတ်ခန်းမကြီးက ခွဲစိတ်ခန်း ၂၀ ကျော်ရှိတာဆိုတော့ ကျွန်တော်ခွဲစိတ်ခန်းထဲမဝင်ခင်မှာ ခဏစောင့်နေဖို့ bay လို့ခေါ်တဲ့ လိုက်ကာလေးကာထားတဲ့ ခွဲစိတ်ခန်းဝင်မယ့်လူနာတွေ စောင့်နေရတဲ့နေရာလေးကိုခေါ်သွားပြီး ကျွန်တော့်ကို bay nurse လက်ထဲကို အပ်ပါတယ်။

Bay nurse က တစ်ခါ ကျွန်တော့်လက်ပတ်ကိုစစ်၊ စာရွက်လေးထဲက အချက်အလက်ကို အစအဆုံးတစ်ခါ မေးပြီးတော့မှ ကျွန်တော့်ကိုလက်ခံပြီး ကျွန်တော့်ထရော်လီကို bay ထဲမှာ ထားပါတယ်။ နောက်ပြီး ကျွန်တော့်လက်ကို မီးမှိတ်တုတ်မှိတ်တုတ်လင်းနေတဲ့ လက်ပတ်လေးတစ်ခု လာပတ်ပါတယ်။ ဒါနဲ့ ကျွန်တော်က ဒီလက်ပတ်လေးက ဘာလဲလို့မေးတော့ ဒါ GPS တဲ့၊ ခွဲစိတ်ခန်းတွေက အများကြီးဆိုတော့ မင်းဘယ်နားမှာ ရောက်နေတယ်ဆိုတာကို ခွဲစိတ်ခန်းသူနာပြုဆရာမကြီးက သိရအောင် တပ်ထားတာတဲ့။ အမှန်တကယ်တော့ GPS လို့ခေါ်တဲ့ လူနာဘယ်နားရောက်နေတယ်ဆိုတာကို အချက်ပြစနစ်ဟာ SGH လို ခွဲစိတ်ခန်း ၂၀ ကျော်တဲ့ ဆေးရုံကြီးမှာ တကယ်ကိုလိုအပ်တဲ့ စနစ်တစ်ခုပါ။

ဒီလိုနဲ့ ကျွန်တော့်ကိုခွဲဖို့ အချိန်ကျလာတဲ့အခါမှာ bay nurse က ကျွန်တော့်ထရော်လီကို ကျွန်တော်ခွဲရမယ့် ခွဲစိတ်ခန်းဆီကိုတွန်းသွားပြီး အဲဒီအခန်းက သူနာပြုဆရာမလက်ကို အပ်ပါတယ်။ အဲဒီသူနာပြု ဆရာမ (theatre nurse)က တစ်ခါ ကျွန်တော့်လက်ပတ်ကိုစစ်၊ သိရှိကြောင်းစာရွက်လေးကို တစ်ခါပြန်စစ်၊ အချက်အလက်တွေကို ထရော်လီတွန်းတဲ့သူမေးတဲ့အတိုင်း ပြန်မေးပြီး အားလုံးကိုက်ညီတော့ လက်ခံပြီး ကျွန်တော့်ကို ခွဲစိတ်ခန်းထဲတွန်းခေါ်သွားပြီး ခွဲစိတ်ခုတင်ပေါ်ကို တင်လိုက်ပါတော့တယ်။

(နောက်အပတ်မှာ ကျွန်တော့်သည်းခြေကျောက်ကို SGH မှာ အပေါက်လေးဖောက်ပြီး ဘယ်လိုခွဲတယ်ဆိုတာ ဆက်ပြောသွားပါမယ်။

**(ဆက်လက်ဖော်ပြပါမည်။)**

**ကျွန်တော့်လက်ကို မီးမှိတ်တုတ်မှိတ်တုတ်လင်းနေတဲ့ လက်ပတ်လေးတစ်ခု လာပတ်ပါတယ်။ ဒါနဲ့ ကျွန်တော်က ဒီလက်ပတ်လေးက ဘာလဲလို့မေးတော့ ဒါ GPS တဲ့၊ ခွဲစိတ်ခန်းတွေက အများကြီးဆိုတော့ မင်းဘယ်နားမှာရောက်နေတယ်ဆိုတာကို ခွဲစိတ်ခန်းသူနာပြုဆရာမကြီးကသိရအောင် တပ်ထားတာတဲ့။ အမှန်တကယ်တော့ GPS လို့ခေါ်တဲ့ လူနာဘယ်နားရောက်နေတယ်ဆိုတာကို အချက်ပြစနစ်ဟာ SGH လို ခွဲစိတ်ခန်း ၂၀ ကျော်တဲ့ ဆေးရုံကြီးမှာ တကယ်ကိုလိုအပ်တဲ့ စနစ်တစ်ခုပါ. . .**

## ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နောင်ချို ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းအဖွဲ့နှင့် နောင်ချိုမြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့များ ပူးပေါင်း၍ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ်အကြောင်း ဆွေးနွေးပွဲကို နောင်ချိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပုသိမ်ကြီးမြို့နယ် ရန်ကင်းအဖွဲ့မှ တာဝန်ခံ ဦးထွန်းထွန်းက UNCRC နှင့် Myanmar Child Rights Law အကြောင်းများကို ဆွေးနွေးဟောပြောခဲ့ပြီး ဆွေးနွေးပွဲတက်ရောက်လာသော မြို့နယ်ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

## ကျေးရွာစေတနာ့ဝန်ထမ်း မွမ်းမံသင်တန်းဖွင့်

**မိုးမိတ် ဒီဇင်ဘာ ၂၄**

မိုးမိတ်မြို့၌ ကျေးရွာစေတနာ့ဝန်ထမ်းမွမ်းမံသင်တန်းကို ဒီဇင်ဘာ ၂၂ ရက်က မြို့ကျက်သရေဆောင်ခန်းမ၌ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းဖွင့်လှစ်ခြင်းမှာ ငှက်ဖျားနှင့် တီဘီရောဂါကို ပြည်သူလူထုကိုယ်တိုင် ဆောလျင်စွာ ရောဂါရှာဖွေ၍ ကုသမှုခံယူစေလိုသည့် ရည်ရွယ်ချက်ဖြင့် ကျေးရွာရှိ စေတနာ့ဝန်ထမ်းများအား သင်တန်းခေါ်ယူ၍ ဖွင့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**စည်သူဌေး(မိုးမိတ်)**

## မင်းဘူးမြို့၌ တိုးချဲ့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မင်းဘူး ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ မြို့ပေါ်ရပ်ကွက်နေဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိစေရေးအတွက် တိုးချဲ့ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကာ ဖေဖော်ဝါရီလအတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

တိုးချဲ့ရေပေးဝေရေး လုပ်ငန်းများအဖြစ် ကျောက်တန်းရေစက်ရုံအတွင်း စိမ့်တွင်းတူးဖော်ခြင်း၊ အမှတ် (၁)ရပ်ကွက် လိပ်တောင်ပေါ်၌ ရေကန်တည်ဆောက်ခြင်း၊ ရေတင်ပိုက်လိုင်းများ၊ ရေဖြန့်ဝေပိုက်လိုင်းများ သွယ်တန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးကျော်သူ၊ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်ထွန်းတို့က ဒီဇင်ဘာ ၂၂ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကာ လုပ်ငန်းဆောင်ရွက်နေသောကုမ္ပဏီများက ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။



တိုးချဲ့ မြို့ရေပေးဝေရေးလုပ်ငန်းများ ပြီးစီးပါက မင်းဘူးမြို့တစ်မြို့လုံး သောက်သုံးရေလုံလောက်စွာရရှိမည်ဖြစ်ပြီး လုပ်ငန်းများကို ဖေဖော်ဝါရီလအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ ပြောကြားချက်အရ သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## ဟားခါးမြို့ အငှားဝန်ထမ်းအိမ်ရာ ပန္နက်တင်ပွဲကျင်းပ



**ဟားခါး ဒီဇင်ဘာ ၂၄**

ချင်းပြည်နယ် ဟားခါးမြို့၌ ဆောက်လုပ်မည့် အငှားဝန်ထမ်းအိမ်ရာ ပန္နက်တင် အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက အဆိုပါမြေနေရာ၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ဟားခါးမြို့ ကျောဘုတ်သာသနာပြုကျောင်းတိုက် ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ပညောဘာသထံမှ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ မြေနေရာပန္နက်တင် ရိုက်ပေးခဲ့ကြသည်။

အဆိုပါ အငှားဝန်ထမ်းအိမ်ရာကို အလျား ၆၁ ပေ အနံ ၅၁ပေ ရှိ လေးခန်းတွဲ သုံးထပ် အဆောက်အအုံနှစ်ဆောင်၊ အခန်း ၂၄ခန်းပါရှိမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## မံသဲ-ဟန်ထက် ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်

**မံစီ ဒီဇင်ဘာ ၂၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနမံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မံသဲ-ဟန်ထက်ကျေးရွာချင်းဆက် မြေသားလမ်းအရှည် (၁/၀) မိုင် ဖောက်လုပ်ခြင်း၊ အမာခံသဲကျောက်ခင်းခြင်း လုပ်ငန်းကို စံလွန်ဘွမ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ယင်းကျေးရွာချင်းဆက်လမ်းသည် ဗန်းမော်-မန္တလေး အမြန်လမ်းမကြီးသို့ ဆက်သွယ်ထားသော လမ်းဖြစ်ရာ ဖောက်လုပ်ပြီးစီးပါက မံသဲ၊ ဟန်ထက်နှင့် သစ်ဆုံးကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများနှင့် ကျောင်းသား ကျောင်းသူများ ရာသီမရွေးသွားလာရေး လွယ်ကူနိုင်ပြီး ပညာရေး၊ လူမှုရေးနှင့် စီးပွားရေး ကဏ္ဍများကိုလည်း အထောက်အကူပြုမည် ဖြစ်သည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်

**ဘိုကလေး ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ ကျင်းပခဲ့သော မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၁၃ နှစ်အောက် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဘိုကလေးမြို့ ပြည်သူ့အားကစားကွင်း၌ ဒီဇင်ဘာ ၂၂ ရက်က ကျင်းပသည်။

ဗိုလ်လုပွဲတွင် အထက(၂)အသင်းနှင့် သာပေါင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး အထက(၂)အသင်းက အနိုင်ရရှိခဲ့ကာ ဆုရရှိသော ဘောလုံးအသင်းများနှင့် တစ်ဦးချင်းဆုရရှိသော ကစားသမားများအတွက် ဆုများနှင့် ဒိုင်လူကြီးများအတွက် အမှတ်တရဂုဏ်ပြုဆုများကို ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ထွန်းတို့က ချီးမြှင့်ခဲ့ကြသည်။ **ချမ်းသာ**

## မြင်းမူမြို့နယ်တွင် မိုးစပါး စံကွက်ရိတ်သိမ်း

**မြင်းမူ ဒီဇင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ပျော့ကျေးရွာ၌ သိပ္ပံနည်းကျစိုက်ပျိုးထားသော ဆင်းသုခစပါး တစ်ဧကစံပြစိုက်ခင်းတွင် ဒီဇင်ဘာ ၂၂ ရက်က စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးအစို ၁၂၆ ဒသမ ၉၅ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်မောင်မောင်၊ မြင်းမူမြို့နယ်ဦးစီးဌာနမှူး ဦးလှမိုးကျော်နှင့် ဝန်ထမ်းများက စံကွက်ရိတ်သိမ်းခဲ့ခြင်းဖြစ်ပြီး ပျော့ကျေးရွာမှ ဒေသခံတောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့သည်။ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပျော့ရွာမြစ်ရေတင်လုပ်ငန်းမှ ပေးဝေသည့် မြစ်ရေဖြင့် ပျော့ရွာကွင်းတွင် မိုးစပါး ၉၅၀ ဧကနှင့် အခြားသီးနှံမျိုးစုံ ဧက ၁၀၀၊ စုစုပေါင်း ၁၀၅၀ ဧကကို စိုက်ပျိုးနိုင်ခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စပါးမျိုးနှင့် နည်းပညာများ ပံ့ပိုးကူညီပေးထားကြောင်း သိရသည်။

**အောင်စိုးဖေ(ပြန်/ ဆက်)**

## ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းခင်းမှု ပြီးစီး

**ဂန့်ဂေါ ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက်၌ အောက်တိုဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့သော သတိပဋ္ဌာန်လမ်း ကိုယ့်အားကိုယ်ကိုး ကျောက်ချောခင်းခြင်းလုပ်ငန်းများ ဒီဇင်ဘာ ၂၂ ရက်က ပြီးစီးသဖြင့် ဖွင့်ပွဲနှင့် လမ်းပြီးစီးသည့် အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

လမ်းဖွင့်ပွဲတွင် လမ်းခင်းခြင်းလုပ်ငန်းကို ဦးစီးဆောင်ရွက်ခဲ့သူ မြို့နယ်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မြို့ခင်းသာ ပရိယတ္တိစာသင်တိုက်ဆရာတော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းမြို့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ **(ယာပုံ)**



သတိပဋ္ဌာန်လမ်းသည် အရှည် ၁၆၇၀ ပေရှိပြီး အကျယ် ၁၀ ပေ ၂ လက်မရှိ ကျောက်ချောလမ်းခင်းခြင်းများကို ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လမ်းခင်းပြီးစီးသည့် အထိမ်းအမှတ် ပျော်ရွှင်ပွဲတွင် မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်၏ အစီအစဉ်ဖြင့် ဖွင့်ပွဲသို့ တက်ရောက်လာကြသူများအား ကံစမ်းမဲများ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(၁၀၁)**

## ယာဉ်စည်းကမ်းထိန်းသိမ်းခြင်းဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပ

**သာစည် ဒီဇင်ဘာ ၂၄**

ယာဉ်စည်းကမ်းထိန်းသိမ်းခြင်း၊ ပညာပေးခြင်းနှင့် ယာဉ်တိုက်မှု လျော့ကျရေးအတွက် ပညာပေးဟောပြောပွဲကို သာစည်မြို့ အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဒီဇင်ဘာ ၂၃ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မိတ္ထီလာခရိုင် အမှတ်(၁၄) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲ၊ အမှတ်(၉၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူး မြင့်စိုးက ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေပါ ပုဒ်မများအကြောင်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းများအကြောင်းနှင့် ယာဉ်တိုက်မှုဖြစ်စဉ်များကို အသေးစိတ် ရှင်းလင်းဟောပြောသည်။ ထို့နောက်တက်ရောက်လာသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ သိလိုသည့်အချက်များကိုမေးမြန်းပြီး ဒုတိယရဲမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဟောပြောပွဲသို့ အမှတ်(၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အတွင်းရှိ ယာဉ်ကြီးယာဉ်ငယ် ပိုင်ဆိုင်သူများ၊ မောင်းနှင်သူများ၊ မြို့နယ်အတွင်းမှ ဆိုင်ကယ် ကယ်ရီပြေးဆွဲသူများ တက်ရောက်ခဲ့ပြီး ဟောပြောပွဲအပြီးတွင် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအကြောင်း အသိပညာပေးလက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကြောင်း သိရသည်။ **မောင်ကို (သာစည်)**

## မော်လမြိုင်ကျွန်းတွင် ယာဉ်များမြို့ဝင်ကြေး ကောက်ခံမည်

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့သို့ အဝင်အထွက် ကားများအား ဇန်နဝါရီ ၁ ရက်မှ စ၍ စနစ်တကျ မှတ်တမ်းတင်ပြီး မြို့ဝင်ကြေး စည်းကြပ်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့အဝင်အထွက်ယာဉ်များအား မှတ်တမ်းတင်ခြင်းနှင့် ဝင်ကြေးကောက်ခံခြင်းကို ရွှေကျွန်းဇရာ အဝေးပြေးယာဉ်ရပ်နားစခန်းရှေ့ မော်လမြိုင်ကျွန်း-မအူပင်-ရန်ကုန် အဝေးပြေးလမ်းမကြီးပေါ်တွင် ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းများ စနစ်တကျပြေးဆွဲရေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ မှတ်တမ်းတင်ကြေးနှင့် စည်းကြပ်ခကောက်ခံခြင်း၊ ယာဉ်အဝင်အထွက် မှတ်တမ်းတင်ခြင်းနှင့် မြို့ဝင်ကြေး ကောက်ခံခြင်းများကို စနစ်တကျဆောင်ရွက်ရန် မော်လမြိုင်ကျွန်းမြို့နယ် ပုဂ္ဂလိကယာဉ်လိုင်းများ စနစ်တကျပြေးဆွဲရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်မောင်နှင့် ကော်မတီဝင်များက စီစဉ်လျက်ရှိပြီး မြို့အဝင်အထွက် ယာဉ်များ စည်းကမ်းနှင့်အညီ ပြေးဆွဲမောင်းနှင်ခြင်းရှိ မရှိကို ဒီဇင်ဘာ ၂၁ ရက်က ကြီးကြပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**



ယာဉ်စည်းကမ်းစစ်ဆေးနေစဉ်။

## ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းနှင့် မြစိမ်းရောင်စီမံကိန်းဝင် စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၂၄**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာချင်းဆက် လမ်းများဖောက်လုပ်ခြင်းနှင့် မြစိမ်းရောင်ကျေးရွာများတည်ထောင်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဘားအံမြို့ စက်မှုဇုန်အနီးရှိ စက်မှုဇုန်-မိဖံလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ကျားကလေးကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ကြံစိုက်ပျိုးရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေဦးတို့က ဒီဇင်ဘာ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

စက်မှုဇုန်-မိဖံ ကတ္တရာလမ်းခင်းခြင်းကို နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ကျပ် ၁၉၅ သမ ၈ သန်းနှင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ကတ္တရာခင်းခြင်းကြောင့် စက်မှုဇုန်နှင့် ဘားအံ-လှိုင်းဘွဲ့လမ်းမကြီးသို့လည်းကောင်း၊ ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော လှာကမြင်၊ နောင်ကမြိုင်၊ ကော့ထော်၊ မိဖံ၊ ကော့ကူး၊ မူးကလယ်နှင့် ပေါ့ထော်ကျေးရွာများသို့လည်းကောင်း လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြစိမ်းရောင်စီမံကိန်းကိုလည်း ဘားအံမြို့နယ်အတွင်း ကျေးရွာ ၁၂ ရွာ၌ တစ်ရွာလျှင် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် ဆောင်ရွက်လျက်ရှိပြီး အဆိုပါကျေးရွာများမှ ဒေသခံပြည်သူအိမ်ထောင်စု ၁၄၂၄ စု၊ လူဦးရေ ၇၀၀၀ ကျော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# နှစ်သစ်အကြိုဆုမွန်လွှာ

အားသစ်မာန်ကုမ္ပဏီလီမိတက် မှ ဖြန့်ဖြူးရောင်းချသော ကြံ့နစ်ကောင် ဘိလပ်မြေကိုအစဉ်တစိုက် ရောင်းချပေးလျက်ရှိကြသည့် အောက်မြန်မာပြည် ကိုယ်စားလှယ်တော်ကြီးများ ဖြစ်ကြသော

**Shwe Myitta Cement & General Trading**

အဆောင် - (၂၆)၊အခန်း၄/၅၊ ကျောက်စိမ်း၄လမ်း၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊အင်းစိန်မြို့နယ်၊

ဖုန်း - (၀၉ ၇၉၄၇၄၂၃၄၁/၀၁ ၉၆၄၀၀၁/၀၉ ၇၈၅၅၀၅၀၃၃)

**Zin Htet Trading Co.,Ltd**

အမှတ် - (၇၆) လမ်းသစ်လမ်း၊အာလိန်ငါးဆင့်ဘုရားအနီး၊ သာယာကုန်း၊အင်းစိန်မြို့နယ်၊

ဖုန်း - (၀၉ ၂၅၀၁၄၀၁၄၇)

**အဲဗား**

အမှတ် - (၆ - ၇)၊သမိန်ဗရမ်းလမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်။

ဖုန်း - (၀၉ ၅၀၁၅၂၅၈/၀၁ ၅၅၅၃၄၅)

**Win Trading Co.,Ltd**

အမှတ် - (၁၄၃)၊ခေတ္တာလမ်း၊ဘုရင့်နောင်၊မရမ်းကုန်းမြို့နယ်။

ဖုန်း - (၀၉ ၅၀၁၀၇၆၁/၀၉ ၇၉၉၇၇၆၈၅၅/၀၉ ၄၂၁၁၆၀၂၉/ ၀၁ ၆၈၂၄၇၁)

**DOH TAR WON**

(A+B)၊ မေဥယျာဉ်အိမ်ရာ၊ ရတနာလမ်း၊ သဃ်ၤန်းကျွန်းမြို့နယ်။

ဖုန်း-(၀၉-၇၈၆၆၅၅၇၀၀၊ ၀၉-၇၈၆၆၅၅၇၀၁၊ ၀၉-၇၈၆၆၅၅၇၀၂၊ ၀၉-၇၈၆၆၅၅၇၀၃၊ ၀၉-၇၈၆၆၅၅၇၀၄)

**Naing Nine Construction Material Trading**

အမှတ် - (၂၄)၊အခန်း ၉ - ၁၀၊ကျောက်စိမ်း(၃)လမ်း၊စော်ဘွားကြီးကုန်း၊အင်းစိန်မြို့နယ်။

ဖုန်း - (၀၉ ၇၈၇၃၃၃၈၁၀)

တို့နှင့်အတူ ကြံ့နစ်ကောင်ဘိလပ်မြေကိုရောင်းချပေးနေသော အရောင်းဆိုင်ကြီးများ၊ ဝယ်ယူသုံးစွဲသူ Customer များအား ၂၀၁၆ ခုနှစ် နှစ်သစ်မှသည် စီးပွားလာဘ်လာဘများ တိုးတက်ပွားများပါစေကြောင်းနှင့် ကျွန်တော်များ အားသစ်မာန်ကုမ္ပဏီလီမိတက် နှင့် အတူတကွဆက်လက် လက်တွဲဆောင်ရွက်နိုင်ပါစေကြောင်းနှစ်သစ်အကြိုဆုမွန်ကောင်းတောင်းအပ်ပါသည်။

အားသစ်မာန်ကုမ္ပဏီလီမိတက်
(ကြံ့နစ်ကောင်ဘိလပ်မြေ)



# ခရစ္စမတ်အထူးအစီအစဉ်

ဒီဇင်ဘာလ(၃၁)ရက်နေ့ အထိသာ

SUZUKI Way of Life!

The Brand New ERTIGA



ဆွဲဆောင်မှုရှိခြင်းနှင့် သက်တောင့်သက်သာရှိခြင်း

* ခုံသုံးတန်း၊ ထိုင်ခုံခုနစ်လုံး၊ ပတ်လည်အဲယားကွန်း
* ၁.၄လီတာ အင်ဂျင်၊ အော်တိုဂီယာ(၄)ချက်ပါရှိခြင်း
* စစ်မှန်သောအလှဆင်ပစ္စည်းများ ရရှိနိုင်ခြင်း

အာမခံရှိခြင်း

* သုံးနှစ်၊ ကီလို၁၀၀,၀၀၀အာမခံရှိခြင်း (ဦးဆုံးအရင်ကျရောက်ရာ)

ဈေးနှုန်း (US $ 17,900 ++)
ကျပ် ၁၉၉သိန်း + +

NEW SUPER CARRY TRUCK



အာမခံရှိခြင်း

* တစ်နှစ်၊ မိုင် ၂၀,၀၀၀ အာမခံရှိခြင်း (ဦးဆုံးအရင်ကျရောက်ရာ)

ဈေးနှုန်း (US $ 5,777 ++)
ကျပ် ၆၉သိန်း + +

facebook/Suzuki Myanmar Motor Co., Ltd.

အရေအတွက်အကန့်အသတ်!!
(First Come, First Serve Condition!!)

ဆူဇူကီး(မြန်မာ)မော်တော်မှ လေးစားရသောဝယ်ယူအားပေးသူများအတွက်အစဉ်ထောက်ပံ့ပေးထားသည်မှာ. . . . .

၁ စိတ်ချမ်းမြေ့မှုရရှိခြင်း
* ကောင်းမွန်စွာလေ့ကျင့်ပေးထားသော ကားပြုပြင်ထိန်းသိမ်းရေး နည်းပညာဆိုင်ရာဝန်ထမ်းများရှိခြင်း။
* စစ်မှန်သောဆူဇူကီး အပိုပစ္စည်းများအလုံအလောက် ရရှိနိုင်ခြင်း။

၂ ယုံကြည်စိတ်ချရသောထုတ်ကုန်
* ဂျပန်ဆူဇူကီး အရည်အသွေး၊ အဆင့်အတန်းနှင့်အညီ တပ်ဆင်ထုတ်လုပ်ထားပါသည်။

ကိုယ်စားလှယ်များ

**ရဲနဒီ မော်တော်**
အမှတ် - (၅၀၊၅၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ - ၂၀၁၆၁၉ (Hot Line)၊ ၀၁ - ၂၀၂၁၄၃၊ ၀၁ - ၂၉၆၆၀၅၊ ၀၁ - ၂၉၇၂၁၄

**မျိုး မော်တော်**
အမှတ် - ၁၉၂/၂၄၈ (ခ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၄၀၀၁၂၃၊ ၄၀၀၃၉၉၊ ၀၁ - ၅၅၆၆၈၅၊ ၅၄၆၃၄၅

**အောင် မော်တော်**
အမှတ် - ၃၃၊ ပြည်လမ်း၊ ၇ မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၆၆၇၉၁၆၊ ၆၅၅၈၁၃၊ ၀၁ - ၇၀၉၄၄၈၊ ၆၅၆၂၀၀

**လွင်နှင့်စွမ်း မော်တော်**
ကန်တော်ကလေးလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၂၅၂၃၈၈၊ ၂၅၁၁၈၃၊ ၀၁ - ၃၇၁၇၆၂၊ ၃၉၁၀၇၀၊ ၀၉ ၇၉၁၀၅၉၉၅၇

**အေအိုင်ဂျီ မော်တော်**
၆/၂ သိပ္ပံလမ်း၊ ၆၀ X ၆၁ လမ်းကြား၊ ချမ်းမြေ့သာစည်မြို့နယ်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၇၃၀၄၀၁၆၆ ၊ ၀၉ ၇၃၀၄၀၁၇၇


Viber, WeChat, BeeTalk နဲ့
MyChat တို့ကို အခမဲ့သုံးကြစို့
မိသားစုတွေနဲ့ မိတ်ဆွေတွေကို ဆက်သွယ်လိုက်ပါ။
ပုံများပေးပို့ခြင်း၊ ချက်တင်ပြုလုပ်ခြင်းနဲ့ အသံခေါ်ဆိုမှုများကို အခမဲ့ပြုလုပ်နိုင်ပါပြီ။
ooredoo
MY
သတ်မှတ်ကာလအတွင်းသာသုံးစွဲရန်။ စည်းမျဉ်းစည်းကမ်းများအတိုင်းသာ။ အသေးစိတ်ကို www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုပါ။

## ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်း အကျဉ်းထောင်/စခန်းများရှိ အကျဉ်းသား/အချုပ်သားများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သော ရိက္ခာဆန်များကို သက်ဆိုင်ရာ အကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါပုံစံများရောင်းချမည့်ရက်** - ၂၄-၁၂-၂၀၁၅ရက်မှ ၈-၁-၂၀၁၆ရက်အထိ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး

၃။ **အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည့်ရက်၊ အချိန်နှင့်နေရာ** - ၁၄-၁-၂၀၁၆ရက် (ကြာသပတေးနေ့) ၁၀း၀၀နာရီ မန္တလေးတိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူးရုံး၊

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ၀၂-၃၉၆၃၅ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

(ခ) ၀၂-၃၄၄၄၁၊ ၀၂-၃၉၂၀၄ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

**တင်ဒါစိစစ်ရေးအဖွဲ့**
**မန္တလေးတိုင်းဒေသကြီး၊**
**ပြည်ထဲရေးဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်(MESDP)သည် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဧရာဝတီမြစ်နှင့် အိုးတုတ္ထန်းလမ်းကြား၊ ဒုဋ္ဌဝတီမြစ်နှင့် သပြေတန်းခံတပ်ကြားရှိ မြေပေါ်တွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ သက်ဆိုင်ရာ မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရ ကုမ္ပဏီအသင်းဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

ဆောင်ရွက်မည့်လုပ်ငန်း 2 million tank foundation & RC Work, Bowser Filling Shed, Canteen, 2 1/2 Story RC Office, 2 Story RC Office, Drainage, Fencing & Gate, Lodge, River Bank Retaining Wall.

၂။ အထက်ဖော်ပြပါစီမံကိန်း ဧရိယာတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေ (Kyats) ဖြင့်ဝယ်ယူလိုပါသည်။

1000KV Transformer and Installation ..... 1 No

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၁၂-၂၀၁၅ ရက် (တနင်္လာနေ့)
**တင်ဒါသွင်းမည့်စာရွက်တန်ဖိုး** - ၁၀၀၀၀ိ/-
**တင်ဒါပိတ်မည့်ရက်** - ၂၉-၁-၂၀၁၆ ရက် (သောကြာနေ့)

အိတ်ဖွင့်တင်ဒါ စည်းမျဉ်းစည်းကမ်းအသေးစိတ်နှင့်ပတ်သက်၍လည်းကောင်း၊ ဆောက်လုပ်မည့်အဆောက်အအုံ၏ ဆောင်ရွက်မည့်အတိုင်းအတာ အသေးစိတ်အချက်အလက်များ၊ မိုငြမ်းပြုပုံစံများနှင့်ပတ်သက်သိရှိလိုပါက MESDP, UMFCCI OFFICE TOWER (10) လွှာ၊ အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၉-၄၀၁၅၇၅၆၃၁၊ ၀၉-၉၆၃၃၀၄၉၁၅တို့သို့ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်ရန်အတွက် HMIS မှတ်တမ်း/ ပုံစံ (၁၁)မျိုး၊ ဆေးရုံလချုပ်ပုံစံ(၃)မျိုး၊ပြင်ပလူနာရောဂါစာရင်းပုံစံနှင့် ကလေးကျန်းမာရေးဌာနခွဲမှ IMNCI သင်တန်းတွင် အသုံးပြုမည့်လက်စွဲစာအုပ်များအား ပုံနှိပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** - ၇-၁-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၁-၂၀၁၆ရက် မွန်းလွဲ ၂ နာရီ
**ဆက်သွယ်ရန် ဖုန်းနံပါတ် -၀၆၇-၄၃၁၀၈၅၊ ၀၆၇-၄၃၁၀၇၇**

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ သံမဏိစက်ရုံများကြီးကြပ်ရေးဌာနအောက်ရှိ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)အတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများအား (Lot)အလိုက် ဝယ်ယူရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1 | Dosing Chemicals | 12 |
| 2 | **စက်ပစ္စည်း** | 14 |
| 3 | Air Con Gas | 3 |
| 4 | Rotary Joint & Shaftlip Seal | 2 |
| 5 | Magnetic Device | 1 |
| 6 | UPS | 1 |
| 7 | **စက်ပစ္စည်း** | 6 |
| 8 | Loadcell, Weighting Instrument | 2 |
| 9 | Temperature Measuring Spare | 5 |
| 10 | CCM Casting Strand Spare | 7 |
| 11 | Ball Bearing | 10 |
| 12 | Fiber Carpet, Mould Oil Seal | 3 |

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၂၃-၁၂-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၁-၂၀၁၆ရက် မွန်းလွဲ ၁နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ် ၃၀၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၆၀၊ ၀၆၇-၄၀၅၁၃၉**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ်(၂၀)၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ ၀ဒသမ၅၄၀ဧကအနက် ၀ဒသမ၀၈၈ဧက၊ ဦးပိုင်အမှတ်၄၃/ခ၊ ဧရိယာ၀ဒသမ၅၅၃ ဧကအနက် ၀ ဒသမ၀၂၀ ဧကရှိမြေသည် အယ်လ်အချိုင်အမည်ဖြင့် ဦးပိုင်ပေါက်ပြီး (၉၉)နှစ် အငှားဂရန်ရရှိထားကြောင်း မူလအမည်ပေါက်သူ အယ်လ်အချိုင်ထံမှ ဦးဝင်းမောင်နှင့် ဒေါ်လှကြည်တို့မှ ဝယ်ယူခဲ့ပြီး ဦးဝင်းမောင်နှင့် ဒေါ်လှကြည်တို့ ကွယ်လွန်သွားပြီးနောက် သားဖြစ်သူ ဦးအောင်နိုင်ဦးနှင့် ဦးရန်မျိုးအောင်တို့မှ မော်လမြိုင်မြို့နယ် တရားမကြီးအမှုအမှတ် ၃၆/၂၀၁၄ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြွက်ဟပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ မော်လမြိုင်မြို့နယ်တရားရုံးမှ တရားလိုအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း အနိုင်ဒီကရီကို ချမှတ်ပေးခဲ့ကြောင်း၊ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရရှိထားသော ဦးရန်မျိုးအောင်နှင့် ဦးအောင်နိုင်ဦးတို့ထံမှ လျှောက်ထားသူ ဒေါ်မြင့်မြင့်သန်းသည် အရောင်းအဝယ်စာချုပ် အမှတ် ၁၇၁/၂၀၁၄ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်လာပြီး နှစ်(၃၀)အငှားဂရန် ပထမအကြိမ်ချထားပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေလိုက်သည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊မော်လမြိုင်မြို့**

**ပြည်ထဲရေးဝန်ကြီးဌာန**
**ပဲခူးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန**

## ရိက္ခာဆန်ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများရှိ အကျဉ်းသား/အချုပ်သားများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သော ရိက္ခာဆန်များကို သက်ဆိုင်ရာအကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို တစ်စောင်လျှင် ကျပ် ၁၀၀၀၀ိ/-နှုန်းဖြင့် ၂၄-၁၂-၂၀၁၅ ရက်မှ ၈-၁-၂၀၁၆ ရက်အထိ နံနက် ၉း၃၀နာရီမှ ၄း၃၀ နာရီအတွင်း ပဲခူးမြို့၊ ဉသျှာမြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ သမိန်ဗရမ်းလမ်းရှိ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၄-၁-၂၀၁၆ ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီ နောက်ဆုံးထား၍ ပေးသွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်အချိန်မှာ ၁၄-၁-၂၀၁၆ ရက် မွန်းလွဲ ၂း၀၀နာရီ ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၅၂-၂၂၃၀၁၄၆၊ ၀၅၂-၂၂၃၀၉၁၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ပဲခူးတိုင်းဒေသကြီး၊**
**ပြည်ထဲရေးဝန်ကြီးဌာန**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ရှမ်းပြည်နယ်(တောင်ပိုင်း)စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးနှင့်**
**ပြည်နယ်ကုသရေးဦးစီးဌာနအောက်ရှိ**
**ခရိုင်/မြို့နယ်/တိုက်နယ်ဆေးရုံများအတွက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်ကုသရေးဦးစီးဌာနအောက်ရှိ ခရိုင်/မြို့နယ်/တိုက်နယ်ဆေးရုံများတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ဓာတ်ခွဲစမ်းသပ်မှုနှင့်ဓာတ်မှန်စစ်ဆေးမှုများအတွက် လိုအပ်သောဓာတ်ခွဲခန်းသုံးဆေးဝါးများနှင့် ဓာတ်မှန်ဆေးရည်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါတင်သွင်းလွှာပုံစံများ** -၂၂-၁၂-၂၀၁၅ရက်
**စတင်ရောင်းချမည့် ရက်နှင့်အချိန်** (အင်္ဂါနေ့)နံနက် ၉ နာရီ
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၅-၁-၂၀၁၆ရက်(အင်္ဂါနေ့)၁၆း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပစ္စည်းစာရင်း အသေးစိတ်သိရှိလိုပါက ၂၂-၁၂-၂၀၁၅ ရက်မှစ၍ နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးဝါးများဝယ်ယူရေးကြီးကြပ်မှုကော်မတီ**
**ပြည်နယ်ကုသရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၊**
**စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၈၁-၂၁၂၁၁၀၄**

**ပြည်ထဲရေးဝန်ကြီးဌာန**
**အကျဉ်းဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အကျဉ်းထောင်များနှင့် အလုပ်စခန်းများအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ဝယ်ယူမည့် ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ရိက္ခာဆန်များပေးသွင်းရန် တင်ဒါတင်သွင်းမည့်သူအနေဖြင့် တင်ဒါယှဉ်ပြိုင်ရန်အတွက် စပေါ်ငွေအဖြစ် သိန်းတစ်ရာတင်သွင်းရမည်ဖြစ်ပြီး တင်ဒါယှဉ်ပြိုင်သည့်ရက်၌ စပေါ်အဖြစ်တင်သွင်းရမည့် သိန်း၁၀၀ (ကျပ်သိန်းတစ်ရာတိတိ)အား မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းထားသည့် ငွေရပြေစာ (သို့) ချလန်အား တင်ဒါခေါ်ယူသည့် ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့ တင်ပြရပါမည်။

၃။ ရိက္ခာဆန်များပေးသွင်းရန် တင်ဒါတင်သွင်းမည့်သူအနေဖြင့် တင်ဒါယှဉ်ပြိုင်မည့်ရက်၌ မိမိတင်သွင်းမည့် ရိက္ခာဆန်နမူနာအား (၁) ပေါင်အိတ် (၃)အိတ်ဖြင့် တင်ဒါခေါ်ယူသည့် ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့သို့တင်ပြ၍ တင်ဒါစာအိတ်များကို ချိပ်ပိတ်စာအိတ်ဖြင့် ထည့်သွင်းပြီးတင်သွင်းရမည်။

၄။ **တင်ဒါဖောင်ရောင်းချမည့်ရက်၊ အချိန်** - ၁-၁-၂၀၁၆ ရက်မှ ၈-၁-၂၀၁၆ ရက် နံနက် ၉း၀၀ နာရီမှ ညနေ ၁၆း၀၀ နာရီ
**တင်ဒါဖောင်ပိတ်မည့်ရက်၊ အချိန်** - ၈-၁-၂၀၁၆ ရက်၊ ၁၆း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၁၄-၁-၂၀၁၆ ရက် နံနက် ၉း၀၀ နာရီ

၅။ အိတ်ဖွင့်တင်ဒါပုံစံများကို သတ်မှတ်ရက်ရုံးချိန်အတွင်း အကျဉ်းဦးစီးဌာန၊ ဧရာ ဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့၌ တင်ဒါပုံစံတစ်စောင်လျှင် (၁၀၀၀၀ိ/-)နှုန်းဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**ဧရာဝတီတိုင်းဒေသကြီး**
**ဖုန်း-၀၉-၈၅၅၂၆၆၄**

**ပြည်ထဲရေးဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ ရဲတပ်ဖွဲ့ဝင်များအတွက် မိုးကာအင်္ကျီများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈-၁၂-၂၀၁၅ ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁-၁-၂၀၁၆ ရက်
၄။ **ကုမ္ပဏီ၏အချက်အလက်တင်ပြရန်နောက်ဆုံးရက်** - ၅-၁-၂၀၁၆ ရက်
၅။ **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၈-၁-၂၀၁၆ ရက် နံနက် ၁၀ နာရီ

၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်၁၀၀၀၀ိ/-နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး၊ ရုံးအမှတ် (၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၁၄၊ ၀၉-၄၁၀၀၁၆၈၁တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ပြည်ထဲရေးဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်ကုသရေးဦးစီးဌာန လက်အောက်ရှိ ခရိုင်အဆင့်ဆေးရုံများ၊ မြို့နယ်ဆေးရုံများအတွက် ဆေးဝါးများဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၁-၂၀၁၆ ရက် (သောကြာနေ့)
- ညနေ ၄း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ဟားခါးပြည်သူ့ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ချင်းပြည်နယ်ကုသရေးဦးစီးဌာန**
**ဖုန်း-၀၇၀-၂၁၀၂၁၊၀၇၀-၂၁၀၆၉**

## အများပြည်သူများသိစေရန် ကြေညာချက်

ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်းရှိ အသေးစားငွေရေးကြေးရေးအဖွဲ့များအတွက် အသေးစားငွေရေးကြေးရေးလုပ်ကိုင်ခွင့်လိုင်စင်အမှတ် (၀၂၀၁/၂၀၁၄)ဖြင့် လိုင်စင်ရယူ၍ လုပ်ကိုင်ရာတွင် ယခုအခါ လုပ်ငန်းများအားပိတ်သိမ်း၍ စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသည်။

ပျဉ်းမနားမြို့နယ် ငွေရေးကြေးရေးအဖွဲ့(၄၆)နှင့် လယ်ဝေးမြို့နယ် ငွေရေးကြေးရေးအဖွဲ့ (၈၀)တို့၏ အဖွဲ့ဝင်များအနေဖြင့် ပေးရန်ရရန်များကို လုပ်ငန်းတည်ရှိရာ (အမှတ် ၃၀) ပေါင်းလောင်း (၅)လမ်း (အဏ္ဏဝါရေဆေးဆီလိုက်ဝင်း) ပျဉ်းမနားမြို့သို့ ၃၁-၁-၂၀၁၆ ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြရန် အကြောင်းကြားပါသည်။

**လှငြိမ်း**
**စာရင်းရှင်းတာဝန်ခံ**
**ပျဉ်းမနား/လယ်ဝေးမြို့ အသေးစားငွေရေးကြေးရေးအဖွဲ့**

**ဒေါ်ရီ(ခ)ဒေါ်ရီလေး PMA-2110832 နှင့် အများသိစေရန်**

## ကြိုတင်ကန့်ကွက်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေကွက်အမှတ်(၂၇)ဟု ခေါ်တွင်သည့်(၆၀×၆၀)ပေကျယ်ဝန်းသော ဦးမြသိန်း အမည်ပေါက် ပါမစ်မြေကွက်သည် ကွယ်လွန်သူ ဦးမြသိန်း၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်ငြိမ်းမြထံမှ ဦးအေးဖေက ၃၀-၁၁-၂၀၁၀ ရက်တွင် တန်ဖိုးငွေအကျေအပြေပေးချေ၍ အပြီးအပိုင်ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်စပ်လျဉ်း၍ ဒေါ်ရီလေး(ခ)ဒေါ်ရီ အပါအဝင် အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ ကိုယ်စားလှယ် တစ်ဦးဦးကသော်လည်းကောင်း ယင်းမြေကွက်ကို အမည်ပြောင်းလျှောက်ထားခြင်း၊ မြေပေးစလစ်ပျောက်ဆုံး၍ မူရင်းထုတ်ပေးပါရန် လျှောက်ထားခြင်းအစရှိသည့် လျှောက်ထားမှုများကို မပြုမလုပ်ရန်နှင့် အခြားတစ်ပါးသို့ တနည်းနည်းလွှဲပြောင်းခြင်းများမပြုလုပ်ကြရန် အများသိစေရန်ကြိုတင်ကန့်ကွက် ကြေညာအပ်ပါသည်။

**ဦးအေးဖေ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ဝင်းမွန်မွန်သူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(၉၉၄၆/၁၄)**
**အမှတ် ၁၂၉၀၊၁၉ လမ်း၊ ပေါင်းလောင်း(၃)ရပ်ကွက်၊ ပျဉ်းမနားမြို့**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

### ဦးဝင်းထိန်

(ဝင်းဂုဏ်ရောင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ)

အသက်(၄၀)

ဒေါ်နန်းခမ်းအေး၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းထိန်သည် ၂၂-၁၂-၂၀၁၅ရက် ညစနာရီတွင် စင်ကာပူနိုင်ငံ Mounth Elizabeth Novena Hospital၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်စိုးဝင်း-ဒေါ်ဖြူဖြူမြင့် မိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

### ဦးဝင်းထိန်

(ဝင်းဂုဏ်ရောင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ)

အသက်(၄၀)

ဒေါ်နန်းခမ်းအေး၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းထိန်သည် ၂၂-၁၂-၂၀၁၅ရက် ည ၈နာရီတွင် စင်ကာပူနိုင်ငံ Mounth Elizabeth Novena Hospital၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးချုပ်ကျော်ဇံမြင့်-ဒေါ်ခင်ရဲမွန် မိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

### ဦးဝင်းထိန်

(ဝင်းဂုဏ်ရောင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ)

အသက်(၄၀)

ဒေါ်နန်းခမ်းအေး၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းထိန်သည် ၂၂-၁၂-၂၀၁၅ရက် ည ၈နာရီတွင် စင်ကာပူနိုင်ငံ Mounth Elizabeth Novena Hospital၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးကြီးမြတ်သူ(ငြိမ်း)-ဒေါ်ခင်ပယ် မိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

### ဦးဝင်းထိန်

(ဝင်းဂုဏ်ရောင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ)

အသက်(၄၀)

ဒေါ်နန်းခမ်းအေး၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းထိန်သည် ၂၂-၁၂-၂၀၁၅ရက် ည ၈နာရီတွင် စင်ကာပူနိုင်ငံ Mounth Elizabeth Novena Hospital၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်တင်ရှိန်နှင့်ဒေါ်သီဂီအေး မိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

### ဦးဝင်းထိန်

(ဝင်းဂုဏ်ရောင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ)

အသက်(၄၀)

ဒေါ်နန်းခမ်းအေး၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းထိန်သည် ၂၂-၁၂-၂၀၁၅ရက် ည ၈နာရီတွင် စင်ကာပူနိုင်ငံ Mounth Elizabeth Novena Hospital၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကိုညီညီသွေး-မဝတ်မှုန်လွင်

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

### ဦးဝင်းထိန်

(ဝင်းဂုဏ်ရောင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ)

အသက်(၄၀)

ဒေါ်နန်းခမ်းအေး၏ ချစ်လှစွာသောခင်ပွန်း ဦးဝင်းထိန်သည် ၂၂-၁၂-၂၀၁၅ရက် ည ၈နာရီတွင် စင်ကာပူနိုင်ငံ MOUNTH ELIZABETH NOVENA HOSPITAL ၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန့်ရှင်း-ဒေါ်တင်မြတ်သူ မိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်တင်တင်မြင့် အသက်(၉၀)

B.A.B.Ed (မြင်းခြံ)

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

အလက(၁)မြင်းခြံ၊ အလက(၁)တာမွေ၊ အထက(၂)သာကေတ၊ အထက(၇)မင်္ဂလာတောင်ညွန့်၊ မြင်းခြံအသင်း(ရန်ကုန်)နာယကကြီး

မြင်းခြံမြို့နေ [ဦးဘရှင် (B.Sc, B.L၊ တရားရုံးချုပ်ရှေ့နေကြီး)-ဒေါ်ဒေါ်သိုက်]တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရိပ်သာလမ်း၊ အမှတ် ၁၉နေ ဦးတင်ဆောင် [မန်နေဂျာ(ကုန်သွယ်/လယ်ယာ၊ငြိမ်း)၊ အုပ်ချုပ်မှုဒါရိုက်တာ၊ ယခင် ဖက်စပ်(၁)(ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဒေါက်တာကိုကိုလှိုင်၊ ဒေါ်နုနုစံ(UK)၏မိခင်၊ (ဦးသိန်းမောင်)၊ (ဒေါက်တာညွန့်ညွန့်)၊ (ဦးသိန်းလွင်-ဒေါ်ရီရီနွဲ့)တို့၏ညီမ၊ ဦးကိုကို၊ ဒေါ်မော်မော်သိန်းတို့၏အစ်မသည် ၂၄-၁၂-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၅း၀၅နာရီတွင် SSCဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စန်းရီ

အသက်(၈၄)နှစ်

ပဲခူးမြို့နေ (ဦးသီ-ဒေါ်ငွေသောင်)တို့၏သမီးချွေးမ၊ ဦးမောင်စိန်- ဒေါ်စောရင်တို့၏သမီး၊ ပဲခူးမြို့နေ ဦးအုန်းမြင့်-ဒေါ်စန်းကျင်တို့၏အစ်မ၊ ရန်ကုန်မြို့နေ (ဦးနေဝင်း)- ဒေါ်ခင်စန်းဝေအောင်၊ ဦးကိုကိုအောင်-ဒေါ်တင်တင်ဝင်း၊ (ဦးကိုကိုညိုအောင်)၊ ဦးကိုကိုနိုင်အောင်-ဒေါ်မြမြ၊ ဦးကိုကိုခိုင်အောင်-ဒေါ်နန်းတင်တင်ဌေး၊ ဒုတိယဗိုလ်မှူးကြီးကျော်ကျော်ဦး (မြဝတီစာပေတိုက်၊ စာတည်းမှူးချုပ်)-ဒေါ်မာလာသန်း၊ ဒေါ်ခိုင်စန်းဝေအောင်၊ (ဒေါ်သက်စန်းဝေအောင်)တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏အဘွား၊ ဗိုလ်ကြီးဝေလင်းအောင်(ငြိမ်း)၏ချစ်လှစွာသောဇနီးသည် ၂၃-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ်(၃၆/A1)၊ မြနှင်းဆီလမ်း၊ ရွှေပင်လုံအိမ်ရာ၊ အပိုင်း ၃၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြင့်မူ အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ ၄လမ်း၊ အမှတ်(၃၃/က)နေ ကိုထင်လင်းအောင်၊ကိုမျိုးအေး-မနှင်းအေးမွန်၊ မောင်မောင်သူရိန်၊ ကိုတင်မျိုးသန့်-မလင်းလင်းမွန်၊ ကိုဝင်းယု-မနွယ်နွယ်ဝင်းမွန်၊ မောင်ဝေယံမောင်၊ မောင်ဇင်ဗိုလ်ဗိုလ်၊ မဆုဇင်မောင်၊ မောင်ပြည့်ဖြိုးကျော်၊ မောင်ထူးထက်ထွဋ်၊ မောင်ဘုန်းမြတ်မော်၊ မထက်ဝတီကျော်တို့၏အဒေါ်၊ မသန့်မွန်ဇင်၊ မမေရှင်းသန့်မွန်တို့၏အဘွားသည် ၁၉-၁၂-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြည်ကြည်မြ(ခ)မလေး(ခ)ဆရာမဒေါ်သက်နှင်းဆွေ

အဘဆရာကြီးမင်းသိခ်၏တဲရော့ဗေဒင်ဆရာမ

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊ ထူပါရုံ ၂၁လမ်းအနောက်၊ အမှတ် ၁၆နေ ဦးစိုးခင်-(ဒေါ်အုန်းတင်)တို့၏သမီး၊ ဦးသောင်းစိန်(မြန်မာ့စီးပွားရေးဘဏ်၊ မန်နေဂျာ၊ ငြိမ်း)-ဒေါ်ခင်လတ်၊ ကန်တော်လေး ၈၉လမ်းနေ ဦးစန်းဖေ-ဒေါ်လှလှသိန်း၊ ဦးဇော်ဝင်း-ဒေါ်တင်တင်ရီ၊ ဦးကံတင်-ဒေါ်စန်းစန်းမေ၊ ဦးအေးသက်(ဌာနခွဲစာရေးကြီး၊ ပုဇွန်တောင်၊ ထွေ/အုပ်ရုံး)-ဒေါ်ယဉ်သူလှိုင်တို့၏အစ်မ၊ ဦးခင်မောင်စိန်(စာတိုက်ကြီး)၏ဇနီး၊ မောင်မိုးမင်းဇော်ဦး(CB ဘဏ်ရုံးချုပ်)-မနုနုတို့၏မိခင်၊ တူ၊ တူမ ၁၉ယောက်၊ မြေး သုံးယောက်တို့၏အဘွားသည် ၂၃-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၅ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်စိုး(ခ)ဦးအောင်ကျော်ဖြိုး (ပုသိမ်)

ရွှေပြည်သာဟိုတယ်

အသက်(၄၀)

ရန်ကုန်မြို့နေ [ဦးသောင်းကြည်(အငြိမ်းစားဒုရဲမှူး)]-ဒေါ်ခင်မေတို့၏သား၊ ဒေါ်နုနုရီ၊ ဦးခင်ထွန်း-ဒေါ်စမ်းစမ်းဝင်းတို့၏မောင်၊(ဦးမျိုးသိမ်း)၊ဦးသိန်းထွန်း(အင်ဂျင်နီယာချုပ်၊ Mandalay Golden Wing Construction Ltd.)-ဒေါ်မာမာဝင်း(MEI)၊ (ဦးသန်းဝင်း)တို့၏ညီ၊ ဒေါက်တာစောပြုံးနိုင်(ပါမောက္ခချုပ်၊စစ်ကိုင်းပညာရေးတက္ကသိုလ်)-ဒေါ်ခင်ဥမ္မာထွေး(ဒါရိုက်တာ၊ MEI)တို့၏အစ်ကို၊ တူ၊ တူမ ကိုးယောက်တို့၏ဦးလေး၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၃-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၉း၄၅နာရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၂-၂၀၁၅ရက်(သောကြာနေ့) ညနေ ၃နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ် ၁၄၊ ဦးပုညလမ်း၊ မန္တလေးတက္ကသိုလ်ဝင်း နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းမော် (စစ်တွေမြို့)

အသက်(၅၉)နှစ်

စစ်တွေမြို့၊ အိုးတန်းရပ်ကွက်၊ ထီးတန်းလမ်းနေ (ဦးမောင်ထွန်းကျော်-ဒေါ်သန်းကြွယ်၊ ရွှေငါးဟင်းမွှေးမဆလာ)တို့၏သား၊ ဦးသာဒိုးအောင်-(ဒေါ်ဦးကျော့စိန်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးဝင်းကြည်-ဒေါ်လှလှဝေ၊ ဒေါ်ခင်ခင်သန်း (ရွှေငါးဟင်းမွှေးမဆလာ)-ဦးညီညီ၊ စစ်တွေမြို့နေ ဦးဝင်းဇော်(ရွှေငါးလုပ်ငန်းစု)-ဒေါ်ခင်နု၊ ဦးဝင်းနိုင် (ရွှေငါး ပလတ်စတစ်လုပ်ငန်း)-ဒေါ်မနွဲ့၊ ရန်ကုန်မြို့နေ (ဦးအောင်ခင်)-ဒေါ်ချိုချိုအောင်တို့၏ညီ/မောင်/အစ်ကို၊ ဒေါ်နှင်းမိုးဆွေ-ဦးထွန်းဝင်း(ကုန်သည်)၊ ကိုတင်ထူးမော်(OOW-5B)တို့၏ဖခင်၊မောင်ထူးအံ့ကောင်း၊ မောင်အောင်စည်ခန့်တို့၏အဘိုးရှင်၊ဒေါ်သာနှင်းအေး(ဖြူမ)၏ခင်ပွန်းသည် ၂၄-၁၂-၂၀၁၅ရက် နံနက် ၉း၃၅နာရီတွင် စစ်တွေမြို့၊ ရူပတောင်ရပ်ကွက်၊ လမ်းမကြီးနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅-၁၂-၂၀၁၅ ရက် မွန်းလွဲ ၁နာရီတွင် အာကျိတ်တော်ကုန်းသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးခင်မောင်ညွှန့် (ဝါးခယ်မမြို့)

သိမ်ကြီးဈေး(D)ရုံ

အသက်(၆၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်နေ (ဦးသောင်းညွန့်-ဒေါ်ခင်အုန်း)တို့၏သား၊ (ဒေါ်ခင်ခင်)၊ (ဦးစိုးတင်)တို့၏တူ၊ ရန်ကုန်မြို့၊စံပြဖဆပလရပ်ကွက်၊ တိုက် ၁၁၊ အခန်း ၁၅နေ ဒေါ်ခင်သန်းနွဲ့ (ဥပဒေအရာရှိ၊ ငြိမ်း၊ ပဲခူး)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန်းဆွေ(ဇေယျာနန္ဒာ၊ သိမ်ကြီးဈေး)တို့၏ဖခင်၊ ဦးခင်မောင်ညွန့် (ဗဟိုတရားရုံးချုပ်ရှေ့နေ) [သိမ်ကြီးဈေး (D)ရုံ]သည် ၂၃-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁း၂၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၅-၁၂-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။[နေအိမ်နှင့် သိမ်ကြီးဈေး(D)ရုံတို့မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## နော်ထူးထူးဖော

အသက်(၆၃)နှစ်

တောင်ငူမြို့၊ အမှတ် ၁၉/၅၅၆၊ သီတာလမ်းနေ (အငြိမ်းစား-ဒုတိယဗိုလ်မှူးကြီး စောဂေါ့ဝေလာ)၏ ဇနီး၊ မေရီထူးဆဲလ်-ဦးဘိုထွေး၊ ဒေးဗစ်အေးမြတ်-ဦးကျော်ဆန်း၊ စင်သီယာထူးကပေါတို့၏မိခင်၊ နော်ဒိုရာကလုစူး၏အဘွားသည် ၂၃-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် တောင်ငူမြို့နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၁၂-၂၀၁၅ ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ တြီးနတီ နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး တောင်ငူအနောက် ခရစ်ယာန်သုသာန်၌ သင်္ဂြိုဟ်ပါမည်။ [အောက်မေ့ဖွယ်ဝတ်ပြုခြင်းကို ၂၆-၁၂-၂၀၁၅ရက်(စနေနေ့)နံနက်၁၁နာရီတွင် သီတာလမ်းနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်းဒါယကာကြီး

## ဦးမြဝင်း (သမ/ဦးစီး၊ ငြိမ်း)

အသက်(၇၈)နှစ်

(ဦးချီ-ဒေါ်ချစ်)တို့၏သား၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာလမ်း(၂၀/ခ)၊ အမှတ် ၈၃၆နေ ဒေါ်မြသန်း၏ခင်ပွန်း၊ (ဦးတင်ဝင်းဦး)၊ ဦးရွှေဝင်းတို့၏ညီ၊ ဦးကျော်ဇော်ဝင်း၊ ဒေါ်မြသန္တာဝင်း၊ ဦးကျော်စွာဝင်း၊ ဒေါ်မြသီရိဝင်း၊ ဒေါ်မြအင်ကြင်းဝင်း၊ ဒေါ်မြယမင်းဝင်းတို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၂၄-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၅း၄၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၆-၁၂-၂၀၁၅ ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

## ဒေါ်အေး

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက် ၁၀၊ အခန်း ၇နေ (ဦးရွှေကြီး-ဒေါ်အုံးညွန့်)တို့၏သမီး၊ (ဦးအုန်းရွှေ)၏ဇနီး၊ ဒေါ်ကြင်သန်း(သတင်းစာကိုယ်စားလှယ်)၊ဦးကျော်စိုး(ကားပွဲစားတန်း)တို့၏မိခင်၊ ဦးဝင်းမောင်-ဒေါ်သီတာ(မသီတာစာပေ)၊ ဒေါ်နီလာ(သီတာ+နီလာစာပေ)၊ ဒေါ်ခိုင်ခိုင်နှင်း၊ ရန်နိုင်(ဗိုလ်ချုပ်ဈေး)၊ ဒေါ်ခိုင်ဇင်ဦး(ခိုင်ဇင်ဦးစာပေ)၊ ဦးဟန်မင်းလွင်-ဒေါ်သင်းသင်းခိုင်တို့၏အဘွား၊မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂၃-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၀၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၅-၁၂-၂၀၁၅ရက်(သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၂-၂၀၁၅ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဒူဝါမြိုထွယ်ဂမ်အောင်

(B.Ag-1967)

စိုက်ပျိုးရေးမန်နေဂျာ(ငြိမ်း)

အသက်(၈၀)

မြစ်ကြီးနားမြို့၊ ရောရပ်ကွက်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ အမှတ် ၅၁၃နေ ဆရာမကြီး ဒေါ်မရမ်ဂျာဘူ(စိုက်ပျိုး လ/ထမန်နေဂျာ၊ ငြိမ်းနှင့် ILBC ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မမြိုထွယ်ခေါန်ဘူ၊ Lewis မြိုထွယ်လတ်အောင် - Susan (Australia)၊ ဆရာ မြိုထွယ်ဘောက်ဆိုင်း-ဒေါ်ဝဂျေရွှယ်ဆိုင်း၊ ဒေါ်မြိုထွယ်ဆိုင်းရာ-ဦးကျော်ဌေး(USA)၊ မြိုထွယ်ရွယ်ဆန် - တန်ဘောင်ဇော်ခွန်ဆမ်(ခ) စိုင်းကျော်နိုင်၊ မမြိုထွယ်ထူရော်(Singapore)တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂၄-၁၂-၂၀၁၅ရက် နံနက် ၁ နာရီတွင် သင်္ဃန်းကျွန်း စံပြဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆-၁၂-၂၀၁၅ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်နှင့် ရန်ကုန်ကချင်နှစ်ခြင်းအသင်းတော်၊ စမ်းချောင်းမှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရင်ရင်သန်း

(ပျားအုံဆေးတိုက်)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း (တောင်)ရပ်ကွက်၊ ဗဟိုလမ်း(မကြီးကြီးလမ်း)၊အမှတ် ၈၈ (ပထမထပ်)နေ (ဦးမြ-ဒေါ်မြရီ-ဒေါ်သိန်းညို)တို့၏သမီး၊ (ဦးမောင်မောင်စိန်)-ဒေါ်ပိုင်းကြည်တို့၏ညီမ၊ (ဦးမြစိုး-ဒေါ်သန်းဆွေ) (ဒေါ်စမ်းမြင့်)၊ ဦးအောင်အောင်ကျော် - ဒေါ်ဝင်းဝင်းမြင့်၊ ဦးသန်းဌေး-ဒေါ်ရီသိန်း၊ ဒေါ်ခင်မာထွေးတို့၏အစ်မ၊ ဒေါ်နွယ်နီချို၊ မနဒီဝင့်အောင်တို့၏မိခင်၊ တူ၊တူမ ၁၄ယောက်တို့၏အဒေါ်၊ မြေး ၁၂ယောက်တို့၏အဘွားသည် ၂၄-၁၂-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၂နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၅ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးတင်အုန်း(ခ)ဦးပေါက်စ

အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ် ၉နေ (ဦးစိန်ဝင်း-ဒေါ်ခင်ခင်)တို့၏သား၊ (ဦးသိန်းလှိုင်-ဒေါ်ခင်တင့်)တို့၏ သားသမက်၊ ဦးဝင်းကြည်-ဒေါ်နီတိုး၊ဦးစိုးခိုင် - (ဒေါ်သက်သက်လှိုင်)တို့၏ညီ/မောင်၊ ဦးအေးကျော်၏အစ်ကို၊ ဦးဇော်လွင်မျိုး - ဒေါ်မေသဲခိုင်၊ ဗိုလ်ကြီးထက်အောင်၊ မောင်လင်းခန့်ထက်တို့၏ဖခင်၊မသံလွင်ထက်၏အဘိုး၊ဒေါ်လဲ့လဲ့ခိုင်(မနီ)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၂-၁၂-၂၀၁၅ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၆-၁၂-၂၀၁၅ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တအာသဖ

သက်တော်(၉၀)၊ သိက္ခာတော်(၇၁)ဝါ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ကေတုမတီမြို့သစ် မဟာစည်သာသနာ့ရိပ်သာနှင့် အင်ဒိုင်းရွာ သာသနာ့သိပ္ပံကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအာသဖ မဟာထေရ် ဆရာတော်ကြီးသည် (၁၃၇၇ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ရက်) ၂၃-၁၁-၂၀၁၅ ရက်(တနင်္လာနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၇၇ခုနှစ် နတ်တော်လပြည့်ကျော် ၁ ရက်) ၂၇-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် အန္တိမဈာပနပွဲတော်ကို အင်ဒိုင်းရွာ သာသနာ့သိပ္ပံကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေး/အကျိုးတော်ဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## တယ်ကင်ဟုတ် အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လသာလမ်း၊ ပထမထပ်၊ အမှတ် ၅၆နေ ဒေါ်ဖိတ်ကြူး၏ချစ်လှစွာသောခင်ပွန်း၊ တယ်တိန်ချွန်(ခ)ဦးတင်ဝင်း-ဒေါ်ဌေးကြည်၊ တယ်တိန်ဟင်း(ခ)ဦးအောင်အောင်-ဒေါ်သင်းသင်းဆွေ၊ တယ်တိန်ဗုက်(ခ)ဦးအာလူး-ဒေါ်နော်ရီးမေ၊ ဦးဂွမ်ကြည်-တယ်ချိုချို(ခ)ဒေါ်ချိုချို၊ တယ်ဗုက်ချူး(ခ)ဒေါ်သီတာဝင်း၊ [တယ်ဗုက်ပို(ခ)ဒေါ်ဝင်းဝင်းခိုင်]၊ (မောင်သိန်းချိုင်)၊ တယ်ဗုက်ကျောင်း(ခ)ဒေါ်ထက်ထက်နိုင်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂၄-၁၂-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၁၂-၂၀၁၅ရက် (စနေနေ့)တွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးခါဂမ်း အသက်(၈၅)နှစ်

တပ်ကြပ် (ကပအမ-၄၆၉၅၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ လှိုင်သီရိ(၁)လမ်း၊ အမှတ် ၇၄၄နေ ဦးခါဂမ်းသည် ၂၃-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၁၂-၂၀၁၅ရက် (တနင်္ဂနွေနေ့)ညနေ ၃နာရီတွင်ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်နှင့် တောင်ဥက္ကလာပ၊ ဇဝ်ဂေလိ AG အသင်းတော်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းအောင်(ခ)ဦးသိန်းထွန်း (ဒါးပိန်)

ရုံးအုပ်(ငြိမ်း)၊ အလုံသင်္ဘောကျင်း

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ စိန္တကျော်သူဦးဩလမ်း၊ အမှတ် ၃၀၉ (U-9)နေ (ဦးဘိုးရွှေ-ဒေါ်မြစိန်)တို့၏သား၊ ဒေါ်တင်အေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးခင်မောင်ဇော်-ဒေါ်လှလှမြင့်၊ (ဒေါ်ခင်မာမြင့်)တို့၏ဖခင်၊ မောင်တင်ထွန်းထက်(Huawei)၊ မောင်လင်းထက်အောင်(BSM Shipping Co.,Ltd.)၊ မဇင်မာသန်း(Physics 3rd yr)တို့၏အဘိုးသည် ၂၄-၁၂-၂၀၁၅ရက် နံနက် ၃း၄၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၅ရက်(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးညွန့်လှိုင်(ဘားအံ) အသက်(၈၂)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ အနောက်ရှမ်းကုန်းရပ်နေ (ဦးစောတင့်-ဒေါ်မရီ)တို့၏သား၊ ဦးသန်းလှိုင်-ဒေါ်ဝါဝါမော်၊ (ဦးကိုကိုလှိုင်)-ဒေါ်အေးအေးသန်း၊ ဗိုလ်ကြီးခင်မောင်ချို(ငြိမ်း) (လ/ထညွှန်မှူး၊ ဆ/မ)-ဒေါ်စန်းစန်းလှိုင်တို့၏မိခင်၊ ဘားအံမြို့၊ (၁)ရပ်ကွက်၊ ရွှေဝါထွန်းလမ်းနေ (ဒေါ်မြစိန်)၏ခင်ပွန်း၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၄-၁၂-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၁၅ရက်(စနေနေ့)နံနက် ၁၁နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၂-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်ခွဲ၊ တိုးချဲ့(၄)၊ ဆည်မြောင်းဝင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကီးလှတင်

မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်း

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျောင်းလမ်း၊ အမှတ် ၆နေ (ဦးဘအုန်း-ဒေါ်စိုးကြည်)တို့၏သား၊(ဒေါ်ခင်လုံးရီ)၏ခင်ပွန်း၊ ဒေါက်တာညီညီလင်း-ဒေါက်တာတင်မိုးဖြူ၊ ဦးသာထွန်း-ဒေါ်တင်မိုးသူတို့၏ဖခင်၊ မောင်ထွဋ်လင်းဦး၊ မောင်ဘုန်းမြတ်သာတို့၏အဘိုးသည် ၂၃-၁၂-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးလှမြင့်

အသက်(၇၅)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးအေးကိုကို(ငြိမ်း)၊ ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ဖခင် ဦးလှမြင့်သည် ၂၂-၁၂-၂၀၁၅ရက် နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၁၆)မှ သူငယ်ချင်းများ

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးမောင်မောင်စံ

(UCHS ကျောင်းသားဟောင်း)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ် ၈၈/က၊ သစ်တောလမ်းနေ (ဦးထွန်းရီ-ဒေါ်မေမေလွင်)တို့၏သား၊ (ဦးအောင်တင်-ဒေါ်ရင်နု)တို့၏သားသမက်၊ ဒေါ်ရီရီလွင် - (ဒေါက်တာမောင်မောင်ထွန်း၊ U.K)တို့၏မောင်၊ ဒေါက်တာမောင်မောင်ဟန်-ဒေါ်ခင်စန်းမြင့်တို့၏ညီ၊ ဦးအေးလွင်-ဒေါ်နီလာ(Australia)တို့၏အစ်ကို၊ ဒေါ်ဘေဘီဂျွန်၏ချစ်လှစွာသောခင်ပွန်းသည် ၂၃-၁၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၉း၅၂နာရီတွင် ရန်ကုန်ဆေးရုံကြီး(ခုတင်-၅၀၀)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၁၂-၂၀၁၅ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ရေတပ်ဖွဲ့၏ ရေပြင်ကိုကာကွယ်နိုင်သည့် စွမ်းပကားများအား ဝေဟင်ကာကွယ်ရေး စွမ်းအားများနှင့် ပေါင်းစပ်အားဖြည့်ပြီး မြန်မာ့ပင်လယ်ကာကွယ်နိုင်ရန်လုပ်ဆောင်



တပ်မတော်(ရေ)မှ ကိုယ်တိုင်တည်ဆောက်ခဲ့သည့် ခေတ်မီအဆင့်မြင့် ဖရီးဂိတ်စစ်ရေယာဉ်-ဆင်ဖြူရှင်ကို တွေ့ရစဉ်။ (မြဝတီ)

**နေပြည်တော် ဒီဇင်ဘာ ၂၄**

ကာကွယ်ရေး စနစ်ဆိုသည်မှာ လက်ရုံးတပ်ဖွဲ့တစ်ခုတည်း ရပ်တည်လုပ်ဆောင်၍မရဘဲ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပေါင်းစည်းဆောင်ရွက်ရကြောင်း၊ ရေတပ်ဖွဲ့၏ ရေပြင်ကို ကာကွယ်နိုင်သည့် စွမ်းပကားများအား ဝေဟင်ကာကွယ်ရေးစွမ်းအားများနှင့် ပေါင်းစပ်အားဖြည့်ခြင်းဖြင့် မြန်မာ့ပင်လယ် ကာကွယ်နိုင်မှုကို စိတ်ချရသည့် အနေအထားရောက်အောင် ကြိုးစားလုပ်ဆောင်သွားရမည် ဖြစ်ကြောင်း၊ (၆၈)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် စစ်ရေယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်(ရေ)ဝတ်စုံအား ဂုဏ်ပြုဝတ်ဆင်၍ တက်ရောက် အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းက ရေတပ်သင်္ဘောကျင်း

*စာမျက်နှာ ၈ ကော်လံ ၁* ☆

## Merlion Cup ပြိုင်ပွဲ ရွှေ့ဆိုင်းခဲ့ခြင်းကြောင့် MNL ပွဲစဉ်များအပြောင်းအလဲဖြစ်ပေါ်

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် ဒီဇင်ဘာ ၂၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်များကို ဒီဇင်ဘာလ ဒုတိယပတ်က ထုတ်ပြန်ခဲ့သော်လည်း မြန်မာ့လက်ရွေးစင်အသင်း ယှဉ်ပြိုင်ရန် စီစဉ်ထားသည့် Merlion Cup ပြိုင်ပွဲရက် ရွှေ့ဆိုင်းခဲ့ခြင်းကြောင့် ပွဲစဉ်ကျင်းပမည့်ရက်များပြောင်းလဲ၍ ရွှေ့တိုးကျင်းပသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် MNL ကလပ်အသင်းများနှင့် ယနေ့ နေ့လယ်ပိုင်းက အစည်းအဝေးပြုလုပ်ပြီးနောက် ပွဲစဉ်ဇယားပြောင်းလဲမှုကို အတည်ပြုထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ၂၀၁၆ရာသီ MNL အမှတ် ပေးပြိုင်ပွဲကို

*စာမျက်နှာ ၁၄ ကော်လံ ၁* ○




MNL ပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းအဖြစ် ချန်ပီယံဆုလေးကြိမ်ရရှိထားသည့် ရန်ကုန်အသင်း။

ယနေ့ » ဖတ်စရာ

တရုတ်မြို့ပေါင်း ၅၀ ကျော်မှ မီးခိုးမြူများ အလွန်အမင်းပိုးလွှမ်းမှုခံရ
စာ » ၄

ပျဉ်းမနားမြို့ အရှိန်စခြင်းအသင်းတော် ညည့်ဦးယံဝတ်ပြု ဆုတောင်းပွဲများကျင်းပ
စာ » ၅

မြန်မာ့ပုလဲရောင်းချပွဲတွင် ကျပ်သန်း ၄၂၀၀ကျော်ဖိုး ရောင်းချခဲ့ရ
စာ » ၇

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၄၁၃၂၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၃၅၊ ဖက်စ် ၀၆၇-၃၄၁၃၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း



မြန်မာ့အလင်း

၂၀၁၅ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်၊ သောကြာနေ့။



စူပါကော်ဖီမစ်

ပြည်တွင်းရေးရာ

ကုသိုလ်ပွားစရာ
မိုးညှင်းကန်သာယာ

စာ - ၅





# ပရီမီယာလိဂ်ရဲ့ ကမ်းနားသစ်ပင်

စာ - ၂

ဝေမိုးဆက်

မြန်မာ့အလင်း

၂၅-၁၂-၂၀၁၅ (သောကြာနေ့)

**ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၁၇ ရက်နေ့မှာ ချယ်လ်ဆီးမန်နေဂျာ မော်ရင်ညိုကို အသင်းပိုင်ရှင် အဘေရာမိုဗစ်ချ်က ရာထူးကနေထုတ်တယ်။ ဒီတော့ အဲဒါနဲ့ပတ်သက်ပြီး ဘာများပြောစရာရှိမလဲ။ အထူးသဖြင့် အဲဒီလို မော်ရင်ညိုထုတ်ပယ်ခံရမှုဟာ ဒီနှစ်ပရီမီယာလိဂ် ဘောလုံးရာသီအတွင်း ကိုးဦးမြောက်ထုတ်ပယ်ခံရတဲ့ မန်နေဂျာလည်းဖြစ်နေပြန်တော့။ ရာသီတစ်ဝက်မကျိုးခင်မှာတင် မန်နေဂျာကိုးဦး ထုတ်ပယ်ခံရမှုနဲ့အတူ ပရီမီယာလိဂ် မန်နေဂျာရဲ့ဘဝနဲ့ အနာဂတ်ခိုင်မာမှုမရှိခြင်းက ဆွေးနွေးဖို့အကောင်းဆုံး အကြောင်းတရားတစ်ခုဖြစ်လာတယ်။**

# ပရီမီယာလိဂ်ရဲ့ ကမ်းနားသစ်ပင်

ဝေမိုးဆက်


မော်ရင်ညို

ပြောမယ်ဆိုရင် ဒီနှစ်ရာသီပရီမီယာလိဂ်ရဲ့ မန်နေဂျာထုတ်ပယ်ခံရမှု ကိုးကြိမ်မှာ ရာသီကြိုကာလအတွင်း လေးကြိမ်ဖြစ်ခဲ့တာဖြစ်ပြီး ပြိုင်ပွဲကစားနေစဉ် ငါးကြိမ်ဖြစ်ခဲ့တာဖြစ်တယ်။ အရှင်းဆုံးပြောရရင် ရာသီကြိုကာလအတွင်းမှာ ဝက်စ်ဟမ်းက ဆမ်အလာဒိုက်စ်နေရာကို ဘီလစ်နဲ့အစားထိုးတယ်။ ဝက်ဖို့ဒ်ကလည်း ဂျိုကာနိုဗစ်နေရာကို ဖလောရက်စ်နဲ့ပြောင်းတယ်။ နယူးကာဆယ်နဲ့ လက်စတာက ဂျွန်ကာဗာနဲ့ နေပီယာဆန်ကို ထုတ်ပယ်ကာ မက္ကလာရင်နဲ့ ရေနီယာရီကိုခန့်တယ်။

ပြောရရင် ရာသီမစခင်မှာ အပြောင်းအလဲလုပ်ခြင်းဟာ အသင်းကိုပိုမိုတိုးတက်ဖို့ စီစဉ်ဖန်တီးမှုရယ်လို့ ခေါင်းစဉ်တပ်နိုင်သော်ငြား အဲဒီရာသီကြိုကာလမှာ ထုတ်ပယ်ခံရ၊ အစားထိုးခံရတဲ့ လေးဦးအနက် ဝက်ဖို့ဒ်မန်နေဂျာ ဂျိုကာနိုဗစ်ဆိုရင် ဝက်ဖို့ဒ်ကို ကိုင်တွယ်ခဲ့တာ တစ်ရာသီတောင်မပြည့်သေးဘူး ၂၀၁၄ အောက်တိုဘာလကမှ ဝက်ဖို့ဒ်ကိုရောက်လာပြီး သူ့လက်ထက်မှာ တန်းတက်ခွင့်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့တာတောင်မှ ဒီရာသီမစခင်မှာ ဖလောရက်စ်နဲ့အစားထိုးခံရသလို ဂျွန်ကာဗာဆိုရင်လည်း ၂၀၁၅ ဇန်နဝါရီ ၂၆ ရက်ကမှ ကာဆယ်ကိုတရားဝင်ကိုင်တွယ်ခွင့်ရပြီး တန်းမဆင်းရအောင် ကြိုးစားပေးနိုင်ခဲ့သော်ငြား ရာသီကုန်မှာ မက္ကလာရင်နဲ့ အစားထိုးခံရတယ်ဆိုတော့။

အရှင်းဆုံးပြောမယ်။ အဲဒါကို ပွဲစဉ် ရှစ်ပွဲသာကစားပြီးချိန်မှာ ဆန်းဒါးလန်းနဲ့ လီဗာပူးက အက်ဗိုကတ်နဲ့ ရော်ဂျာကိုထုတ်ကာ ဆမ်အလာဒိုက်စ်နဲ့ ဂျာဂျင်ကလော့ကို အစားထိုးခဲ့မှု၊ ပွဲစဉ် ၁၀ အပြီးမှာ ဗီလာက တင်မ်ရှားဝုဒ်ကိုထုတ်ပြီး ရီမီဂရာဒီနဲ့ အစားထိုးမှု၊ ပွဲစဉ် ၁၅ အပြီးမှာ ဆွမ်ဆီးက မန်နေဂျာ ဂယ်ရီမွန့်ကိုထုတ်ပယ်ခဲ့မှုနဲ့ အခုနောက်ဆုံး ချယ်လ်ဆီးက မန်နေဂျာမော်ရင်ညိုကို လျော်ကြေးပေးပြီးတောင် ထုတ်ပယ်ခဲ့မှုတွေနဲ့ပါ ပေါင်းကြည့်ရင် ပရီမီယာလိဂ်မန်နေဂျာတွေရဲ့ ဘဝအာမခံချက်မရှိမှုက အတော်လေး မြင်သာလာတယ်။

ပြောမယ်ဆိုရင်ပေါ့။ အဲဒါဟာ ငွေကြေးရဲ့ စေစားမှုကြောင့်ရယ်လို့ ကျွမ်းကျင်သူတွေက ခေါင်းစဉ်တပ်ကောက်ချက်ဆွဲကြတယ်။ အထူးသဖြင့် ပရီမီယာလိဂ်ဟာ အခြားဥရောပထိပ်တန်းလိဂ်ပြိုင်ပွဲတွေနဲ့မတူဘူး။ ဈေးကွက်ချဲ့ထွင်နိုင်မှုနဲ့ ပရိသတ်ကိုဆွဲဆောင်နိုင်မှုတွေမှာ အားကောင်းတာနဲ့အမျှ ပရီမီယာလိဂ်ကလပ်အသင်းတွေရဲ့ ဝင်ငွေကအစ နက်နက်နဲနဲရှိတယ်။ ရုပ်သံထုတ်လွှင့်ခဝင်ငွေ တစ်ခုတည်းတောင်မှ မက်လောက်စရာရှိတယ်။ မနှစ်က တန်းတင်ကျန်ခဲ့တဲ့ အသင်းတွေအနက် ရပ်တည်မှုအနိမ့်ဆုံးအသင်းဖြစ်တဲ့ ဗီလာတောင်မှ ရုပ်သံလွှင့်ခဝင်ငွေချည်းသက်သက် ပေါင်သန်း ၇၀ နီးပါးရသွားတယ်။ ဒီတော့ အသင်းငယ်လေးတွေနဲ့ သာမန်အဆင့်အသင်းတွေကအစ အတိမ်းအစောင်းမခံနိုင်ကြဘူး။ ဝင်ငွေကောင်းတဲ့ပရီမီယာလိဂ်ကို မစွန့်ခွာလိုကြဘူးဆိုတော့ အသင်းရဲ့ အခြေအနေ အနည်းငယ်ယိမ်းယိုင်လာတာနဲ့ သည်းခံစောင့်ကြည့်မှုခေါင်းပါးပြီး မန်နေဂျာအပြောင်းအလဲလုပ် ရေတိုနည်းနဲ့ ကုစားလာတာနဲ့အမျှ မန်နေဂျာတွေရဲ့ ဘဝအာမခံချက်က ပျောက်ဆုံးလာတာပဲဖြစ်တယ်လို့ ကောက်ချက်ဆွဲကြတာပဲဖြစ်တယ်။

ဆန်းဒါးလန်းဆိုရင် အက်ဗိုကက်ကို ထုတ်ပယ်ချိန်မှာ အဆင့် ၁၉ အထိရောက်နေချိန်ဖြစ်ပြီး ဗီလာဆိုရင်လည်း တင်မ်ရှားဝုဒ်ကို ထုတ်ပယ်ချိန်မှာ အသင်းက အဆင့် ၁၉ ရောက်နေကာ ဆွမ်ဆီးဆိုရင် ဂယ်ရီမွန်းကို ထုတ်ပယ်ချိန်မှာ အသင်းက အဆင့် ၁၅ ရောက်နေပြီး တန်းဆင်းဇုန်နဲ့ကပ်နေချိန်ဖြစ်သလို ဒါတွေဟာ သာမန်အသင်းတွေရဲ့ ပရီမီယာလိဂ်ကိုတပ်မက်မှုအပေါ် ထင်ရှားစေတဲ့အချက်လည်းဖြစ်တယ်လို့ ဆိုကြတယ်။ တင်မ်ရှားဝုဒ်ဆိုရင် မနှစ်ကဘောလုံးရာသီရဲ့ ပွဲစဉ် (၂၂)ပြီးမှသာ အသင်းကိုရောက်လာတာ။ ထပ်ပြောရရင် သူဟာ ဗီလာကိုစိတ်တိုင်းကျ ပြုပြင်တည်ဆောက်ခွင့်မရခဲ့ဘူး။ ပေါလမ်ဘတ်ထားခဲ့တဲ့အထိုင်နဲ့သာ အသင်းကိုဆက်တာဝန်ယူခဲ့ရတာဖြစ်ပြီး ဒီနွေမှသာ ဆင်ကလဲယား၊ ရစ်ချတ်တို့ကိုခေါ်ကာ သူ့စိတ်တိုင်းကျ ပြန်တည်ဆောက်ခွင့်ရတာ။

အရှင်းဆုံးပြောရရင် တင်မ်ရှားဝုဒ်ဟာ ဒီနွေမှာ ဆင်ကလဲယား၊ ရစ်ချတ်၊ မက်စ်ဘန်၊ ဂျူရီ၊ အမာဗီ၊ ဂျော်ဒန်အာယော၊ အိဒ်ဂျယ်ခရက်စ်ပို၊ ဗီရီကော့၊ ဂတ်စ်တီဒီ၊ ထရာအိုရေး၊ လက်စ်ကော့တို့လို ကစားသမားအများအပြားကိုခေါ်ယူပြီး ဗီလာကိုပြန်လည်တည်ဆောက်ခဲ့တာဖြစ်သလို အဲဒီလိုအထိုင်အသစ်ပြန်ချခြင်းကနေ စွမ်းရည်အစစ်အမှန်ရရှိဖို့ဆိုတာ အချိန်လိုသလို တင်မ်ရှားဝုဒ်အပေါ်မှာစိတ်ရှည်ပေးမှုလည်း လိုအပ်ပေမယ့် တင်မ်ရှားဝုဒ် အချိန်မရခဲ့ဘူး။ သူ့ရဲ့ ဗီလာမန်နေဂျာဘဝ ရှစ်လသာကြာချိန် သူ့ရဲ့ တည်ဆောက်မှုရုပ်လုံးမပေါ်ခင်မှာတင် ထုတ်ပယ်ခံရတာဆိုတော့ ပရီမီယာလိဂ်ကလပ်တွေရဲ့ မန်နေဂျာတွေအပေါ် အချိန်မပေးနိုင်မှုက မြင်သာသထက် မြင်သာလာတယ်။

ပြောမယ်ဆိုရင် တင်မ်ရှားဝုဒ်ရဲ့ ဗီလာနည်းပြသက်တမ်းဟာ ရှစ်လသာရှိခဲ့သလို ဂျွန်ကာဗာရဲ့ ကာဆယ်မန်နေဂျာဘဝသက်တမ်းဟာ ငါးလသာရှိခဲ့တယ်။ အက်ဗိုကက်ရဲ့ ဆန်းဒါးလန်း မန်နေဂျာဘဝသက်တမ်းကလည်း ခုနစ်လသာကြာခဲ့ပြီး ဂျိုကာနိုဗစ်ရဲ့ ဝက်ဖို့ဒ်မန်နေဂျာဘဝကလည်း ရှစ်လသာကြာခဲ့တယ်ဆိုတော့။ ပရီမီယာလိဂ်မန်နေဂျာတွေရဲ့ ဘဝအာမခံချက်ဟာ အတော်လေးဆိုးရွားလွန်းတယ်ဆိုတာ သိပ်ပြီးထင်ရှားလာတယ်။


ဂျွန်ကာဗာ



ဆမ်အလာဒိုက်စ်


အက်ဗိုကက်


တင်မ်ရှားဝုဒ်


နေပီယာဆန်


ဂယ်ရီမွန့်


ရော်ဂျာ


ဂျိုကာနိုဗစ်

တခြားမကြည့်နဲ့ အခုမော်ရင်ညိုထုတ်ပယ်ခံရမှုမှာတင် ပရီမီယာလိဂ်ကလပ်အသင်းပိုင်ရှင်တွေရဲ့ အလိုရမ္မက်ကြီးမှုကို မြင်သာလွန်းစေတယ်။ အထူးသဖြင့် ဒီရာသီမှာ ချယ်လ်ဆီးဖြစ်တည်နေမှုတွေဟာ ဘယ်လိုမှ လက်မခံနိုင်စရာ အခြေအနေဆိုသော်ငြား မော်ရင်ညိုဆိုတာက မနှစ်ကတင် အသင်းကိုဆုဖလားနှစ်လုံး ဆွတ်ခူးပေးခဲ့သူဖြစ်သလို အသင်းအတွက် အကြိမ်ကြိမ်အကျိုးပြုခဲ့သူလည်းဖြစ်တယ်။ အရှင်းဆုံးပြောရရင် ဒီရာသီ ချယ်လ်ဆီးရဲ့ ပျက်ယွင်းမှုက မျှော်လင့်မထားတဲ့ပျက်ယွင်းမှုဖြစ်သလို မော်ရင်ညိုမှာ ဇန်နဝါရီနဲ့အတူ ပြန်လည်ပြုပြင်နိုင်လောက်တဲ့ အချိန်အတိုင်းအတာ ရှိသေးပေမယ့် အဘေရာမိုဗစ်ချ်က ခြေတစ်ချက်ချော်မှုကိုတောင် သည်းမခံနိုင်ဘဲ မော်ရင်ညိုကို ထုတ်ပယ်လိုက်တာဖြစ်တယ်။

ပြောမယ်ဆိုရင်ပေါ့။ အဘေရာမိုဗစ်ချ်ဟာ မော်ရင်ညိုကိုမှ မဟုတ်ဘူး။ ချန်ပီယံလိဂ်ဖလားယူပေးခဲ့တဲ့ ဒီမက်တီယိုကိုလည်း ချန်ပီယံလိဂ်ဆုဖလားဆွတ်ခူးပြီးနောက် ခြောက်လအကြာမှာတင် ပရီမီယာလိဂ်မှာ လေးပွဲဆက်အနိုင်ပျောက်ဆုံးမှုကိုတောင် သည်းမခံနိုင်ဘဲ ထုတ်ပယ်ခဲ့သလို ပရီမီယာလိဂ်ဆုဖလားနဲ့ အက်ဖ်အေဖလားတို့ကို တစ်ပြိုင်နက်ရယူပေးခဲ့တဲ့ အန်ဆယ်လော့တီကိုလည်း နောက်ရာသီအကုန်မှာ ထုတ်ပယ်ခဲ့သလို ပထမအကြိမ်တုန်းကတောင် မော်ရင်ညိုဟာ ရောက်ရောက်ချင်းနှစ်မှာ ပရီမီယာလိဂ်ဆုဖလားကိုတောင် ဆွတ်ခူးပေးနိုင်မှုအပါအဝင် ရှေ့သုံးရာသီဆက် ဆုဖလားငါးလုံးရယူပေးနိုင်ခဲ့တာတောင် စတုတ္ထရာသီမှာ ရာသီအစ ခြောက်ပွဲအတွင်း သုံးပွဲလောက် အနိုင်ပျောက်ရုံနဲ့ ထုတ်ပယ်ခဲ့ဖူးသေးတယ်ဆိုတော့ ချယ်လ်ဆီးပိုင်ရှင် အဘေရာမိုဗစ်ရဲ့ မန်နေဂျာတွေအပေါ် အတိမ်းအစောင်းမခံနိုင်မှုက မြင်သာလွန်းတယ်။

တကယ်တော့ အဲဒါမျိုးက ချယ်လ်ဆီးတစ်သင်းတည်းမှာချည်း ဖြစ်နေတာမျိုးမဟုတ်ဘူး။ အထူးသဖြင့် အသင်းကြီးတွေဟာ အောင်မြင်မှုရဖို့အတွက် ငွေကြေးအရင်းအနှီးအများအပြားမြှုပ်နှံကြတယ်။ ကစားသမားတစ်ဦးတစ်ယောက်ကို ပေါင်သန်း ၅၀ နဲ့အထက်ပေးခေါ်ဖို့လည်း လက်မတွန့်ကြဘူး။ ဒါပေမယ့် အဲဒီလို ငွေကြေးသုံးစွဲမှုတွေဟာ မန်နေဂျာတွေအတွက် ဖိအားဖြစ်ရတယ်။ အရှင်းဆုံးပြောရရင် ဒီဘက်ခေတ်ဘောလုံးလောကဆိုတာက အောင်မြင်မှုကို ငွေနဲ့ဝယ်၊ ငွေကိုအောင်မြင်မှုနဲ့ပြန်ရှာတဲ့ခေတ်ဖြစ်တာနဲ့အမျှ ကလပ်အသင်းကြီးတွေရဲ့ ပိုင်ရှင်သူဌေးကြီးတွေဟာ အရင်းအနှီးများများစိုက်ထုတ်ကြသလို အကျိုးအမြတ်မြန်မြန်ရဖို့အတွက် အဆင့်မြင့်မြင့်ရပ်တည်မှုနဲ့ အောင်မြင်မှုကို လျင်လျင်မြန်မြန် လိုချင်ကြတယ်။ ဒီတော့ တစ်ချက်ကလေး တိမ်းရုံ၊ စောင်းရုံနဲ့ ပိုင်ရှင်တွေက မန်နေဂျာတွေကို သည်းခံနိုင်မှုမရှိကြဘူး။ စိတ်ရှည်စောင့်ကြည့်မှုမရှိကြဘူး။ မန်ယူတောင်မှ မိုယက်စ်ကို ရေရှည်စီမံကိန်းနဲ့ ခန့်အပ်ခဲ့တဲ့ကြားက ချန်ပီယံလိဂ်ဝင်ခွင့်မရမှုနဲ့အတူ ဝင်ငွေသိသိသာသာလျော့သွားတော့ ရာထူးကထုတ်ပယ်ခဲ့တာက သက်သေ။

ဒီတော့ ပရီမီယာလိဂ်မန်နေဂျာတွေရဲ့ ဘဝကို ကမ်းနားသစ်ပင်လို့ ညွှန်းဆိုကြတာ လွန်မယ်မထင်ဘူး။ အရှင်းဆုံးပြောရရင် ငွေကြေးရဲ့စေစားမှုတွေနဲ့ ပိုင်ရှင်တွေရဲ့ တပ်မက်မှုအောက်မှာ ပရီမီယာလိဂ်မန်နေဂျာတွေရဲ့ ဘဝအာမခံချက်က မေးခွန်းထုတ်စရာ ဖြစ်လာသလို မော်ရင်ညိုနောက် ဘယ်သူ ထပ်လိုက်မလဲဆိုတာကအစ စောင့်ကြည့်ရမယ့် အခြေအနေတစ်ခုလိုဖြစ်လာရတယ်လို့ သာဆိုရင်. . . .

**ပရီမီယာလိဂ်မန်နေဂျာတွေရဲ့ဘဝအာမခံချက်က မေးခွန်းထုတ်စရာ ဖြစ်လာသလို မော်ရင်ညိုနောက် ဘယ်သူ ထပ်လိုက်မလဲဆိုတာကအစ စောင့်ကြည့်ရမယ့် အခြေအနေတစ်ခုလိုဖြစ်. . . . . . . .**

# စဥ့်ကူးမြို့နယ် ညောင်ပင်ရွာ သာစခန်းမှာလ

## မန္တလေးတိုင်းဒေသကြီး

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အစီအစဉ်ဖြင့် ၁၉၉၂ ခုနှစ်တွင် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများကို စတင်ဖွင့်လှစ်ခဲ့ရာ အစောဆုံးသင်တန်းကျောင်းမှာ ထိုနှစ် မတ်လ ၁၆ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သော တာချီလိတ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းဖြစ်သည်။ ဆက်လက်၍ ကော့သောင်း၊ မြိတ်၊ ကျိုင်းတုံနှင့် လားရှိုးတို့တွင် ဖွင့်လှစ်ပေးခဲ့သည်။ ထိုအချိန်က သင်တန်းနည်းပြများမှာ ပညာရေးဝန်ကြီးဌာနအောက်ရှိ စက်၊ စိုက်၊ သက် ဟု လူသိများသော စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာဦးစီးဌာနမှ သွားရောက်တွဲဖက်၍ သင်ကြားပေးခဲ့ခြင်းဖြစ်သည်။ အစောဆုံးသင်တန်းကျောင်းအုပ်ဆရာမကြီးများအဖြစ် တာဝန်ထမ်းဆောင်သွားကြသော ကော့သောင်းကျောင်းမှ ဒေါ်ခင်လှရီ၊ တာချီလိတ်သင်တန်းကျောင်းမှ ဒေါ်ခင်မာချို (ယခု လက်ထောက်ညွှန်ကြားရေးမှူး-ဗဟိုလေ့ကျင့်ရေးကျောင်း)၊ ကျိုင်းတုံသင်တန်းကျောင်းမှ ဒေါ်မာမာကြည် (ယခုသာသနာ့ဘောင်သို့ဝင်)၊ လွိုင်ကော် သင်တန်းကျောင်းမှ ဒေါ်မြင့်မြင့်ကြည်၊ လားရှိုးသင်တန်းကျောင်းမှ ဒေါ်ကေစီငွေ၊ မြဝတီသင်တန်းကျောင်းမှ ဒေါ်ခင်သန်းလွင် (ယခုဒုတိယညွှန်ကြားရေးမှူး၊ ပညာ/လေ့ကျင့်ဦးစီးဌာန)၊ မြိတ်သင်တန်းကျောင်းမှ ဒေါ်စောနွဲ့မူ (လက်ထောက်ညွှန်ကြားရေးမှူး-ကွယ်လွန်)တို့ကို သတိရမိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသတွင်နေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး တည်းဟူသော မူဝါဒ(၄)ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာစေရေးတို့အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အလားတူ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနကလည်း နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်တစ်ခု၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့်စစ်ကိုင်း)၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၃၉ ကျောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ရှစ်ကျောင်း၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၈ ကျောင်းတို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများထဲတွင် ၃၈ ကျောင်းမြောက်အဖြစ် မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် ညောင်ပင်ရွာ၌ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်၏။ မန္တလေး-စဥ့်ကူးကားလမ်း၏ အနောက်ဘက် ရက်ကန်းစင်တောင်နံဘေးအတိုင်း ခွဲထွက်သွားပြီး မြစ်ကျိုးအင်းကိုဖြတ်ကာ ရွှေဂုံတိုင်ကျေးရွာမှတစ်ဆင့် မြောင်မြစ်ကိုကျော်လိုက်လျှင် ညောင်ပင်ရွာသို့ ရောက်မည်ဖြစ်သည်။ ညောင်ပင်ရွာသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ နန္ဒမာလာဘိဝံသ၏ မွေးရပ်ဇာတိမြေဖြစ်၏။



သင်တန်းကျောင်းဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာသော ဒေသခံပြည်သူများအား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

ညောင်ပင်ရွာ သင်တန်းကျောင်းဖွင့်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက်၍ သင်တန်းကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးတို့က သင်တန်းကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းကျောင်းခန်းမအတွင်းကျင်းပသည့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဝန်ထမ်းများနှင့် သင်တန်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများကိုလည်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ကျောင်းဝင်းအတွင်းရှိ သင်တန်းသူ အိပ်ဆောင်၊ နည်းပြဆောင်၊ စာသင်ဆောင်၊ စားရိပ်သာနှင့် အုပ်ချုပ်မှုရုံးတည်ဆောက်ရေး လုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

စဥ့်ကူးမြို့နယ် ညောင်ပင်ရွာ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသည် မြေဧက ၃ ဒသမ ၅၆ ဧကပေါ်၌ တည်ရှိပြီး ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၅၀၂ ဒသမ ၀၀ သန်းဖြင့် ၂၀၁၅ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် အုပ်ချုပ်မှုရုံး တစ်ရုံး၊ သင်တန်းခန်းမကြီး တစ်ခု၊ နှစ်ထပ်သင်တန်းသူအိပ်ဆောင် တစ်ဆောင်၊ သင်တန်းနည်းပြဆောင် တစ်ခု၊ စာသင်ဆောင် တစ်ဆောင်၊ စားရိပ်သာနှင့်မီးဖိုဆောင် တစ်ခု၊ ရေချိုးခန်း အိမ်သာ ရှစ်ခန်းတွဲ တစ်လုံးတို့ကို စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ သင်တန်းအမှတ်စဉ် (၁)တွင် သင်တန်းသူ ၆၀ တက်ရောက်သင်ကြားလျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများကိုဖွင့်လှစ်ပေးလျက်ရှိရာ ကချင်ပြည်နယ်အတွင်း၌ ပူတာအို၊ ဒွန်ဘန်၊ ဒေ့ါဖုန်းယန်၊ ဗန်းမော်တို့တွင်လည်းကောင်း၊ ကယားပြည်နယ်၌ လွိုင်ကော်၊ ကရင်ပြည်နယ်၌ ဘားအံ၊ မြဝတီ၊ မြိုင်ကြီးငူ၊ ချင်းပြည်နယ်၌ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ မတူပီနှင့် ကန်ပက်လက်တို့တွင် လည်းကောင်း၊ မွန်ပြည်နယ်အတွင်း၌ မုဒုံနှင့် ရေးမြို့တို့တွင် လည်းကောင်း၊ ရခိုင်ပြည်နယ်တွင် မောင်တောနှင့် အမ်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မူဆယ်နှင့် လားရှိုး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ကျိုင်းတုံ၊ မိုင်းဆတ်၊တာချီလိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ခန္တီး၊ ဆားလင်းကြီး၊ ယင်းမာပင်နှင့် ပုလဲတို့တွင် လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းတွင် ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်နှင့် ဆိပ်ဖြူမြို့တို့တွင် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း၌ စဥ့်ကူးမြို့နယ်၊ ညောင်ပင်ရွာ၊ တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်နှင့်ကော့သောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ လောက်ကိုင်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း၌ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့များတွင်လည်းကောင်း အသီးသီး ဖွင့်လှစ်ပေးခဲ့ပြီး ယနေ့ထိ သင်တန်းအောင်မြင်ပြီးသူ ဦးရေမှာ ၆၃၉၆၃ ဦး တို့ဖြစ်သည်။

ထို့အပြင် နယ်လှည့်သင်တန်းများကို ဧရာဝတီတိုင်းဒေသကြီးတွင် နာဂစ်မုန်တိုင်းဒဏ် သင့်ခဲ့သော မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ ဘိုကလေး၊ ဖျာပုံမြို့များအပြင် မြောင်းမြနှင့် ဟင်္သာတမြို့များ၌လည်းကောင်း၊ နေပြည်တော်တွင် ဇမ္ဗူသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့တွင်လည်းကောင်း၊ ရခိုင်ပြည်နယ်တွင် မင်းပြား၊ စစ်တွေ၊ ကျောက်ဖြူ၊ ရသေ့တောင်နှင့် သံတွဲမြို့နယ်များတွင် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၌ အောင်လံမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကလေးမြို့၊ ချင်းပြည်နယ် ဟားခါးမြို့တို့တွင် ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့တွင်လည်း နယ်လှည့်သင်တန်းများ ညှိနှိုင်းဖွင့်လှစ်သင်ကြားပေးခဲ့ရာ စုစုပေါင်း ၄၅၂၄ ဦး သင်ကြားတတ်မြောက်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရေးအပြင် သင်တန်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးရေးကိုရည်ရွယ်လျက် အထည်ချုပ်လုပ်ငန်းရှင်များနှင့်ညှိနှိုင်းပြီး ရန်ကုန်မြို့ရှိ ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းများကို ၂၀၁၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့မှစ၍ စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အိမ်တွင်းမှုသင်တန်းကျောင်းများနှင့် နယ်လှည့်သင်တန်းများမှ အဆင့်မြင့်စက်ချုပ်သင်တန်းအောင်မြင်ပြီးသူများကို ရွေးချယ်တက်ရောက်စေခဲ့ရာ ယခုအခါ သင်တန်းအမှတ်စဉ် (၁၁) အထိ ဖွင့်လှစ်ပြီးဖြစ်၍ ယင်းသင်တန်းအောင်မြင်ပြီးသူများထဲမှ ၁၄၄၆ ဦးသည် အထည်ချုပ်စက်ရုံ ၁၆ ရုံတွင် ကျွမ်းကျင်ဝန်ထမ်းများအဖြစ် ဝင်ရောက် လုပ်ကိုင်နေပြီဖြစ်ပါသည်။ ရေကန်အသင့် ကြာအတင့် ဆိုသကဲ့သို့ သင်တန်းသူများအနေဖြင့် အလုပ်အကိုင်ကိုပါ တစ်ပါတည်း ရရှိသွားရုံမျှမက Cherry Garment Co.,Ltd. သို့ ဝန်ထမ်းအဖြစ် ရောက်ရှိသွားသော ထူးချွန်သင်တန်းသူနှစ်ဦးသည် ဂျပန်နိုင်ငံ အိုရိုးယားအထည်ချုပ်စက်ရုံ၌ သွားရောက်လုပ်ကိုင်ခွင့် ရရှိသွားပြီဖြစ်ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ရန်၊ နယ်စပ်ဒေသမှအမျိုးသမီးငယ်များအား အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာရပ်များ သင်ကြားလေ့ကျင့်ပေးပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန်ဟူသော ရည်ရွယ်ချက်များအတိုင်း အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စဥ့်ကူးမြို့နယ်အတွင်းမှ ဒေသခံတိုင်းရင်းသူများ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသူကလေးများအနေဖြင့် သင်ကြားတတ်မြောက်သော ပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာပြီး လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာခြင်းစသော အကျိုးဖြစ်ထွန်းမှုများကို ရရှိခံစားနေကြရပြီဖြစ်သည်။ ထို့ပြင် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ကြသော၊ တန်ဖိုးထားတတ်ကြသော အမျိုးကောင်းသားသမီးများအဖြစ် ခံယူရပ်တည်နေကြပြီဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။

မြင့်စိုး(နတလ)

တနင်္သာရီတိုင်းဒေသကြီး

# လူထုဗဟိုပြုစီမံကိန်း ဒေသခံများအား အသိပေးမိတ်ဆက်



တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကဦးစီး၍ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာနေပြည်သူလူထုအတွင်း လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး လူထုအခြေပြုစီမံကိန်းမိတ်ဆက်ရှင်းလင်းပွဲကို တနင်္သာရီခန်းမ၌ ဒီဇင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည်။ **(ဓာတ်ပုံ)**

ဖွင့်ပွဲအခမ်းအနား၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးလှခိုင်က လူထုဗဟိုပြုစီမံကိန်းဆိုင်ရာ မြို့နယ်များ ရွေးချယ်မှုအဆင့်ဆင့်နှင့် ဖြစ်ပေါ်လာပုံကို ပွင့်လင်းမြင်သာမှုအပြည့်ဖြင့် စီမံကိန်းရေးဆွဲရေးနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသူများက ယင်းလူထုဗဟိုပြုစီမံကိန်းဆိုင်ရာများနှင့်ပတ်သက်၍ မရှင်းလင်းသည်များ၊ သိလိုသည်များကိုမေးမြန်းရာ ညွှန်ကြားရေးမှူး ဦးလှခိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(မြန်/ဆက်)**

မွန်ပြည်နယ်

# ကျိုက်မရောမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး လမ်း၊ တံတားများ တိုးချဲ့ဆောင်ရွက်

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုငွေဖြင့် ဆောင်ရွက်သော ကျိုက်မရော-ကျွန်းရွာလမ်းအတွင်း မြေသားပေါင်ဖို့ ပြုပြင်ခြင်း၊ တံတားများအသစ်ပြုပြင်တည်ဆောက်ခြင်း လမ်း၏ ဝဲ/ယာဘက်တို့တွင် ကတ္တရာခင်းခြင်းလုပ်ငန်းများကို လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ ကျေးရွာတွေက ရာသီသီးနှံကို အဓိကထားပြီးစိုက်ကြတယ်။ အခုလို လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းလာတော့ ကိုယ်တိုင်မြို့တက်ရောင်းရလို့ များစွာအဆင်ပြေပါတယ်။ ကျွန်တော်တို့ ကျိုက်မရော-ကျွန်းရွာလမ်းအတွင်းရှိ ကျေးရွာတွေမှာ လျှပ်စစ်မီးမရရှိသေးပါဘူး။ အခုလိုလမ်းတွေ ကောင်းမွန်လာတော့ နောင်တစ်ချိန်လျှပ်စစ်မီးရရှိတဲ့ အချိန်ကျရင် ကျွန်တော်တို့တောင်သူတွေ လူမှုစီးပွားဘဝ အခုထက်ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်” ဟု တောင်သူတစ်ဦးကပြောသည်။ အဆိုပါကတ္တရာလမ်း၌ ကလိုင်းကနိုင်၊ နိတုံ၊ ခြံကုန်း၊ မြကုန်း၊ ဥတိုချောင်း၊ ပန်းကုန်း၊ မြွေဟောက်၊ရှမ်းရွာကြီး၊ ရှမ်းရွာလေး၊ ဦးလေး၊ ကျွန်းရွာ စသည့်ကျေးရွာများမှ သွားလာလျက်ရှိကြောင်း သိရသည်။

အလားတူ မော်လမြိုင်-ကျိုက်မရောလမ်း မိုင် ၁၄/၄-၁၄/၅ ကြား (၁၅ ×၂၄)ပေ သံကူကွန်ကရစ်တံတားအသစ်တစ်စင်းကို နိုင်ငံတော်ခွင့်ပြုငွေကျပ်သန်း ၃၀ ဖြင့် လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နိုင်ထွန်း(မြန်/ဆက်)**

ကချင်ပြည်နယ်

# ဒေါ့ဖုန်းယန် - ဖာကေ ၂၄ နာရီ မီးလင်းပြီ

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့၌ ဒီဇယ်ဓာတ်အားပေးစနစ်ဖြင့် တစ်ညလျှင် နှစ်နာရီခွဲခန့်သာလျှပ်စစ်မီးရရှိသော်လည်း ဓာတ်အားအပြည့်အဝသုံးစွဲခြင်း မပြုခဲ့ရသဖြင့် ယခုအခါ မဟာဓာတ်အားလိုင်း (တာပိန်ရေအားလျှပ်စစ်)မှ တစ်ဆင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာဖြင့် ဒေါ့ဖုန်းယန်မြို့နှင့် ဖာကေကျေးရွာ၌ ဒီဇင်ဘာ၂၀ ရက်က စတင်၍ ၂၄ နာရီ လျှပ်စစ်မီးရရှိပြီဖြစ်သည်။

မြို့ပေါ်၌ လက်ရှိ မီတာဘောက် ၈၃ လုံးနှင့် ဖာကေကျေးရွာ၌ ၂၃ လုံး လျှပ်စစ်ဓာတ်အားအသုံးပြုနေသည့်အတွက် မြို့အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းထွန်း၊ လျှပ်စစ်ဦးစီးမှူး ဦးမောင်မောင်နိုင်နှင့် စခန်းမှူး ရဲအုပ်သက်နိုင်ထွန်းတို့က ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် နှစ်ခြင်းခရစ်ယာန် ဘုရားရှိခိုးကျောင်း၌ အသိပညာပေးဟောပြောကြသည်။

ဆက်လက်၍ ထရန်စဖော်မာများ တပ်ဆင်ပြီးဖြစ်သော တန်းဘုရားကျေးရွာ၊ လွဲဆည်ကျေးရွာ၊ ဝက်ငင်းကျေးရွာနှင့် နှောင်းကုန့်ကျေးရွာများ၌ မကြာမီကာလအတွင်း ၂၄ နာရီ လျှပ်စစ်မီးရရှိတော့မည်ဖြစ်၍ ဒေသနေပြည်သူများ၏ လူမှုစီးပွားနှင့် စက်မှုကဏ္ဍများ မကြာမီဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် မြန်/ဆက်)**

ဧရာဝတီတိုင်းဒေသကြီး

# ရေကြည်မြို့နယ်တွင် ကျေးလက်ဖွံ့ဖြိုးရေး လမ်း၊ တံတားများ သတ်မှတ်ချိန်အတွင်း ပြီးစီးရေးကွင်းဆင်းဆောင်ရွက်



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဖွံ့ဖြိုးရေးရန်ပုံငွေများဖြင့် လမ်း/တံတားများအနက် ဒီဇင်ဘာ၂၁ ရက်က ပုသိမ်-မုံရွာလမ်းမကြီးမှ ငါးသိုင်းချောင်း-လေးမျက်နှာကားလမ်းသို့ ဆက်သွယ်သော ကျေးလက်လမ်းတစ်ခုဖြစ်သည့် ဆီဆုံကုန်း၊ ကြို့ကုန်း၊ လှေဆွဲရိုး၊ ငှက်ကြီးသိုက်ကုန်း၊ မဲဇလီကုန်းကျေးရွာဆင်းဘက်လမ်းကျောက်ခင်းနေမှု၊ စက်အားလူအားဖြင့် ဆောင်ရွက်နေမှုနှင့် ကြို့ကုန်း၊ လှေဆွဲရိုးရွာအနီး ကျုံလဟာအင်းချောင်းတံတား နေရာရွေးချယ်တည်ဆောက်မှုတို့ကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင့်ဆွေနှင့်အဖွဲ့ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(ယာပုံ)**

“ကျွန်တော်တို့ရေကြည်မြို့နယ်ဟာ ရေကြီးနစ်မြုပ်ဒဏ် နှစ်စဉ် ခံနေရပါတယ်။ ဒါကြောင့် တစ်ရွာနဲ့တစ်ရွာဆက်တဲ့လမ်းတွေ၊ ကားလမ်းမကြီးတွေကိုဆက်သွယ်တဲ့ မြေသားလမ်းတွေ၊ ပျက်လိုက်ပြင်လိုက် သံသရာလည်နေပါတယ်။ အခုလိုလမ်းမျိုးတွေကို နိုင်ငံတော်က အဆင့်မြှင့်ပြီး ကျောက်ချောလမ်းတွေ၊ အမာခံလမ်းတွေ တည်ဆောက်ပေးနေတဲ့အတွက် ကျေးလက်ဒေသတွေအတွက် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာလို့ ကျေးလက်နေပြည်သူတွေကိုယ်စား အထူးကျေးဇူးတင်ပါတယ်”ဟု ကြို့ကုန်းကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဥက္ကဋ္ဌ ဦးကျော်ဇေယျာလွင်က ပြောသည်။

**သိန်းဇော်(ရွှေလီဦး)**

# ကသိုလ်ပွားစရာ မိုးညှင်းကန်သာယာ

**ကချင်ပြည်နယ်**

■ မိုးအောင်(ကချင်မြေ)



ကန်သာယာဆိုသော ရေကန်ငယ်လေးသည် ကချင်ပြည်နယ် မိုးညှင်းမြို့တွင် ဉာဏ်တော် ၈၅ တောင်တစ်မိုက်ရှိ ရွှေသာလျောင်းဘုရားကြီးအနီး မြောက်ဘက်၌ တည်ရှိသည်။ ရေကန်လေးမှာ ရှေးနှစ်ပေါင်းများစွာကတည်းက သဘာဝအလျောက်ရှိရာမှ လူတို့၏ပြုပြင်ခြင်းကြောင့် လှပသောကန်သာယာဖြစ်လာခြင်းက ပြည်သူတို့နားနေအပန်းဖြေစရာလေးတစ်ခုဖြစ်ခဲ့သည်။

ယခင်က ရေကန်ရှိ ဇီဝမျိုးစုံမျိုးကွဲ သတ္တဝါငါးများကို တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ်ဖမ်းယူ၍ ဈေးကွက်တွင် ရောင်းချခြင်းဖြင့် စီးပွားဈေးကွက်ငယ်လေးတစ်ခုဖြစ်ခဲ့သည်။ သတ္တဇီဝမျိုးစုံမျိုးကွဲငါးများကို ဘေးမဲ့ဖြစ်စေရေးအတွက် စုပေါင်းစေတနာရှင်များ အလှူငွေဖြင့် ရေကန်အလယ်တွင် ရှည်လျားလှပသော အုတ်တံတားလမ်းနှင့် ရှင်ဥပဂုတ္တအား ပူဇော်ခြင်းကောင်းမှုပြုနိုင်ရန် ကျောင်းဆောင်တော်ကို တည်ဆောက်လျက်ရှိသည်။

ယခုအခါ ကန်သာယာ၌ မြောက်မြားစွာသော ငါးဖမ်းခြင်းကင်းလျက် ဘေးမဲ့ရရှိနေပြီဖြစ်သည်။ သာယာသော အုတ်တံတားလျှောက်လမ်းနှင့် တည်ဆောက်မွမ်းမံထားသော ရှင်ဥပဂုတ္တကျောင်းဆောင်တော်ကို ကန်သာယာပတ်လည်ကမ်းခြေမှ ရှုမောဖွယ်မြင်တွေ့ရသည်မှာ ရေကန်နှင့် ပနံတင့်သာယာလျက်ရှိနေသည်။ **(အပေါ်ပုံ)**

ပရိယတ္တိစာသင်တိုက်သံဃာများ၊ ရွှေသာလျောင်းဘုရားကြီးနှင့် ရေကန်အလယ်မှ ရှင်ဥပဂုတ္တကို ဖူးတွေ့ရင်း ကောင်းမှုကုသိုလ်များပွားများစည်ပင်လျက်ရှိနေတော့မည်ဖြစ်သည်။

**စစ်ကိုင်းတိုင်းဒေသကြီး**

## မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှု ဆန်းစစ်ခြင်းကျင်းပ

မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီစေရေး စီမံချက်လုပ်ငန်းဆန်းစစ်ခြင်းကို ဒီဇင်ဘာ ၂၃ ရက်က ခန္တီးမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင် ညွှန်ကြားရေးမှူး ဒေါက်တာ ကိုကိုမော်က လုပ်ငန်းဆန်းစစ်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဒေသ၏ အခြေခံအချက်အလက်များနှင့် စီမံချက်ဆောင်ရွက်မှု စာရင်းဇယားများ၊ ညွှန်းကိန်းများကို အသင်းဝင် ဦးဇော်ထွန်းနိုင်က လည်းကောင်း၊ မြို့နယ်အတွင်း စီမံချက်ဆောင်ရွက်နေမှု အားသာချက်၊ အားနည်းချက်များနှင့် ထိုးထွင်းဉာဏ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို အသင်းဝင် ဦးစိုင်းကျော်ခင်က လည်းကောင်း ရှင်းလင်းတင်ပြကြောင်း သိရသည်။

ချန်လော(ခန္တီး)

# ရေဘေးသင့်ပြည်သူများပြန်လည်ထူထောင်ရေး မြန်မာနိုင်ငံကြက်ခြေနီအသင်း ပူးပေါင်းဆောင်ရွက်




မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ သဘာဝဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့ရေးလုပ်ဆောင်နေမှုကို တွေ့ရစဉ်။

မြန်မာနိုင်ငံအတွင်း မကြာမီကာလများက သဘာဝဘေးဒုက္ခကြုံတွေ့ခဲ့ရသော ပြည်သူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့သည်။ ဆက်လက်ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ဆက်လက်ဆောင်ရွက်ရန် အစီအစဉ်များရှိနေသည်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက ရန်ကုန်မြို့ ဆန်းမစ်ပတ်ဗျူးဟိုတယ်၌ ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက မီဒီယာများကိုရှင်းပြခဲ့သည်။

"မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ မကြာမီကာလက ရေဘေးသင့်ဒေသတွေမှာရှိတဲ့ ပြည်သူတွေကို ကယ်ဆယ်ရေးနဲ့ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပြည်တွင်းအဖွဲ့အစည်းတွေ ပူးပေါင်းလုပ်ဆောင်ခဲ့တာဖြစ်ပြီး အရေးပေါ်စီမံချက်တစ်ရက် ချမှတ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဆက်လက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်က ပြောသည်။

မြန်မာနိုင်ငံအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကယ်ဆယ်ရေးနှင့် အစားအစာပေးဝေရေးအပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး၌ ကလေးနှင့် တမူးမြို့၊ ချင်းပြည်နယ် ဟားခါးမြို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ကလေးမြို့၌ ပြန်လည်ထူထောင်ရေး အခြေစိုက်စခန်းဖွင့်ကာ ဆောင်ရွက်နေခြင်းဖြစ်သည်။

တစ်ဖန်ဧရာဝတီတိုင်းဒေသကြီးတွင် ကျောင်းကုန်းနှင့် ဟင်္သာတမြို့၊ မကွေးတိုင်းဒေသကြီးတွင် ပွင့်ဖြူနှင့်စေတုတ္တရာမြို့တို့တွင်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေရာ တချို့တစ်ဝက်ပြီးစီးနေပြီး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။ ငွေကြေးထောက်ပံ့မှုများလည်း ထောက်ပံ့နိုင်ရန် စနစ်တကျလုပ်ကိုင်သွားမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကလေးမြို့အနီးဝန်းကျင်ရွာ ၁၀ ရွာခန့်နှင့် ဟားခါးမြို့အနီး လေးရွာတို့ကို ငွေကြေးများထောက်ပံ့နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒေသခံများနှင့်ပူးပေါင်းကာ ဟင်္သာတနှင့် ကျောင်းကုန်းတို့တွင် စာသင်ကျောင်းနှင့် ကျေးလက်ဆေးပေးခန်းများ တည်ထောင်ပေးနိုင်ရန်အတွက် ဆောက်လုပ်ရေးတင်ဒါများ ခေါ်ထားကြောင်း၊ လာမည့်ကျောင်းဖွင့်ရာသီအမီ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

# ရွေ့လျားစနစ်ဖြင့် ဝယ်သူဆီအရောက်လှမ်းကာ ဈေးသည်များ ရောင်းဝယ်ဖောက်ကား

**မြူမှုန်မသဲမကွဲနှင့် အေးချမ်းလှသည့် ဒီဇင်ဘာဆောင်းနံနက်ခင်းစောစောမြင်ကွင်းတစ်ခု။ ခြင်းတစ်ခြင်းအတွင်း အိမ်ရှင်မများအတွက် အကြိုက်တွေ့စေသည့် လတ်ဆတ်သော အသီး၊ အရွက်နှင့် သားငါးမျိုးစုံတို့ အမယ်စုံအောင် အစီအရီထုပ်ထည့်ထားသည့် မော်တော်ဆိုင်ကယ်လေးတစ်စီးရပ်နေကျ လမ်းတစ်နေရာဆီသို့ အရှိန်သတ် ထိုးရပ်လိုက်သည်။**

ဆိုင်ကယ်ရပ်လိုက်သည်နှင့် ဆိုင်ကယ်ကို တစ်ကိုယ်တော်စီးနင်းလာသည့် အမျိုးသမီးက သွက်လက်တက်ကြွနေသည့် ဟန်ပန်အမူအရာတို့ဖြင့် "အသီးအရွက်တွေ၊ သားငါးတွေ လတ်ဆတ်တယ်၊ ဝယ်ကြဦးမလား" ဟု အသံပြုပြောဆိုလိုက်သည်နှင့် ဝယ်ယူကြမည့် အိမ်ရှင်မများ သူ့အနားသို့ ချဉ်းကပ်လာနေသည်ကို တွေ့လိုက်ရသည်။

သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ဆောင်းရာသီ၏ အအေးဒဏ်ကိုမမှုဘဲ ခရီးနှင်ကာ ရွေ့လျားဈေးရောင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်း ကျောင်းနေရသည့် အဆိုပါ အမျိုးသမီး၏ ဝီရိယရှိပုံကိုကြည့်ပြီး အားကျမိသည်။

အဆိုပါအမျိုးသမီးမှာ အခြားမဟုတ်။ ရွေ့လျားစနစ်ဖြင့် ကုန်စိမ်းရောင်းလုပ်ငန်းကို တစိုက်မတ်မတ်လုပ်ကိုင်ခဲ့သူ နေပြည်တော် တပ်ကုန်းမြို့မှ ကလေးနှစ်ဦး၏မိခင် မတင်ဌေးဝင်းဖြစ်ကြောင်း ၎င်း၏အမည်ကို ပြောပြသည်။

"ဒီလိုရွေ့လျားကုန်စိမ်းဈေးရောင်းလုပ်ငန်းကို လွန်ခဲ့တဲ့သုံးနှစ်လောက်က စတင်ရောင်းတတ်တာပါ။ အဲဒီအချိန်က ဗန်းမော်အလုပ်သွားလုပ်ရင်းနဲ့ ဗန်းမော်ဒေသမှာ ဒီလို ဆိုင်ကယ်တွေနဲ့ ရွေ့လျားကုန်စိမ်းဈေးသည်တွေ လိုက်လံရောင်းချနေကြတာ တွေ့ခဲ့တယ်။ ကျွန်မလည်း အိမ်ပြန်ရောက်ရင် သူတို့လို လုပ်မယ်လို့စိတ်ကူးပြီး အခုလို လုပ်ဖြစ်သွားတာပါ။ ဒီလုပ်ငန်းက ကျွန်မအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလည်းဖြစ်ပါတယ်"၎င်းက ပြောပြသည်။

"မနက်ဆို ၃ နာရီလောက် အိမ်ကနေထွက် တပ်ကုန်းဈေးထဲသွား ဖောက်သည်တွေလိုအပ်မယ့် အသီးအရွက်တွေ ဝယ်ယူကာ နံနက် ၅ နာရီ ဝန်းကျင်လောက်ဆို စထွက်ပြီး ရောင်းပါတယ်။ ဟင်းသီးဟင်းရွက်နဲ့ သားငါး မျိုးစုံပေါင်း ၂၀ ကျော်ပါတယ်။ သွားတာကတော့ မြို့အနီးဝန်းကျင်မှာရှိတဲ့ရွာတွေ၊ ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက် ရွာတွေနဲ့ မြို့နဲ့အလှမ်းဝေးတဲ့ရွာတွေအထိ ဆိုင်ကယ်နဲ့ ခြေဆန့်ပြီးရောင်းပါတယ်။ သွားရောင်းမယ့်နေရာက များတဲ့အတွက် အခုလိုစောစောထွက်လာရတာဖြစ်ပါတယ်" ဟု ၎င်းကပြောပြသည်။

ဆိုင်ကယ်ဖြင့် ရွေ့လျားဈေးရောင်းလုပ်ငန်းလုပ်ရသည်ကို ၎င်းအနေဖြင့် ပင်ပန်းသည်ဟု မထင်၊ ၎င်းကိုအားပေးနေသည့် ဖောက်သည်များကြောင့် ပုံမှန်ဝင်ငွေရသည့်အတွက် ကျေနပ်အားရကြောင်း၊ သူများဆီ နေ့စား လိုက်တာထက် ပို၍အဆင်ပြေကြောင်း မတင်ဌေးဝင်းက ပြောသည်။

"အရင်းအနှီးကတော့ ငါးသောင်း၊ ခြောက်သောင်းလောက်တော့ ရင်းထားတယ်။ တစ်နေ့ ၁၀၀၀၀ ဝန်းကျင်လောက်ကျန်တော့ ကိုယ့်အတွက် တွက်ခြေကိုက်ပါတယ်။ လာရောင်းနေကျနေရာဆိုတော့ ကြိုမှာတဲ့သူတွေကလည်းရှိတယ်။ တချို့ဆို ဖောက်သည်တွေလိုဖြစ်နေကြပြီ။ သူများဆီနေ့စားလိုက်ရင် တစ်နေကုန်လိုက်မှ ငွေကျပ် ၃၀၀၀၊ ၄၀၀၀ လောက်ပဲရမယ်။ ဒါတောင် နေထွက်ကနေ နေဝင်ချိန်အထိ လုပ်ရတာ။ အခုကျတော့ အိမ်ကိုစောစောပြန်ရောက်တယ်။ အိမ်ကအလုပ်လည်း မပျက်ဘူး။ ရောင်းမကုန်တဲ့ အသီးအရွက်တွေ နွမ်းသွားရင်လည်း အိမ်မှာမွေးထားတဲ့တိရစ္ဆာန်တွေအတွက် အစာအဖြစ်ပြန်အသုံးချတော့ တစ်ဖက်ကကြည့်ရင် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းအတွက် အဆင်ပြေပါတယ်"ဟု၎င်းက ဆက်လက်ပြောသည်။

ယခုအခါ ထိုကဲ့သို့ ရွေ့လျားစနစ်ဖြင့် ကုန်စိမ်းများကို ရွာစဉ်တန်းလှည့်လည် ရောင်းချမှုမှာ အဆိုပါ အမျိုးသမီးတစ်ဦးတည်း မဟုတ်တော့ဘဲ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်ရှိ မြို့နယ်အသီးသီးတွင် တွင်တွင်ကျယ်ကျယ်ဖြင့် လုပ်ကိုင်သူများ များပြားစွာရှိနေကြပြီဖြစ်သည်။

"အခုလို လိုက်ရောင်းကြတာ ဒီမြို့မှာတင် မဟုတ်ပါဘူး။ မြို့နယ်တိုင်းမှာပဲ ဖြစ်နေပြီ။ တပ်ကုန်းမြို့နယ်မှာဆိုလည်း အခုလို ဆိုင်ကယ်နဲ့ ကုန်စိမ်းလှည့်လည်ရောင်းတဲ့ သူတွေ အများကြီးရှိပါတယ်။ မနက်မိုးလင်းရင် ဆိုင်ကယ်တွေ ဈေးထဲမှာ တန်းစီနေတာပဲ။ တချို့လည်း ကိုယ်သွားနေကျ နေရာတွေကို သွားကြတယ်။ တပ်ကုန်းအရှေ့ဘက်ဆို တောင်ပေါ်ကျေးရွာတွေအထိသွားတဲ့သူတွေရှိသလို မြို့အနောက်ဘက်ဆိုလည်း မြို့နဲ့အလှမ်းဝေးတဲ့ ကျေးရွာတွေအထိ သွားပြီးလိုက်ရောင်းကြတဲ့သူတွေရှိတယ်။ တချို့ဆိုလည်း တစ်နေကုန်သွားပြီး ညနေမှ ပြန်လာတာလည်းရှိတယ်။ သွားရောင်းတဲ့အခါမှာ နှစ်ယောက်တစ်တွဲ သွားကြတဲ့သူတွေများတယ်"ဟု ၎င်းကပြောသည်။

အဆိုပါ ကုန်စိမ်းရောင်းလုပ်ငန်းဖြင့် သာသမီးနှစ်ဦး၏ ရှေ့ရေးအတွက် ပညာတတ်ကြီးများဖြစ်လာစေမည့် မျှော်မှန်းချက်များဖြင့် ၎င်းတို့ဇနီးမောင်နှံနှစ်ဦးအနေဖြင့် နေပူမရှောင်၊ မိုးရွာမရှောင် ကြိုးစားပြီး လှုပ်ရှားရုန်းကန်နေရကြောင်း၊ ၎င်း၏ အမျိုးသားမှာ လက်သမားလုပ်ငန်း လုပ်ကိုင်ပြီး ပုံမှန်လုပ်ကိုင်ရခြင်းမရှိကြောင်း မတင်ဌေးဝင်းက ပြောသည်။

"သမီးက ၁၀ တန်း၊ သားငယ်က ရှစ်တန်းပါ။ သားသမီးတွေကို အဆင့်မြင့်ဘော်ဒါဆောင်တွေတော့ မထားပါဘူး။ ဒါပေမယ့် ကျောင်းစရိတ်အတွက်က တစ်လကို ငွေကျပ် ၅၀၀၀၀ လောက် ထောက်ပံ့ပေးရတယ်။ အမျိုးသားကတော့ လက်သမားလုပ်ငန်းဆိုတော့ အဆောက်အအုံ ဆောက်လုပ်စရာရှိမှ အဆင်ပြေတာ။ စားဝတ်နေရေးအတွက်ကတော့ သိပ်ပြီးမပူရပါဘူး။ သားသမီးတွေရဲ့ အနာဂတ်အတွက် သူတို့ဘဝတွေ လှပအောင် ကျွန်မတို့မိဘတွေက ကြိုးစားရုန်းကန်သွားမှာပါ' ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ရွေ့လျားကုန်စိမ်းဈေးသည်များ လာရောက်ရောင်းချမှုနှင့်ပတ်သက်ပြီး နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်မှ ဈေးဝယ်သူ ဒေါ်စိန်ငွေက "အခုလို ရွေ့လျားဈေးသည်လေးတွေ ပေါ်လာတော့ ကျွန်မတို့အတွက် အဆင်ပြေပါတယ်။ မီးဖိုချောင်အတွက် တစ်နေ့တာ ချက်ပြုတ်စားသောက်ဖို့ကတော့ အထူးတလည်းမပူရတော့ဘူး။ ဈေးကိုလည်း ဟင်းချက်စရာ တစ်မျိုးတည်းနဲ့ မြို့ဈေးအထိ မလိုက်နေတော့ဘူး။ မြို့ပေါ်ဈေးသွားတော့လည်း ငွေတစ်သောင်း၊ နှစ်သောင်းနဲ့ မလောက်ဘူး။ မြို့ဈေးလိုက်ရင်းနဲ့ ကုန်ကျမယ့်အသွား/အပြန် စရိတ်ကို လာရောင်းတဲ့ဈေးသည်လေးတွေဆီပဲ ဝယ်လိုက်တယ်။ ဆိုင်ကယ်တွေနဲ့ လာရောင်းတယ်ဆိုတော့ မနက်ဆို မိုးလင်းတာနဲ့ သူတို့က ရောက်လာပြီး ချက်ပြုတ်ချိန်လည်းမီတယ်။ အိမ်ရှင်မတွေအတွက်ကတော့ တော်တော်လေးအဆင်ပြေကြပါတယ်။ အိမ်မှာ ကျောင်းသားက တစ်ဖက်၊ အသက်ကြီးအဖိုး၊ အဘွားက တစ်ဖက်နဲ့ဆိုတော့ နေ့တိုင်းကြီး မြို့ဈေးထဲ အထိ သွားဝယ်တော့လည်း အဆင်မပြေဘူး။ ဒီလို သူတို့လာရောင်းနေတာကို ပိုသဘောကျပါတယ်"ဟု ပြောသည်။

ထို့နောက် နေပြည်တော်တပ်ကုန်း အနောက်ဘက် မိုင် ၂၀ ကျော်ဝေးသော သာယာအေးရွာမှ ဈေးဝယ်သူ မတင်မာရွှေက "ကျွန်မတို့လို မြို့နဲ့ အလှမ်းဝေးတဲ့ ဒေသတွေမှာ မြို့တစ်ခေါက်ရောက်ဖို့ဆိုတာ မလွယ်ဘူး။ အခု လမ်းပန်းဆက်သွယ်ရေးက အရင်ကထက် ကောင်းလာတော့ တပ်ကုန်းမြို့ပေါ်က ရွေ့လျားကုန်စိမ်းရောင်းတဲ့ ဈေးသည်လေးတွေ တစ်နိုင်တစ်ပိုင် ဆိုင်ကယ်တွေနဲ့ နေ့ချင်း လာရောင်းပေးနေလို့ ဈေးမလိုက်ရဘဲနဲ့ ဝယ်ချက်လို့ရတာ အဆင်ပြေတယ်။ ဟင်းချက်စရာကိုလည်း အရင်က သားငါးဟင်းချက်မယ်ဆိုရင် သိပ်မလွယ်ဘူး။ အသီးအနှံဆိုလည်း မိုးတွင်းမှပဲ ဖြိုင်ဖြိုင်ပေါ်တာ။ အခုလို ဆိုင်ကယ်နဲ့ တကူးတက လာရောင်းတဲ့ သူတွေရှိတော့ ရာသီမရွေး စားချင်တာအကုန် ဝယ်စားလို့ရသွားပြီ။ မိုးတွင်းရောက်ရင် ရွာဘက်က ကားတွေက နေ့တိုင်းမြို့ကို မထွက်နိုင်ဘူး။ အခုလို ကျွန်မတို့ ရွာရောက်အောင် လာရောင်းပေးလို့ စားရေး၊ သောက်ရေးအတွက်တော့ မပူရတော့ပါဘူး။ လမ်းခရီးကကောင်းတော့ သွားရတာလည်း အရင်ကထက် ပိုအဆင်ပြေပါတယ်" ဟု ပြောသည်။

နေပြည်တော် ဇေယျာသီရိမြို့နယ်မှ ဈေးဝယ်သူ ဒေါ်ခင်စန်းရီက "ဒီလိုလာပြီး ရောင်းတာ အရင်တုန်းကတော့ မရှိဘူး။ အခုတော့ မနက်ခင်းတိုင်း ရွေ့လျားကုန်စိမ်းဈေးသည်တွေ သုံးဦးလောက်ကတော့ ပုံမှန်လာတယ်။ ကိုယ်ကလည်း နေ့တိုင်း ချက်စားနေရတာဆိုတော့ သူတို့ဆီကပဲ ဝယ်လိုက်တယ်။ မြို့ဈေးကို သွားရင်လည်း အရင်က နှစ်ဆင့်လောက်စီးပြီးမှ မြို့ကိုရောက်တယ်။ အခုနောက်ပိုင်း ဌာနဆိုင်ရာတွေလည်း ဒီဘက်တွေကို ရောက်လာကြတော့ လမ်းပန်းဆက်သွယ်ရေးက အရင်ထက် ကောင်းလာတယ်။ ဒီမှာရှိတဲ့ ဝန်ထမ်းတွေနဲ့ ဒေသခံတွေအတွက် စားရေး၊ သောက်ရေး ပိုပြီးအဆင်ပြေသွားပါတယ်။ ရွာကသုံးဘီးယာဉ်တွေရှိပေမယ့်လည်း ဈေးကိုမနက်လိုက်ရင် ညနေမှ ပြန်ရောက်တာဆိုတော့ ဝယ်လာတဲ့ သားငါးတွေက မလတ်ဆတ်တော့ စားရတာအဆင်မပြေဘူး။ ဟင်းသီးဟင်းရွက်ဆိုလည်းဒီလိုပဲ။ အခုလို ဆိုင်ကယ်တွေနဲ့ တချို့မြို့ကရော ဒီဒေသကသူတွေကပါ လိုက်လံ လှည့်လည်ရောင်းချနေတော့ နေ့စဉ်ထမင်းချက်ရတဲ့ အိမ်ရှင်မတွေအတွက် ပိုပြီးအဆင်ပြေပါတယ်"ဟု ပြောသည်။

နေ့စဉ်လူမှုဘဝတွင် စားသောက်ရေးအတွက် ရောင်းသူဆီ ဝယ်သူက သွားရောက်နေရသည်မှ ယခုကဲ့သို့ ဝယ်သူဆီအရောက်သွားကာ ရောင်းချပေးသည့်ဈေးသည်များကြောင့် ရောင်းသူ ဝယ်သူ အဆင်ပြေသည့် ရွေ့လျားဈေးရောင်းစနစ်ကို ဖော်ပြလိုက်ရပါသည်။

**သတင်းဆောင်းပါး**
**တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ - မောင်မွှေး**

နေပြည်တော်ကောင်စီနယ်မြေ



စားသုံးသူဆီအရောက် လိုက်လံရောင်းချပေးသည့် ဈေးသည်တစ်ဦး။



နေပြည်တော် တပ်ကုန်းမြို့မဈေးသို့ ကျေးလက်ဒေသများမှ ကုန်စိမ်းဈေးသည်များ လာရောက်ရောင်းချနေမှုကို တွေ့ရစဉ်။

မြန်မာ့အလင်း

၂၅-၁၂-၂၀၁၅ (သောကြာနေ့)

# နိုင်ငံတကာဘောလုံး

ပရီမီယာလိဂ်ပွဲစဉ် (၁၈) ကို ဒီဇင်ဘာ ၂၆ ရက် ညမှာ ပွဲစဉ်တိုင်းယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ပွဲစဉ်(၁၇)တုန်းက ရှုံးပွဲကြုံခဲ့တဲ့ မန်ယူဟာ စတုတ်နဲ့ဆုံနေလို့ နိုင်ပွဲပြန်ရမလား စောင့်ကြည့်ရဖို့ရှိနေကာ လီဗာပူးနဲ့ လက်စတာပွဲကလည်း အကြိတ်အနယ်ရှိဖို့ သေချာပါတယ်။


## လီဗာပူး / လက်စတာစီးတီး

DATE - 26

WEEK - 18

KICK-OFF - 9:30

လက်စတာရဲ့ ဒီရာသီကစားအားနဲ့ ရလဒ်ပိုင်းကတော့အတော်လေး အံ့အားသင့်စရာကောင်းပါတယ်။ အထူးသဖြင့် လက်စတာကို ဒီလိုဒီဇင်ဘာပွဲကျပ်ကာလမှာ ခြေချော်နိုင်တယ်လို့ အများစုက ယူဆခဲ့ကြပေမယ့် အခုအချိန်အထိ ခြေချော်မှုမရှိသေးဘဲ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည် နေနိုင်ဆဲဖြစ်ပါတယ်။ လက်စတာအနေနဲ့ ပြီးခဲ့တဲ့နိုဝင်ဘာလကုန်ပိုင်းနဲ့ အခု ဒီဇင်ဘာလအတွင်းမှာ မန်ယူ၊ ဆွမ်ဆီး၊ ချယ်လ်ဆီး၊ အဲဗာတန်၊ လီဗာပူး၊ မန်စီးတီးတို့နဲ့ ကစားရမယ့်ပွဲစဉ်တွေရှိပြီး အဲဒီကာလအတွင်းမှာလည်း လက်စတာရဲ့ရလဒ်တွေကို ဆိုးရွားသွားနိုင်တယ်လို့ ယူဆခဲ့ရပေမယ့် လက်တွေ့မှာ လက်စတာဟာ မန်ယူကို တစ်ဂိုးစီသရေ၊ ဆွမ်ဆီးကို သုံးဂိုးပြတ်၊ ချယ်လ်ဆီးကို နှစ်ဂိုး-တစ်ဂိုး၊ အဲဗာတန်ကို သုံးဂိုး-နှစ်ဂိုးတို့နဲ့ အနိုင်ရခဲ့ပြီး ခြေမချော်ဘဲ အမှတ်ပေးဇယားကို ဆက်ဦးဆောင်နေနိုင်တာလည်းဖြစ်ပါတယ်။ ဒါကြောင့် လက်ကျန်ပွဲကျပ်ကာလဖြစ်တဲ့ ကျန်ပွဲစဉ်တွေမှာရော လက်စတာအနေနဲ့ နိုင်ပွဲတွေဆက်နိုင်မလားဆိုတာ စိတ်ဝင်စားဖို့ပါ ပိုကောင်းမွန်လာနေပါတယ်။ အထူးသဖြင့် လက်စတာရဲ့အသင်းလိုက်ကစားပုံက အကောင်းဆုံးပုံစံမှာရှိနေသလို မာရက်ဇ်၊ မိုလာဇာကီ၊ ဂျိမ်းဗာဒီတို့ခြေစွမ်းပြနေတာကြောင့်လည်း ထိုးစစ်အားကပါ ထက်မြက်နေလို့ အခုရင်ဆိုင်ရမယ့် လီဗာပူးကိုလည်း အကောင်းဆုံးတုံ့ပြန်နိုင်မှာ သေချာပါတယ်။ အထူးသဖြင့် လီဗာပူးဟာ အခုလက်ရှိ အသင်းလိုက်ကစားပုံ ထင်သလောက်တည်ငြိမ်မှုမရှိသေးတာကို တွေ့ရသလို ဘန်တီကီ ဂိုးသွင်းခြေပျောက်ဆုံးနေလို့လည်း တိုက်စစ်က ထက်မြက်သင့်သလောက် ထက်မြက်မှုမရှိတာတွေ့ရပါတယ်။ ဒါ့အပြင် စိတ်ဓာတ်ပိုင်းနဲ့ ယုံကြည်မှုတွေမှာ အားကောင်းလာတဲ့ လက်စတာဟာ အဝေးကွင်းပွဲတွေမှာလည်းကောင်းမွန်လို့ လီဗာပူးအခက်တွေ့နိုင်ပါတယ်။ လက်စတာနိုင်ပွဲရပ်သွားနိုင်ပေမယ့် ရှုံးနိမ့်ဖို့တော့မရှိဘူး။



### ပရီမီယာလိဂ်ပွဲစဉ်(၁၈)

စနေနေ့ (၂၆-၁၂-၁၅)

| | |
|---|---|
| ည ၇း၁၅ | စတုတ် - မန်ယူ |
| ည ၉း၃၀ | ဘုန်းမောက် - ခရစ္စတယ်လ်ပဲလေ့စ် |
| ည ၉း၃၀ | လီဗာပူး - လက်စတာစီးတီး |
| ည ၉း၃၀ | စပါး - နော့ဝှစ်ချ် |
| ည ၉း၃၀ | မန်စီးတီး - ဆန်းဒါးလန်း |
| ည ၉း၃၀ | ချယ်လ်ဆီး - ဝက်ဖို့ဒ် |
| ည ၉း၃၀ | ဆွမ်ဆီး - ဝက်စ်ဘရွန်း |
| ည ၉း၃၀ | အက်စ်တွန်ဗီလာ - ဝက်စ်ဟမ်း |
| နံနက် ၀၀း၀၀ (တနင်္ဂနွေနံနက်) | နယူးကာဆယ် - အဲဗာတန် |
| နံနက် ၂း၁၅ (တနင်္ဂနွေနံနက်) | ဆောက်သမ်တန် - အာဆင်နယ် |

## ဘုန်းမောက် VS ခရစ္စတယ်လ်ပဲလေ့စ်

အခုနောက်ပိုင်းမှာ ဘုန်းမောက်ရဲ့ခြေက အတော်လေးတည်ငြိမ်လာပါတယ်။ ဝက်စ်ဘရွန်းကို အနိုင်ရခဲ့တဲ့ပွဲအပါအဝင် နောက်ဆုံးသုံးပွဲဆက်အနိုင်ရခဲ့သလို ငါးပွဲဆက်တိုက်အရှုံးမရှိခဲ့ပါဘူး။ ဒါပေမယ့် ပဲလေ့စ်ရဲ့ခြေကလည်း တည်ငြိမ်နေကာ နောက်ဆုံးလေးပွဲမှာ အရှုံးမရှိခဲ့သလို သုံးပွဲတိတိအနိုင်ရခဲ့ပါတယ်။ ဘုန်းမောက်ကွင်းဖြစ်ပေမယ့် သရေကျသွားဖို့ များပါတယ်။

## ချယ်လ်ဆီး VS ဝက်ဖို့ဒ်

ဝက်ဖို့ဒ်ရဲ့ အခုနောက်ပိုင်းကစားကွက်က ကောင်းမွန်နေပါတယ်။ နောက်ဆုံးသုံးပွဲဆက်တိုက် အနိုင်ရခဲ့ပြီး အသင်းလိုက်ကစားအားလည်း ကောင်းမွန်ပါတယ်။ ဒါပေမယ့် စတမ်းဖို့ဒ်ဘရစ်ချ်မှာ ချယ်လ်ဆီးကိုတုံ့ပြန်နိုင်ဖို့တော့မလွယ်ကူပါဘူး။ မော်ရင်ညိုကိုထုတ်ပယ်ပြီးနောက်မှာ ချယ်လ်ဆီးကစားပုံကလည်း ကောင်းလာနေပါတယ်။ ချယ်လ်ဆီးပဲအနိုင်ရမယ်။

## နယူးကာဆယ် VS အဲဗာတန်

အဲဗာတန်က အခုနောက်ပိုင်းမှာ ရလဒ်တွေဆိုးရွားနေပါတယ်။ နောက်ဆုံးလေးပွဲဆက်တိုက် အနိုင်ပျောက်ဆုံးခဲ့ပါတယ်။ ဒါပေမယ့် အဲဗာတန်ရဲ့ အသင်းလိုက်ကစားပုံက ကောင်းမွန်နေဆဲဖြစ်သလို နိုင်ပွဲပြန်ရရေး အားစိုက်လာမှာလည်းသေချာပါတယ်။ ဒါ့အပြင် နယူးကာဆယ်ရဲ့ခြေကလည်း သာမန်သာရှိလို့ ဒီပွဲစဉ်မှာတော့ အဲဗာတန်ပဲနိုင်ပွဲပြန်ရမှာပါ။

## စပါး VS နော့ဝှစ်ချ်

နော့ဝှစ်ချ်ခြေစွမ်းက ကောင်းမွန်နေပါတယ်။ မန်ယူကို အနိုင်ယူနိုင်ခဲ့ပြီး နောက်ဆုံးလေးပွဲမှာ တစ်ပွဲသာရှုံးနိမ့်ခဲ့တာကိုတွေ့ရပါတယ်။ ဒါပေမယ့် ဝှိုက်ဟတ်လိန်းမှာ စပါးကိုတုံ့ပြန်ကစားဖို့ကတော့ မလွယ်ကူပါဘူး။ ဆောက်သမ်တန်ကိုအနိုင်ရခဲ့တဲ့ပွဲမှာ စပါးကစားပုံကောင်းမွန်ခဲ့သလို ထိုးဖောက်အားလည်း ထက်မြက်နေတာကြောင့် စပါးပဲနိုင်ပွဲရမယ်။

## ဆွမ်ဆီး VS ဝက်စ်ဘရွန်း

ဆွမ်ဆီးက ဂယ်ရီမွန်ကိုထုတ်ပယ်ခဲ့ပြီး အသင်းလိုက်ကစားပုံတက်လာတာကို တွေ့ရပါတယ်။ဒါပေမယ့် ဆွမ်ဆီးက တိုက်စစ်ပိုင်းမှာတော့ အားနည်းမှုတွေရှိနေပါတယ်။ ဝက်စ်ဘရွန်းကတော့ အခုနောက်ပိုင်း အမှတ်ဆုံးရှုံးမှုတွေများခဲ့လို့ အားစိုက်ကစားမှာဖြစ်တဲ့အပြင် အဝေးကွင်းခံစစ်လည်းကျစ်လျစ်ပါတယ်။ ဆွမ်ဆီးသရေလောက်ပဲရမယ်။

## ဆောက်သမ်တန် VS အာဆင်နယ်

ပွဲကောင်းတစ်ပွဲပါ။ စပါးကိုရှုံးခဲ့ရပေမယ့် ဆောက်သမ်တန်ရဲ့တုံ့ပြန်ကစားပုံကောင်းမွန်ခဲ့သလို ဒီပွဲမှာလည်း အိမ်ကွင်းအားနဲ့ အာဆင်နယ်ကို အကောင်းဆုံးတုံ့ပြန်ကစားသွားနိုင်မှာပါ။ အာဆင်နယ်ရဲ့ ခြေစွမ်းကောင်းနေတယ်ဆိုပေမယ့် ကပ်ပြီးသာနိုင်ခြေရှိပါတယ်။

## စတုတ် VS မန်ယူ

နော့ဝှစ်ချ်ကို ရှုံးနိမ့်ခဲ့ရတဲ့အတွက် နိုင်ပွဲပြန်လည်းရယူနိုင်ရေး မန်ယူတို့ အားစိုက်ကစားလာမှာသေချာပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ မန်ယူရဲ့ ကစားပုံက အားနည်းမှုတွေများနေတာကြောင့် စတုတ်ကို ဖိအားပေးနိုင်ဖို့ ရုန်းကန်ရမှာပါ။ စတုတ်ကလည်း နိုင်ပွဲပြန်လည်ရှာဖွေမယ့်အပြင် အိမ်ကွင်းကစားပုံလည်း မာကျောတာကြောင့် မန်ယူတို့သရေလောက်ပဲ ကစားနိုင်မှာပါ။

## မန်စီးတီး VS ဆန်းဒါးလန်း

ဆန်းဒါးလန်းခြေက တည်ငြိမ်မှုမရှိပါဘူး။ အထူးသဖြင့် ခံစစ်ပိုင်းကစားပုံက အားနည်းတာကြောင့် မန်စီးတီးရဲ့ ဖိအားပေးမှုကို ထိန်းချုပ်နိုင်ဖို့ ခက်ခဲမှာပါ။ မန်စီးတီးကတော့ ချန်ပီယံဆုကို မှန်းနေတဲ့အသင်းဖြစ်သလို ဒီဇင်ဘာပွဲကျပ်ကာလမှာ အတိမ်းအစောင်းမဖြစ်အောင် ဂရုတစိုက်ကစားလာမှာပါ။ မန်စီးတီးရဲ့ကွင်းလည်းဖြစ်လို့ မန်စီးတီးပဲ နိုင်ပွဲရမယ်။

## အက်စ်တွန်ဗီလာ VS ဝက်စ်ဟမ်း

နယူးကာဆယ်ကို သရေကစားနိုင်ခဲ့ပေမယ့် ဗီလာရဲ့ အသင်းလိုက်ကစားပုံအားနဲ့ ထိုးစစ်ပိုင်းက အားနည်းမှုတွေ အတော်လေးများနေပါတယ်။ ဝက်စ်ဟမ်းကတော့ လက်ရှိအချိန်မှာ ခြေစွမ်းမငြိမ်ဘူးဆိုပေမယ့် အသင်းလိုက်ကစားအားမှာ ဗီလာထက်ပိုမိုကောင်းမွန်မှုရှိပါတယ်။ ဗီလာတို့ အိမ်ကွင်းမှာ အားစိုက်လာမှာဖြစ်ပေမယ့် ဝက်စ်ဟမ်းပဲ ကပ်နိုင်မယ်။

## အန်ဆယ်လော့တီသည် ဘိုင်ယန်မြူးနစ်အား အောင်မြင်စေလိမ့်မည်ဟု ဘိုင်ယန်အမှုဆောင်အရာရှိပြောဆို



ဂျာမနီကလပ် ဘိုင်ယန်မြူးနစ် အသင်းနည်းပြအဖြစ် လာမည့်ဘောလုံးရာသီမှ စတင်တာဝန်ယူမည့် အီတလီလူမျိုးနည်းပြ အန်ဆယ်လော့တီသည် ဘိုင်ယန်အား အောင်မြင်မှုများ ရရှိစေရန် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ဘိုင်ယန်အသင်း အမှုဆောင်အရာရှိ ကားလ်ဟိန်းရူမင်နစ်ဂျ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

ယခုနှစ်ဘောလုံးရာသီပြီးဆုံးချိန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် နည်းပြ ဂွာဒီယိုလာသည် ဘိုင်ယန်နှင့် စာချုပ်သက်တမ်း ထပ်မံတိုးမြှင့်ခြင်းမပြုတော့ဘဲ အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းက ပြီးခဲ့သည့်တနင်္ဂနွေနေ့တွင် သတင်းထုတ်ပြန်ကြေညာခဲ့ပြီးနောက် နည်းပြ အန်ဆယ်လော့တီအား အသင်းနည်းပြသစ်အဖြစ် ခန့်အပ်မည်ဖြစ်ကြောင်းကိုလည်း အတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။ အသက် ၅၆ နှစ်အရွယ်ရှိ နည်းပြ အန်ဆယ်လော့တီသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် သုံးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အန်ဆယ်လော့တီသည် ပြီးခဲ့သည့် မေလအတွင်းတွင် ရီးရဲမက်ဒရစ်အသင်း နည်းပြရာထူးမှ ထုတ်ပယ်ခံရပြီးနောက် အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။ “အန်ဆယ်လော့တီဟာ သူတာဝန်ယူခဲ့တဲ့အသင်းတိုင်းမှာ အောင်မြင်မှုရရှိခဲ့သူပါ။ သူဟာ ဂျူဗင်တပ်စ်၊ အေစီမီလန်၊ ချယ်လ်ဆီး၊ ပီအက်စ်ဂျီနဲ့ ရီးရဲမက်ဒရစ်အသင်းတွေကို တာဝန်ယူစဉ်မှာ အောင်မြင်ခဲ့သူဖြစ် ပါတယ်။ အန်ဆယ်လော့တီက နည်းပြတစ်ဦးအနေနဲ့ ချန်ပီယံလိဂ် ချန်ပီယံဆုကို သုံးကြိမ်ရရှိထားပြီး ဒါက စံချိန်တစ်ရပ် အဖြစ် ရှိနေပါတယ်။ ဒါဟာ သူ့ရဲ့ စွမ်းရည်ပါပဲ။ အန်ဆယ်လော့တီဟာ တည်ငြိမ်သူဖြစ်သလို ကစားသမားတွေနဲ့ ပြောဆိုဆက်ဆံရာမှာလည်း အဆင်ပြေသူဖြစ်ပါတယ်”ဟု ရူမင်နစ်ဂျ်က ပြောသွားသည်။

အန်ဆယ်လော့တီသည် ၁၉၉၂ ခုနှစ်တွင် ချန်ပီယံလိဂ်ဟု အမည်ပြောင်းလဲကျင်းပခဲ့ပြီးနောက် ချန်ပီယံဆုဖလား သုံးကြိမ်ရရှိထားသည့် တစ်ဦးတည်းသော နည်းပြအဖြစ် စံချိန်တင်ထားသူဖြစ်သည်။

ရူမင်နစ်ဂျ်က ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့်လမ်းခွဲတော့မည့် နည်းပြ ဂွာဒီယိုလာနှင့် ပတ်သက်၍ “ဂွာဒီယိုလာဟာ ငယ်ရွယ်သေးတဲ့ နည်းပြတစ်ဦးဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ မေ့ထားလို့မရပါဘူး။ ဘိုင်ယန်မြူးနစ်အသင်းနည်းပြတာဝန်ဟာ သူ့ရဲ့ နည်းပြသက်တမ်းအတွင်း ဒုတိယမြောက်ထမ်းဆောင်တဲ့ တာဝန်သာဖြစ်ပါတယ်။ သူက အတွေ့အကြုံသစ်တွေ ရှာဖွေဖို့ ဆန္ဒရှိနေပါတယ်။ ဘာစီလိုနာအသင်းကနေ ထွက်ခွာလာတာလည်း ဒါကြောင့်ပါပဲ။ ဘိုင်ယန်မြူးနစ်ကစားသမားတွေနဲ့ နည်းပြဂွာဒီယိုလာတို့ဟာ အခုနှစ် ဘောလုံးရာသီကုန်ဆုံးချိန်မှာ အောင်မြင်မှုတွေရရှိအောင် အစွမ်းကုန်ကြိုးစားသွားလိမ့်မယ်လို့ ယုံကြည်ထားပါတယ်”ဟု ပြောသွားသည်။

## မန်ယူမန်နေဂျာ ဗန်ဟားလ်အား ရာထူးမှ ထုတ်ပယ်သင့်သည်ဟု စစ်တမ်းတစ်ခု၌ မဲပေးမှုများပြားခဲ့



Goal.com မှ စစ်တမ်းကောက်ယူမှုတစ်ခုအရ မဲပေးသူအများစုသည် မန်ယူအသင်းမန်နေဂျာရာထူးမှ လူးဝစ်ဗန်ဟားလ်ကို ထုတ်ပယ်သင့်သည်ဟု မဲပေးခဲ့ကြကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။ ပြီးခဲ့သည့် ဒီဇင်ဘာ ၁၉ ရက်တွင် မန်ယူအသင်းက အိမ်ကွင်း၌ နော့ဝှစ်ချ်အသင်းကို ၂-၁ ဖြင့် အရေးနိမ့်ခဲ့သော ပရီမီယာလိဂ်ပွဲစဉ်အပြီးတွင် မန်နေဂျာ ဗန်ဟားလ်ကို ရာထူးမှထုတ်ပယ်ရန် သင့်မသင့် စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။ အဆိုပါစစ်တမ်းအရ မဲပေးသူ၏ ၈၆ ရာခိုင်နှုန်းက မန်နေဂျာဗန်ဟားလ်ကို ရာထူးမှထုတ်ပယ်သင့်ကြောင်း မဲပေးခဲ့ကြသည်။

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲအရပ်ရပ်၌ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သော ခြောက်ပွဲ၌ နိုင်ပွဲရရှိခဲ့ခြင်းမရှိပေ။ ထိုကဲ့သို့ ခြောက်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းသည် ပြီးခဲ့သည့် ၁၉၉၈-၉၉ ခုနှစ်ရာသီနောက်ပိုင်းတွင် မန်ယူအသင်း၏ နိုင်ပွဲပျောက်ဆုံးမှု အရှည်ကြာဆုံးဖြစ်သည်။ မန်ယူအသင်းသည် ၁၉၉၈-၉၉ ခုနှစ် ဘောလုံးရာသီတွင် ငါးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့သော်လည်း အဆိုပါရာသီတွင် ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်နှင့် အက်ဖ်အေဖလားပြိုင်ပွဲများတွင် ချန်ပီယံဆုများ ရယူနိုင်ခဲ့သည်။ သို့သော်လည်း ယခုနှစ်ရာသီတွင်မူ မန်ယူအသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့် ၅ နေရာတွင်သာ ရပ်တည်လျက်ရှိသည်။

မန်ချက်စတာတွင် အခြေချနေထိုင်သူများထံမှ ကောက်ယူခဲ့သည့် စစ်တမ်းတစ်ခုတွင်လည်း မဲပေးသူ၏ ၈၂ ရာခိုင်နှုန်းသည် မန်ယူအသင်းအား မန်နေဂျာ လူးဝစ်ဗန်ဟားလ် ဆက်လက်တာဝန်ယူခြင်းကို ကန့်ကွက်ကြောင်း မဲပေးခဲ့ကြသည်။ အခြားသတင်းများအရ မန်ယူအသင်းသည် လာမည့် ဒီဇင်ဘာ ၂၆ ရက်တွင် စတုတ်အသင်းနှင့် အဝေးကွင်းတွင်ကစားရမည့် ပရီမီယာလိဂ်ပွဲစဉ်၌ ရှုံးပွဲကြုံတွေ့ခဲ့ပါက အသင်းတာဝန်ရှိသူများသည် မန်နေဂျာ ဗန်ဟားလ်အား ရာထူးမှထုတ်ပယ်ဖွယ်ရှိသည်ဟု ရေးသားဖော်ပြထားကြသည်။

မန်ယူအသင်းအနေဖြင့် မန်နေဂျာ ဗန်ဟားလ်ကို ရာထူးမှထုတ်ပယ်ဖြစ်ခဲ့ပါက ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ချယ်လ်ဆီးမန်နေဂျာရာထူးမှ ထုတ်ပယ်ခံခဲ့ရသူ မော်ရင်ညိုသည် မန်ယူအသင်းမန်နေဂျာ ရာထူးနေရာအတွက် ရေပန်းအစားဆုံးဖြစ်နေသည်ဟုဆိုသည်။ မန်ယူအသင်းတာဝန်ရှိသူများသည် နော့ဝှစ်ချ်အား ရှုံးနိမ့်ခဲ့သည့် ပွဲမတိုင်မီကတည်းက မန်နေဂျာရာထူးအတွက် မော်ရင်ညိုကို ဆက်သွယ်မှုများပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

**ထက်အောင်**



# ၂၀၁၅ ခုနှစ် BBC Sports Personality of the Year ဆုကို အင်ဒီမာရေးရရှိ

ဘီဘီစီမှ ပေးအပ်ချီးမြှင့်သည့် ၂၀၁၅ ခုနှစ်အတွက် BBC Sports Personality of the Year ဆုကို ဗြိတိန်တင်းနစ်သမား အင်ဒီမာရေးက ဆွတ်ခူးရရှိသွားသည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားကို ပြီးခဲ့သည့် ဒီဇင်ဘာ ၂၀ ရက်က မြောက်အိုင်ယာလန်နိုင်ငံ ဘဲလ်ဖက်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

ကမ္ဘာ့အဆင့် (၂)တင်းနစ်သမား အင်ဒီမာရေးသည် အဆိုပါဆုအား အင်္ဂလန်နိုင်ငံသား ရက်ဘီကစားသမား ကီဗင်ဆိုင်းဖီးလ်နှင့် ပြေးခုန်ပစ်အားကစားမယ် ဂျက်ဆီကာအင်းနစ်တို့ကို ကျော်ဖြတ်ကာ ရရှိခဲ့ခြင်းဖြစ်သည်။ ကီဗင်ဆိုင်းဖီးလ်က ဒုတိယဆုကိုလည်းကောင်း၊ ဂျက်ဆီကာအင်းနစ်က တတိယဆုကိုလည်းကောင်း ရရှိသွားခဲ့သည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၂၈ ရက်တွင် ဝလာဒီမာကလစ်ရှ်ကိုအား အနိုင်ယူကာ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံသစ်ဖြစ်လာခဲ့သူ တိုင်ဆန်ဖူရီသည် စတုတ္ထနေရာ၌လည်းကောင်း၊ နာမည်ကျော်ဖော်မြူလာဝမ်းကားမောင်းသမား လူးဝစ်ဟာမီလ်တန်သည် ပဉ္စမနေရာ၌လည်းကောင်း အသီးသီး ရပ်တည်ခဲ့သည်။

အသက် ၂၈ နှစ်အရွယ်ရှိ အင်ဒီမာရေးသည် ၂၀၁၃ ခုနှစ် BBC Sports Personality of the Year ဆုကိုလည်း ရရှိခဲ့ဖူးကာ ယခုနှစ်တွင်လည်း ထပ်မံရရှိခဲ့ခြင်းကြောင့် ဗြိတိသျှ ဖော်မြူလာဝမ်းကားမောင်းသမားဟောင်းများဖြစ်သော ဒါမွန်ဟေးလ်နှင့် နီဂျယ်လ်မန်ဆဲလ်၊ အင်္ဂလန်နိုင်ငံသား ဟဲဗီးဝိတ် လက်ဝှေ့သမားဟောင်း ဟင်နရီကိုးပါတို့ပြီးနောက် BBC Sports Personality of the Year ဆုကို နှစ်ကြိမ်ဆွတ်ခူးနိုင်သည့် စတုတ္ထမြောက် အားကစားသမားဖြစ်လာခဲ့သည်။

၂၀၁၅ ခုနှစ် Davis Cup တင်းနစ်ပြိုင်ပွဲ၏ ဗိုလ်လုပွဲတွင် ဘယ်လ်ဂျီယံအသင်းကို အနိုင်ရဗိုလ်စွဲခဲ့သည့် ဂရိတ်ဗြိတိန်တင်းနစ်အသင်းသည် ၂၀၁၅ ခု နှစ်အတွက် တစ်နှစ်တာအကောင်းဆုံးအသင်းအဖြစ် ရွေးချယ်ခံခဲ့ရသည်။ Davis Cup ချန်ပီယံဖြစ်ခဲ့သည့် ဂရိတ်ဗြိတိန်တင်းနစ်အသင်းတွင် အင်ဒီမာရေး ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

မြောက်အိုင်ယာလန်လက်ရွေးစင်အသင်းကို လာမည့်ယူရို ၂၀၁၆ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိစေရေးအတွက် ခြေစစ်ပွဲအောင်မြင်အောင် ဦးဆောင်ပေးနိုင်ခဲ့သူ မြောက်အိုင်ယာလန်နိုင်ငံသား နည်းပြ မိုက်ချဲလ်အိုနေးလ် (၄၆နှစ်) သည် ၂၀၁၅ ခုနှစ်အတွက် တစ်နှစ်တာအကောင်းဆုံး နည်းပြဆုကို ရရှိသွားခဲ့သည်။ မြောက်အိုင်ယာလန်အသင်းသည် ယူရိုပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခြင်း ဖြစ်သည်။

# ဂွာဒီယိုလာရဲ့ ဦးတည်ရာကို မှန်းဆကြည့်ခြင်း

အောင်က



ဒီဇင်ဘာ ၂၀ရက်မှာ ဘိုင်ယန်မြူးနစ်အသင်းက လက်ရှိအသင်း နည်းပြဂွာဒီယိုလာဟာ ယခုနှစ်ရာသီကုန်မှ အသင်းကနေ ထွက်ခွာတော့မှာဖြစ်ကြောင်းကို တရားဝင်ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ ဂွာဒီယိုလာဟာ စိန်ခေါ်မှုအသစ်တွေကို ရင်ဆိုင်ဖို့အတွက် ပရီမီယာလိဂ်ကိုပြောင်းရွှေ့ဖို့လည်း ဆန္ဒရှိနေတယ်လို့ သတင်းတွေ ထွက်ပေါ်နေပါတယ်။ ဒါကြောင့် ဂွာဒီယိုလာအနေနဲ့လာမယ့်နွေရာသီမှာ ပြောင်းရွှေ့နိုင်ဖွယ်ရှိတဲ့ အသင်း သုံးသင်းနဲ့ပတ်သက်တဲ့ အချက်အလတ်တွေကို တင်ပြလိုက်ပါတယ်။

## ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းမန်နေဂျာမော်ရင်ညိုဟာ ပြီးခဲ့တဲ့ရာသီက အသင်းအတွက် ပရီမီယာလိဂ်ဆုဖလားနဲ့ ကတ်ပီတယ်ဝမ်းဆုဖလားတို့ကို ရယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒီနှစ်ရာသီအစမှာတော့ မော်ရင်ညိုဟာအသင်းကို ရလဒ်တွေကောင်းမွန်အောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့်လည်း ပရီမီယာလိဂ် ၁၆ပွဲပြီးချိန်မှာတော့ ကိုးပွဲအထိရှုံးနိမ့်ခဲ့ရပြီး မော်ရင်ညိုကိုယ်တိုင် ချယ်လ်ဆီးအသင်းနဲ့ ဒုတိယအကြိမ်လမ်းခွဲခဲ့ရပါတယ်။ ဒါတင်မကပါဘူး။ ချယ်လ်ဆီးအသင်းရဲ့ အဝတ်လဲခန်းမှာတော့ ပြောဆိုစရာတွေကအများကြီးရှိနေခဲ့ပါတယ်။ လက်ရှိအချိန်မှာ ချယ်လ်ဆီးအသင်းဟာ အသင်းရဲ့ တစ်ချိန်က မန်နေဂျာဟောင်းဖြစ်တဲ့ ဟစ်ဒင့်ကို ယာယီမန်နေဂျာအဖြစ် ခန့်အပ်ထားပါတယ်။ ဒါကြောင့်လည်း ချယ်လ်ဆီးအသင်းဟာ လာမယ့်နွေရာသီမှာတော့ မန်နေဂျာသစ်တစ်ဦးမဖြစ်မနေခေါ်ယူရမယ့်အခြေအနေမှာ ရှိနေပါတယ်။ ချယ်လ်ဆီးအသင်းဟာ ပြီးခဲ့တဲ့ရာသီက နိုင်ပွဲတွေအဆက်မပျက်ခဲ့သလို ဂိုးတွေဆက်တိုက်သွင်းယူနိုင်ခဲ့တာကြောင့် ပြိုင်ဘက်အသင်းတိုင်းအတွက်ကတော့ ကြောက်စရာအသင်းတစ်သင်းအဖြစ်ရှိခဲ့ပါတယ်။ ဒါပေမယ့်ဒီရာသီမှာတော့ အသင်းအနေနဲ့ ကစားသမားကြီးကြီးမားမား ပြောင်းလဲမှုမရှိပေမယ့် ကစားသမားတွေရဲ့ခြေစွမ်းပိုင်းကတော့ သိသိသာသာလျော့ကျခဲ့ပါတယ်။ ဒီနှစ်ရာသီမှာတော့ တိုက်စစ်မှူး ဒီယေဂိုကော်စတာ ဂိုးပေါက်တွေ ပျောက်နေခဲ့သလို ဟာဇက်ရဲ့ဖန်တီးမှုတွေလည်း ပျောက်ကွယ်လို့နေခဲ့ပါတယ်။

## ငွေကြေးသုံးစွဲနိုင်မှု

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ဟာ ကမ္ဘာ့အချမ်းသာဆုံးသူဌေးတစ်ဦး ဖြစ်တာကြောင့် ကစားသမားသစ်ခေါ်ယူရေးနဲ့ ငွေကြေးသုံးစွဲနိုင်မှုတွေမှာတော့ ပြဿနာမရှိပါဘူး။ အဓိကတော့ ကစားသမားတွေကိုအကောင်း ကြိုးကိုင်ထိန်းချုပ်နိုင်မယ့် မန်နေဂျာကောင်းတစ်ဦးပဲလိုအပ်တာ ဖြစ်ပါတယ်။

## မန်စီးတီး

မန်စီးတီးအသင်းရဲ့အလုပ်အမှုဆောင်ဆိုရီယာနိုနဲ့ အားကစားဒါရိုက်တာ ဘီဂီရီစတိန်းတို့ဟာ တစ်ချိန်က ဘာစီလိုနာအသင်းမှာ ဂွာဒီယိုလာနဲ့အတူ အလုပ်လုပ်ခဲ့ဖူးပါတယ်။ ဒါကြောင့်လည်း ဂွာဒီယိုလာကိုခေါ်ယူရာမှာတော့ မန်စီးတီးအသင်းဟာ တခြားအသင်းတွေထက်တော့ ထိပ်ဆုံးကနေဦးဆောင်နေတယ်လို့ ပြောရမှာပါ။ လက်ရှိအချိန်မှာတော့ မန်စီးတီးအသင်းဟာ လက်ရှိအသင်းမန်နေဂျာ ပယ်လီဂရီနီကို နွေရာသီမှာထုတ်ပယ်ဖို့ရှိတာကြောင့် ဂွာဒီယိုလာကတော့ အစားထိုးဖို့အကောင်းဆုံးမန်နေဂျာအဖြစ် ရှိနေပါတယ်။ မန်စီးတီးအသင်းဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ်ရဲ့အကောင်းဆုံးအသင်းတစ်သင်းအဖြစ် ရှိနေတယ်ဆိုတာကတော့ သံသယဖြစ်စရာတောင်မလိုပါဘူး။ အသင်းရဲ့ ရှေ့တန်းကိုကြည့်မယ်ဆိုရင်လည်း ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးဖြစ်တဲ့အဂူရိုရှိနေ သလို လူငယ်ပရမီရှင်ကစားသမားဖြစ်တဲ့ စတာလင်းနဲ့ ဒီဘရိုင်းတို့လည်း ရှိနေပါတယ်။ ကွင်းလယ်ကိုကြည့်မယ်ဆိုရင်လည်း ယာယာတိုရေးနဲ့ ဒေးဗစ်ဆေးလ်ဗားတို့ဟာ အသင်းကို အကောင်းဆုံးကူညီပံ့ပိုးပေးနိုင်ပါတယ်။ နောက်တန်းကိုကြည့်မယ်ဆိုရင်လည်း အကောင်းဆုံး နောက်တန်းကစားသမားတွေနဲ့ အင်္ဂလန်ရဲ့ နံပါတ်တစ်ဂိုးသမား ဂျိုးဟတ်တို့ရှိနေပါတယ်။

## ငွေကြေးသုံးစွဲနိုင်မှု

မန်စီးတီးအသင်းပိုင်ရှင်ဟာ ရေနံသန်းကြွယ်သူဌေးတစ်ဦးဖြစ်တာကြောင့် အသင်းကစားသမားခေါ်ယူမှုပိုင်းမှာတော့ စိတ်တိုင်းကျလုပ်ဆောင်နိုင်ခွင့်ရှိတဲ့ အသင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီဆိုရင်လည်း မန်စီးတီးအသင်းဟာ ပရီမီယာလိဂ်ဆုဖလားကို ချယ်လ်ဆီးလက်ထဲထည့်လိုက်ရတာကြောင့် ပေါင်သန်း၁၀၀ကျော်အသုံးပြုပြီး စတာလင်းနဲ့ ဒီဘရိုင်းတို့ကို ခေါ်ယူခဲ့တာကြည့်တာနဲ့သူတို့ရဲ့ ဘဏ္ဍာငွေသုံးစွဲနိုင်မှုတွေကို တွေ့နိုင်ပါတယ်။ ဒါကြောင့် ဂွာဒီယိုလာအနေနဲ့ မန်စီးတီးအသင်းကို ပြောင်းရွှေ့လာခဲ့မယ်ဆိုရင်တော့ သူနှစ်သက်တဲ့ဘယ်ကစားသမားမျိုးကိုမဆို ခေါ်ယူနိုင်ခွင့်ရှိမှာလည်းဖြစ်ပါတယ်။

## မန်ယူ

မန်ယူအသင်းဟာ မန်နေဂျာဗန်ဟားလ် အသင်းကို ရောက်ရှိခဲ့ပြီးတဲ့နောက်ပိုင်း အသင်းကို အားဖြည့်တဲ့အနေနဲ့ ဘဏ္ဍာငွေအမြောက်အမြားအသုံးပြုထားခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဗန်ဟားလ်အနေနဲ့အသင်းမှာစိတ်ကြိုက် သုံးစွဲခွင့်ရရှိထားပေမယ့် လက်ရှိအချိန်အထိတော့ ဆုဖလားတွေနဲ့ ဝေးကွာနေဆဲဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ မန်ယူအသင်းဟာ နောက်ဆုံးသုံးပွဲလုံး ရှုံးနိမ့်ထားတာကြောင့် ဗန်ဟားလ်ရဲ့အနာဂတ်ကလည်း သံသယဖြစ်စရာတွေ ဖြစ်နေပါတယ်။ ဒါကြောင့်လည်း ဗန်ဟားလ်ကို နွေရာသီမှာအသင်းကနေ ထုတ်ပယ်ပြီး ဂွာဒီယိုလာကို ခန့်အပ်ဖို့ရှိနေတယ်ဆိုတဲ့ သတင်းတွေကလည်း မကြားချင်မှအဆုံးကြားနေရပါတယ်။

မန်ယူအသင်းလို့ဆိုလိုက်တာနဲ့ တိုက်စစ်မှူးရွှန်နေးကို မြင်ကြမှာဖြစ်ပါတယ်။ ဒါပေမယ့် ထိပ်တန်းတိုက်စစ်မှူးရွှန်နေးဟာ လက်ရှိအချိန်မှာတော့ ကစားသမားဘဝနေဝင်ချိန်နီးလာတဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ အသင်းမှာ အလားအလာရှိတဲ့ မာတီရယ်နဲ့ ဒီပေးတို့ရဲ့ ကစားနိုင်မှုစွမ်းအားတွေကတော့ စောင့်ကြည့်ချင်စရာဖြစ်ပါတယ်။ လက်ရှိမန်ယူအသင်းရဲ့ စုဖွဲ့မှုအင်အား ကောင်းမွန်မှုရှိနေပေမယ့် ဗန်ဟားလ်ရဲ့ လက်ထဲမှာတော့ ဟန်ချက်ညီမျှမှုမရှိဘူးလို့တော့ ခံစားမိပါတယ်။

## ငွေကြေးသုံးစွဲနိုင်မှု

မန်ယူအသင်းကို ဗန်ဟားလ်ကိုင်တွယ်ခဲ့စဉ်ကတည်းက သုံးစွဲလာခဲ့တဲ့ ငွေကြေးအင်အားကို ကြည့်တာနဲ့ အသင်းရဲ့ ငွေကြေးအင်အားတောင့်တင်းမှုကတော့ မြင်သာထင်သာရှိလှပါတယ်။ ကမ္ဘာ့ရေပန်းအစားဆုံးအသင်း တစ်သင်းအဖြစ်သာမက ကမ္ဘာ့တစ်ဝန်း လူကြိုက်အများဆုံးဖြစ်တဲ့မန်ယူအတွက် ဈေးကွက်ဟာ ကျယ်ပြန့်လှတာကြောင့် အသင်းအတွက်တော့ ခေါ်ယူချင်တဲ့ ဘယ်ကစားသမားမျိုးမဆို အခက်အခဲမရှိ ခေါ်ယူနိုင်စွမ်းရှိပါတယ်။ ■